Future Publishing House

# မျိုးဆက်သစ်အတွက် ပိဋကတ်မိတ်ဆက်

အောင်သင်း

# FUTURE

## Publishing House

No.52(A),Ground Floor, 12th Street
Lanmadaw Twonship, Yangon.
Ph:(01) 224431

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော
တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

ပိဋကတ်ဆိုတာဟာ
လောကုတ္တရာ
(နိဗ္ဗာန်ရောက်ရေး)
သက်သက်မဟုတ်ဘူး။
လောကီလူငယ်တွေ
ကြီးပွားရေးအတွက်လည်း
လမ်းညွှန်မှုတွေ
ပါဝင်နေကြောင်း
သိကြစေချင်လို့ပါပဲ။

**မျိုးဆက်သစ်အတွက်**
**ပိဋကတ်မိတ်ဆက်**

# FUTURE

## Publishing House

၏

စာအုပ်ကောင်းများ

၁။ စာစီစာကုံးများနှင့် တွေးနည်းရေးနည်း — အောင်သင်း
၂။ မြို့တော်သုံး စီးပွားရေးအင်္ဂလိပ်စာ — ဟိန်းလတ်
၃။ အမေရိကန်သုံး အင်္ဂလိပ်စကားပြော — ဟိန်းလတ်
၄။ အကောင်းဆုံး အင်္ဂလိပ်အက်ဆေးငါးဆယ် — ဟိန်းလတ်
၅။ မိမိအပေါ် မိမိ သစ္စာရှိခြင်း — တက်တိုး
၆။ တွေးတဲ့ကျူပင် — တက်တိုး
၇။ အင်္ဂလိပ်အတွေး အင်္ဂလိပ်အရေး — ဟိန်းလတ်
၈။ ကုမ္ပဏီအတွင်းရေးမှူးများအတွက် အင်္ဂလိပ်စာ — ညွန့်ဝေမိုး
၉။ အင်္ဂလိပ်လို လွယ်လွယ်ပြောစို့ — ဟိန်းလတ်
၁၀။ ရှေးဘ၀နောက်ဘ၀ ဗုဒ္ဓ မဝေဖန် — ဝင်းသိန်းဦး
၁၁။ မျိုးဆက်သစ်အတွက် ပိဋကတ်မိတ်ဆက် — အောင်သင်း
၁၂။ မျိုးဆက်သစ်အတွက် ဂန္ထဝင်မိတ်ဆက် — အောင်သင်း
၁၃။ ကျွန်ုပ်တို့ အမှန်တကယ် ယဉ်ကျေးကြပြီလော — ဝင်းသိန်းဦး
၁၄။ မင်္ဂလာရှိသောမန်နေဂျာ — ဝင်းသိန်းဦး

# မျိုးဆက်သစ်အတွက်
# ပိဋကတ်မိတ်ဆက်

## အောင်သင်း

**FUTURE**

**Publishing House**

No.52(A),Ground Floor, 12th Street
Lanmadaw Twonship, Yangon.
Ph:(01) 224431

**မာမူ ခွင့်ပြုချက် အမှတ်**

၅၀/၂၀၀၂ (၁)

**မျက်နှာဖုံး ခွင့်ပြုချက် အမှတ်**

[illegible]/၂၀၀၂ (၂)

**ပုံနှိပ်ခြင်း**

၂၀၀၂ - ခုနှစ် [illegible]လ၊
ပထမအကြိမ်၊ အုပ်ရေ - ၁၀၀၀။

**မျက်နှာဖုံးသရုပ်ဖော်**

ဘဌေးကြည်

**တန်ဖိုး**

၂၅၀ - ကျပ်

**မျက်နှာဖုံးပုံနှိပ်သူ**

ဦးထွန်းထွန်း(၀၂၇၂၆)၊ အောင်မြင့်ထွန်း ပုံနှိပ်တိုက်၊
အမှတ်(၂၂၄)၊ လမ်း-၄၀၊ ရန်ကုန်။

**အတွင်းပုံနှိပ်သူ**

ဦးရှိန်ဘ်း(၀၆၇၅၉) ဝင်းလိုက်မိတ် ပုံနှိပ်တိုက်၊
အမှတ်(၃၅၂)၊ စရည်းပင်လမ်း၊ သုဝဏ္ဏ၊
သင်္ဃန်းကျွန်းမြို့နယ်။

**ထုတ်ဝေသူ**

ဦးထွန်းထွန်းဦး (နှင်းဦးလွင်စာပေ၊ မြဲ-၅၀၃)
အမှတ်-၅၃၃၊ အေ-(၈)ရပ်ကွက်၊ ပြည်လမ်း၊ ရန်ကုန်မြို့။

**ဖြန့်ချိသူ**

ဝင်းသိန်းဦး

တစ်ခုပြောချင်တာက
ငါ့စာတွေကို စောင့်ဖတ်နေကြတဲ့
လူငယ် စာဖတ်ပရိသတ်
အားလုံးဟာ
ဗုဒ္ဓဘာသာဝင်တွေချည်း မဟုတ်နိုင်ဘူး
ဆိုတာ ငါအသိသားပေါ့။
သည်တော့ ဗုဒ္ဓဘာသာဝင်မဟုတ်သူတွေကလည်း
ဗုဒ္ဓဘာသာဆိုတာကို
မေ့ထားလိုက်ပြီး
တင်ပြလိုက်တဲ့ အတွေးအမြင်ကိုသာလျှင်
'ကိုယ်တွက်ကျန်အောင်'
ယူတတ်ဖို့
အရေးကြီးတာပါပဲ။

(အောင်သင်း)

# ကျေးဇူးစကား

'မျိုးဆက်သစ်အတွက် ပိဋကတ်မိတ်ဆက်' စာအုပ်ကို စီစဉ်ဖြန့်ချိနိုင်ရန် စာမူချီးမြှင့်ခဲ့သော ဆရာဦးအောင်သင်း၊ စာမူများ စုစည်းရာတွင် အကူအညီပေးခဲ့သော မိတ်ဆွေကြီး ဆရာကံထွန်းသစ် (တာဝန်ခံ အယ်ဒီတာ-မြတ်သတိဝါဒီ သဒ္ဓမ္မမဂ္ဂဇင်း)နှင့် ဤစာအုပ် ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြသည့် Future Publishing House မှ လုပ်ဖော်ကိုင်ဘက်များ အားလုံးကို ကျေးဇူးအထူးတင်ရှိကြောင်း မှတ်တမ်းပြုအပ်ပါသည်။ ။

စီစဉ်သူ

# မာတိကာ


၁။ မိတ်ဆက် ၁၀
၂။ ကာလာမသုတ် ၂၂
၃။ ဝဿကာရသုတ် ၃၅
၄။ ကျောင်းသားအတွက် ဒေသနာ ၄၇
၅။ တရားရတနာ ၆၂
၆။ အပေါင်းအသင်းနှင့် ဝီရိယ ၇၄
၇။ သုဝီရသုတ် (ဝီရိယ) ၈၀
၈။ စကားဆိုမှု ၈၆
၉။ ဗောဓိရာဇကုမာရသုတ် (၁) ၁၀၀
၁၀။ ဗောဓိရာဇကုမာရသုတ် (၂) ၁၀၅
၁၁။ ဗောဓိရာဇကုမာရသုတ် (၃) ၁၁၀
၁၂။ ဗောဓိရာဇကုမာရသုတ် (၄) ၁၁၅
၁၃။ ဗောဓိရာဇကုမာရသုတ် (၅) ၁၂၀
၁၄။ တစ်လံမျှသောကိုယ် ၁၂၆
၁၅။ ပဓာနသုတ် ၁၃၁
၁၆။ ဒေဝဒူတသုတ် ၁၃၆
၁၇။ ခေါင်းဆောင်ကောင်းဆိုတာ (ဂဝေသီသုတ်) ၁၄၁

# မိတ်ဆက်

စာရေးဆရာ တစ်ယောက်ဟာ အခါခပ်သိမ်း ကိုယ်ရေးချင်တာ ရေးရတာမဟုတ်ပါဘူး။ စာမူ တောင်းလှာတဲ့မဂ္ဂဇင်း၊ စာစောင်တို့ရဲ့ မူဝါဒနဲ့ စာစောင် ပရိသတ်ကို လှမ်းကြည့်ပြီး ရေးကြရတာဟာ သဘာဝ ပါပဲ။ ဒီတစ်ခါတော့ဖြင့် ကိုယ်ရေးချင်လွန်းလို့ လက်ယားနေတဲ့၊ ကိုယ့်စိတ်ကို လွှမ်းမိုးနေတဲ့ အတွေး တွေကို ရေးချလိုက်ပါတယ်။

ပိဋကတ်အကြောင်းကို မသွားမိ ဘာကြောင့် ဒီစာကိုရေးရသလဲ - သာသနာပြုချင်လို့လား၊ လူငယ် တွေကို ဘာသာရေးအသိတရား ဝင်လာအောင်လား စသည်ဖြင့် မေးခွန်းတွေ ထွက်လာစရာ အကြောင်းရှိ ပါတယ်။ အဲဒီလို ဘာသာရေးဦးတည်ချက်နဲ့ ရေးတာ လုံးဝမဟုတ်ပါဘူး။ ရှင်းပြပါမယ်။

## ဘာသာရေးရဲ့ဩဇာ

မြန်မာပြည်မှာ ဗုဒ္ဓဘာသာ လွှမ်းမိုးလာခဲ့တာ နှစ်ပေါင်းတစ်ထောင်နီးပါး ရှိလာခဲ့ပါပြီ။ ယဉ်ကျေးမှု ဟူသမျှမှာ ဘာသာရေးယဉ်ကျေးမှုဟာ ခွန်အား အကြီးဆုံး မဟုတ်လား၊ တခြားယဉ်ကျေးမှုတွေဟာ ဘာသာရေးကို အမှီပြုပြီး ဖွံ့ဖြိုးလာရ စမြဲပါပဲ။ ဘာသာ ကိုးကွယ်မှု သဒ္ဓါစိတ်ကြောင့် ပန်းချီ၊ ပန်းပု၊ ဗိသုကာ၊ ကဗျာ၊ ဂီတ၊ စာပေစတဲ့ ယဉ်ကျေးမှုတွေ၊ လူမှုဆက်ဆံ ရေး ယဉ်ကျေးမှုတွေ တခဲနက် တိုးတက်ဖွံ့ဖြိုးလာခဲ့ ရတယ်။ ဘာသာရေးကြောင့် လူတွေစိတ်ဓာတ် ယဉ်ကျေးလာတယ်၊ လူသားအချင်းချင်း စောင့်ရှောက် လာကြတယ်။ အဲဒီလို ယဉ်ကျေးလာသလို ဘာသာ ရေးနဲ့ ပတ်သက်ပြီး ဖြစ်လိုက်တဲ့ စစ်ပွဲကြီးတွေမှာ ဆိုရင် ကြောက်ခမန်းလိလိ ရက်စက်ကြမ်းကြုတ်လှတာ ကိုလည်း သမိုင်းကိုကြည့်လိုက်ရင် တွေ့နိုင်တယ်။ ဒီကနေ့ထိအောင်လည်း ဘာသာရေးစစ်ပွဲတွေမှာ ရက်ရက်စက်စက် သတ်ဖြတ်နေကြတာကို တွေ့နေရ တာပဲ။ အတိုချုပ်ပြောရရင်တော့ ဘာသာရေး ယဉ်ကျေးမှုဟာ လူတွေကို အလွှမ်းမိုးဆုံးဆိုတာကို သတိရနေကြဖို့ပါပဲ။

ဒီလိုဆိုတော့ မြန်မာပြည်မှာ နှစ်ပေါင်း

တစ်ထောင်နီးပါး အခြေတည်လာခဲ့တဲ့ ဗုဒ္ဓဘာသာဟာလည်း မြန်မာတို့ကို လွှမ်းမိုးလာတော့မှာပေါ့။ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့ကိုသာ မဟုတ်ပါဘူး၊ မြန်မာပြည်မှာ ပေါက်ဖွားနေထိုင်တဲ့ တခြားဘာသာဝင်တွေ၊ တခြားလူမျိုးတွေအပေါ်ပါ လွှမ်းမိုးလာတာကို တွေ့နိုင်တယ်။

ဒီလောက်တောင် လွှမ်းမိုးသြဇာပြုနေတဲ့ ဘာသာတရားကြီးအကြောင်းကို တတ်နိုင်သမျှ သေသေချာချာ လေ့လာမကြည့်ကြသင့်ပေဘူးလား။ နိဗ္ဗာန်တွေ၊ သံသရာတွေ၊ တမလွန်တွေကို ဘေးဖယ်ထားလိုက်ဦး။ သဘောတရားသက်သက်ကို စဉ်းစားမကြည့်သင့်ပေဘူးလား။

## ကွယ်သုံးကွယ်

တို့တစ်တွေဟာ ဗုဒ္ဓဘာသာဝင် ဖြစ်နေတာတော့မှန်ပါရဲ့၊ ဒါပေမယ့် မိရိုးဖလာဗုဒ္ဓဘာသာဝင်တွေသာဖြစ်နေတယ်။ ဘုရားသွား ကျောင်းတက်မလုပ်ဘူးလားဆိုတော့လည်း လုပ်သားပါပဲ။ ဒါပေမယ့် 'ကွယ်သုံးကွယ်' မိနေခဲ့ကြတယ်။ 'ကွယ်သုံးကွယ်' ဆိုတာက-

ဘုရားကို စေတီကွယ်တယ်တဲ့၊

တရားကို ပိဋကတ်ကွယ်တယ်တဲ့၊
သံဃာကို ဘုန်းကြီးကွယ်တယ်တဲ့။

ရှေးဆရာတော်ကြီးများ မိန့်ကြားခဲ့တဲ့ စကားတွေပါပဲ။ အလွန်ကိုလေးနက်တာမို့ သေသေချာချာ စဉ်းစားဖို့ကောင်းပါတယ်။

တို့တစ်တွေ ဘုရားကို မသွားကြဘူးလား၊ သွားကြတာပါပဲ။ ရွှေတိဂုံကို မဖူးကြဘူးလား။ ဖူးကြတာပါပဲ။ တို့တစ်တွေက ဘုရားရှင်ရဲ့ ဂုဏ်တော်၊ ကျေးဇူးတော်ကို ရည်မှန်းမိသလား၊ ပြန်ပြီး စဉ်းစားကြည့်ပါလား။ ရွှေရောင်တဝင်းဝင်း ဖြစ်နေတဲ့ စေတီတော်ကြီးကိုသာ အာရုံပြုနေတာပဲ။ ဘုရားဆီကို ရောက်မသွားတော့ဘူး။ တို့များငယ်ငယ်ကတော့ ဘုရားပေါ် တက်လိုက်တယ်ဆိုရင် ကောင်မလေးတွေကိုသာ လိုက်ကြည့်နေတော့တာ။ ဒီတော့ ဘုရားကို စေတီကွယ်တာ မကတော့ဘဲ ကောင်မလေးတွေပါ ကွယ်သွားတယ်လို့ ဆိုရမယ်ထင်တယ်။ ပဓာနထားပြီး ပြောချင်တာကတော့ တို့တတွေဟာ လုပ်နေရင်း ကိုင်နေရင်းကကိုပဲ ကိုယ်ဘာလုပ်နေတယ်၊ ဘာကြောင့် လုပ်နေတယ်ဆိုတာ မျက်ခြည်ပြတ်လာတတ်တဲ့ သဘောကို ရှေးဆရာတော်ကြီးများက ထောက်ပြလိုက်တာလို့ပဲ ဆိုရမှာပေါ့။

တရားကို ပိဋကတ်ကွယ်တယ် ဆိုတာကတော့ ဘုရားဟောဒေသနာ ပိဋကတ်တွေကို ကျက်မှတ်ရွတ်အံနေပြီး ပိဋကတ်နှံ့စပ်တာလောက်နဲ့ ကျေနပ်နှစ်သိမ့်နေလို့ တရားတော်အတိုင်း မဂ်ပေါက် ဖိုလ်ပေါက်ဖြစ်အောင် အားထုတ်ဖို့ မေ့နေတာမျိုးကို ပြောတာပါ။ အကျွရာများပေါ်မှာ ပျော်မွေ့မိန်းမူးနေတာမျိုးလို့ပဲ ဆိုကြပါစို့။

သံဃာကို ဘုန်းကြီးကွယ်တယ် ဆိုတာကတော့-သံဃာဆိုတာဟာ ဘုရားတပည့် သားတော်များ၊ ဘုရားရှင်ရဲ့ အဆုံးအမကို လိုက်နာပြီး တရားအားထုတ်ခြင်း၊ တရားပြုခြင်းစတဲ့ လုပ်ငန်းဆောင်တာတွေကိုလုပ်နေတဲ့ ရဟန်းတော်အားလုံးကို ခြုံပြီးပြောတာ။ သို့သော်လည်း ကိုယ့်ဘုန်းကြီး၊ သူ့ဘုန်းကြီးဆိုတာမျိုးတွေ ဘယ်ဘုန်းကြီးက အဆောင်ပေးလိုက်တယ်။ ဘယ်ဘုန်းကြီးကဖြင့် ချဲနံပါတ်အပေး ကောင်းတယ်ဆိုတာမျိုးတွေ ဖြစ်လာတတ်တာကို အားလုံးသိကြတဲ့အတိုင်းပါပဲ။ ဗေဒင် အဟောကောင်းတဲ့ဘုန်းကြီး၊ ယတြာ အပေးကောင်းတဲ့ ဘုန်းကြီး စသည်အားဖြင့် မူလသဘောကြီး ပျောက်သွားတတ်တာကို ပြောတာပါ။

ငါတို့လို လူကြီးပိုင်းမှာတောင် ဒါမျိုးတွေ

ဖြစ်တတ်လေတော့ လူငယ်တွေ ပိဋကတ်ကို မျက်ခြည်ပြတ်တာ ဘာမှအံ့ဩစရာ မရှိတော့ဘူးပေါ့။ ဒါကြောင့် မျိုးဆက်သစ် လူငယ်တွေကို ပိဋကတ်နဲ့ မိတ်ဆက်ပေးချင်လို့ ဒီစာကိုရေးတာပါ။ ဒါဖြင့် ခင်ဗျားက ပိဋကတ်ကို ဘယ်လောက်တတ်လို့လဲလို့ မေးစရာရှိလာပြန်ပါတယ်။ ပါဠိတော့ မတတ်ပါဘူး။ မြန်မာစာကိုတော့ ကောင်းကောင်း ဖတ်နိုင်ပါတယ်။ မြန်မာစာတတ်ရင်လည်း ပိဋကတ်ကို ဖတ်နိုင်တာပါဘဲ။ ပိဋကတ်မြန်မာပြန်တွေ ရှိနေသားမဟုတ်လား။ အဲဒါတွေကို ဖတ်နေရင်း ဒီစာတွေကိုရေးချင်စိတ် ပေါက်လာတာပါပဲ။

## ဗုဒ္ဓဘာသာ၏ ဝိသေသလက္ခဏာ

ဗုဒ္ဓဘာသာမှာ တခြားဘာသာကြီးတွေနဲ့ မတူတဲ့အချက်တွေ အများကြီးရှိတယ်။ ထင်ရှားတဲ့အချက် နဲနဲလောက်ကို ပြောပြလိုက်ချင်ပါတယ်။ ဘုရားကို ကြည်ကြည်ညိုညို ယုံကြည်ကိုးကွယ် ရှိခိုးနေရုံနဲ့ နိဗ္ဗာန်ကို မရနိုင်ဘူး။ ဘုရားက သူ့ကို (အားကိုး) ကိုးကွယ်ရင် နိဗ္ဗာန်ကိုရောက်အောင် ပို့ပေးမယ်လို့ တာဝန်မယူဘူး။ (အတ္တာဟိ အတ္တနော နာထော = မိမိကိုယ်သာ ကိုးကွယ်ရာပဲ)။ မိမိပြုမှားတဲ့အပြစ်

(အကုသိုလ်) ကို ကုစားပေးမယ်လို့ တာဝန်မခံဘူး။ ကိုယ်ပြုရင် ကိုယ်ခံပဲ။ သူတာဝန်ယူတာက လမ်းကြောင်းမှန်ကို ပြမယ်။ ဒါပဲ။ အဲဒီအချက်တွေမှာ တခြားဘာသာတွေနဲ့ သိပ်ကွာခြားတယ်။ ဒါကြောင့် ဘာသာတရား လိုက်စားလေ့လာတဲ့ ပညာရှင်အချို့က "Buddhism is not a religion" လို့ ပြောကြတာ ဖြစ်ပါတယ်။

နောက်တစ်ခုက ပိဋကတ်တော်ကို သေချာ ဖတ်ကြည့် လိုက်ရင် ဘာသာရေး ကုသိုလ်ရမှု သက်သက်ချည်း မဟုတ်ဘဲ ကျိုးကြောင်းဆင်ခြင်မှုတွေ၊ လူတစ်ယောက်အတွက် လောကီကြီးပွားရာ ကြီးပွားကြောင်း လမ်းညွှန်တရားတွေ၊ လူ့သဘော လူ့သဘာဝတွေ မှတ်သားဆည်းပူးလို့ မကုန်နိုင်အောင် ပါပဲ။

မျိုးဆက်သစ် လူငယ်တွေအတွက် ရည်သန်ပြီးရေးတာ ဖြစ်လေတော့ လောကုတ္တရာ နိဗ္ဗာန် ရောက်ကြောင်းထိအောင် မရည်ရွယ်ပါဘူး။ လူငယ်တွေအတွက် တန်ဖိုးရှိမယ့်၊ သိသင့်သိထိုက်တဲ့ အကြောင်းအရာတွေကိုသာ ပမာနထားပြီး ရေးမှာပေါ့။

လူငယ်တွေနဲ့ သင့်လျော်တဲ့ အကြောင်းအရာတွေကိုတော့ တင်ပြပါရဲ့၊ ပိဋကတ် မြန်မာပြန်

ကြီးအတိုင်းဆိုရင်လည်း ဘာထူးမှာလဲ၊ စိတ်ဝင်စားစရာလည်း မကောင်းနိုင်တော့ဘူး။ ဒါကြောင့် သက်ဆိုင်ရာ 'သုတ်' ဒေသနာရဲ့ အရသာကို သုံးသပ်ချက်နဲ့ အတူ တင်ပြမှာပါ။

ကောင်းပြီ-ဒါဖြင့်ရင် အောင်သင်းရဲ့ သုံးသပ်ချက်က ဘယ်လောက်များ မှန်ကန်နိုင်မှာလဲ၊ ဘယ်လောက်များ ကောင်းနိုင်မှာလဲလို့ မေးစရာရှိလာပြန်တယ်။ ဒါတော့ဖြင့် စာဖတ်သူ ကလည်း ဉာဏ်ရှိတဲ့သူပဲ။ ကိုယ်တိုင် ချင့်ချိန်ကြည့်ပေါ့။ အဲ-အကြောင်းဆိုက်လို့ ပြောစရာပေါ်လာပြန်ပြီ။ ဗုဒ္ဓမြတ်စွာကလည်း ဒီအတိုင်းဟောခဲ့တာပဲ။ ကေသမုတ္တိနိဂုံးက 'ကာလာမ ပုဏ္ဏား'တွေကို 'အဖေပြောလို့လည်း မယုံနဲ့၊ အမေပြောလို့လည်း မယုံနဲ့၊ ဘိုးဘွားစဉ်ဆက် လက်ခံထားခဲ့လို့လည်း မယုံနဲ့၊ စာပေကျမ်းဂန်ထဲ ပါလို့လည်း မယုံနဲ့၊ ဒါတော့ဖြင့် ငါတွေးမိထားတာနဲ့ ကိုက်ညီတယ်လို့လည်း မယုံနဲ့၊ ငါပြောတာကိုလည်း မယုံနဲ့၊ ကိုယ်ပိုင်ဉာဏ်နဲ့ အထပ်ထပ်စဉ်းစားပြီး သေချာပြီဆိုတော့မှ လက်ခံယုံကြည်ပါ' လို့ပြောခဲ့ဖူးတယ်။ ဘယ်ဘာသာက ဘုရားမှ ဒီလိုအတွေးအခေါ် လွတ်လပ်ခွင့်ကို ဦးစားမပေးဘူး။ 'ငါပြောတာလည်းမယုံနဲ့' လို့ ဗုဒ္ဓမြတ်စွာမှ အပ ဘယ်ဘုရားကမှ မပြောခဲ့ဘူး။ ဗုဒ္ဓဘာသာရဲ့

ထူးခြားချက်က အဲဒါမျိုးတွေပဲ။ **အခုလည်း** အဲဒီလိုပဲ ပေါ့ . . . အောင်သင်းပြောတိုင်း လက်ခံရမယ်၊ အောင်သင်းရဲ့ရှုထောင့် တစ်ခုထဲကိုပုံသေပဲလို့ ယူစရာ မဟုတ်ပါဘူး။ အောင်သင်းက မိတ်ဆက်ရုံကလေး သက်သက်ပါပဲ။

## ပိဋကတ်ဆိုတာဘာလဲ

ပထမဆုံး ရှင်းရမှာကတော့ 'ပိဋက' ဆိုတာ ဘာလဲ ဆိုတာက စပြီးရှင်းရမှာပါပဲ။

'ပိဋက' ဆိုတာက မြန်မာလို 'ခြင်းတောင်း' ပါပဲ။ 'တိပိဋကဓရ' ဆိုတာဟာ '(တိ+ပိဋက+ဓရ) = သုံး+ခြင်းတောင်း+သယ်ဆောင်ခြင်း= ခြင်းတောင်းကြီး သုံးတောင်းကို သယ်ဆောင်နိုင်သူ = ပိဋကတ်သုံးပုံကို ဆောင်နိုင်သူပဲပေါ့။

ဘုရားဟောကြားခဲ့တဲ့ ဒေသနာတွေကို အမျိုး အစားခွဲခြားပြီး ခြင်းတောင်းကြီးတွေထဲ ထည့်လိုက်ရင် ခြင်းတောင်း သုံးတောင်းခွဲဝေပြီးထည့်ရမယ်။ ဒေသနာ ဆိုတာက 'ဟောကြားခြင်း' ပါပဲ။ မျိုးတူစု ခြင်းတောင်း သုံးခုကတော့ - (၁) သုတ္တန္တပိဋက

(၂) ဝိနယပိဋက

(၃) အဘိဓမ္မပိဋက

မြန်မာလို မှာတော့ဖြင့် 'သုတ်၊ ဝိနည်း၊ အဘိဓမ္မာ' ရယ်လို့ ပြောလေ့ရှိကြပါတယ်။

မျိုးတူစုခွဲခြင်း (Classification) ဆိုတာကလည်း သိကြတဲ့အတိုင်း လိုအပ်ချက်အရ အမျိုးမျိုးခွဲနိုင်တာကိုး။

ဘုရားဟော ဒေသနာတွေကိုလည်း နောက်ထပ်ခွဲလိုက်ပြန်တော့ **'နိကာယ်ငါးရပ်'** ဖြစ်လာပြန်တယ်။ မူလအခြေခံခွဲတာက နိကာယ်နဲ့ခွဲတာပါ။ 'နိကာယ်' ဆိုတာက 'နိကာယ = အစုအပေါင်း' အုပ်စုလို့ဆိုပါတော့။

'သုတ်' ဆိုတာကို ပြောလိုက်ရဦးမယ်။

သုတ်(သုတ္တ) = ပုဂ္ဂိုလ်အားလျော်စွာ ဟောကြားတော်မူခဲ့သော မြတ်စွာဘုရား၏ ဒေသနာတော်လို့ ဆရာကြီး ဒဂုန်ဦးထွန်းမြင့်က 'ပါဠိသက်ဝေါဟာရအဘိဓာန်' မှာ ဖွင့်ပါတယ်။ လွယ်လွယ်မှတ်လိုက်ဖို့ကတော့ ဘုရားရဲ့စကားပါပဲ။

နိကာယ် ငါးရပ်ကတော့ -

(၁) **ဒီဃနိကာယ်** = ရှည်လျားသော သုတ်များကို စုပေါင်းထားခြင်း၊

(၂) **မဇ္ဈိမနိကာယ်** = မရှည်မတို အလယ်အလတ် သုတ်များကို စုပေါင်းထားခြင်း၊

(၃) **သံယုတ္တနိကာယ်** = တရားသဘောအားဖြင့်၄င်း၊ ဟောကြားချက်အားဖြင့်၄င်း၊ တူသည်ဖြစ်၍ ယှဉ်တွဲသင့်သည့် သုတ်တို့ကို ယှဉ်တွဲ၍ စုပေါင်းထားခြင်း၊

(၄) **အင်္ဂုတ္တရနိကာယ်** = အင်္ဂါတစ်ခုစီကို ကျော်လွန်သည့် သုတ်များကို စုပေါင်းထားခြင်း၊ တစ်နည်းဆိုသော် တစ်ပါး နှစ်ပါး သုံးပါးစသည်ဖြင့် ၁၁ မျိုးထိ တရားသဘော အင်္ဂါရပ်များကို တိုး၍တိုး၍ ကျော်လွန် ပိုမိုပြဆိုအပ်သော သုတ်အသီးသီးတို့ကို စုပေါင်းထားခြင်း၊

(၅) **ခုဒ္ဒကနိကာယ်** = အတိုင်းအရှည်ပမာဏအားဖြင့် တိုသောသုတ်များကို စုပေါင်းထားခြင်း၊

နိကာယ်ငါးရပ်ဆိုတာ အဲဒါပါပဲ။ သာသနာရေးဦးစီးဌာနကထုတ်တဲ့ ပါဠိတော် မြန်မာပြန်ကျမ်းများအကြောင်း ကျမ်းဦးမှတ်ဖွယ် စာအုပ်ထဲက ကောက်နုတ် ပြလိုက်တာပါ။

အဲဒီထဲမှာ တစ်ခုသတိထားပြီး မှတ်သင့်တာက ခုဒ္ဒကနိကာယ်ထဲမှာ ဝိနည်းငါးကျမ်းနဲ့ အဘိဓမ္မာ ခုနှစ်ကျမ်း ပါတယ်။ ဝိနည်းနဲ့ အဘိဓမ္မာကို သီးခြား ခွဲထုတ်လိုက်တော့ သုတ်၊ ဝိနည်း၊ အဘိဓမ္မာ ရယ်လို့ **'ပိဋကတ် သုံးပုံ'** ဖြစ်လာတယ်။

အမှတ် ....

ဒါတွေကို အညွှန်းသဘောအားဖြင့် သိနေရအောင်လို့သာ မိတ်ဆက်ပေးလိုက်တာပါ။ ဆိုလိုတာက ပိဋကဆိုတာဘာလဲ၊ နိကာယ်ဆိုတာဘာလဲ၊ ဒေသနာဆိုတာဘာလဲ စသည်အားဖြင့် သိယောင် ဝိုးဝါးဖြစ်နေတာတွေကို ကြည်ကြည်လင်လင် သိသွားအောင် ရေးလိုက်ရတာပါ။

ရေးနေရင်း ပုံပြင်ကလေးတစ်ပုဒ်ကို သတိရမိပြီး တစ်ယောက်ထဲ ပြုံးလိုက်မိတာကြောင့် ရေးလိုက်ရဦးမယ်။ ရွှေစည်းခုံ ဘုရားပွဲတော်ကြီးမှာ မိန်းမကြီးတစ်ယောက်က ဆိုင်တစ်ဆိုင်မှာ ကုန်းပြီးဈေးဝယ်နေတုန်း နောက်ဘက်က အရှူးမကြီးတစ်ယောက်က အနားမှာရှိတဲ့ စစ်စေးအိုးထဲက ယောက်မကို ဆွဲတဲ့ပြီး ဈေးဝယ်နေတဲ့ မိန်းမကြီးရဲ့ တင်ပါးကို စစ်စေးယောက်မနဲ့ ဖြင်းကနဲ ရိုက်ထည့်လိုက်ပြီး 'သွားတော့-နောက်မှရွှေချမယ်' လို့ပြောသတဲ့။ ခုလည်းပဲ 'နောက်မှရွှေချတာပေ့ါ၊ ဒီတစ်ပတ်တော့ ဒီလောက်ပဲ' လို့ ပြောပါရစေ။ ။

(မိုးဂျာနယ်၊အတွဲ(၈)၊အမှတ်(၇)၊စက်တင်ဘာလ၊ ၁၉၉၈ခုနှစ်။)

Future Publishing House

၂၇၂၅၃၂

# ကာလာမသုတ်

တစ်ခါထပ်ပြီး ပြောလိုက်ပါဦးမယ်။

'ပိဋကတ်မိတ်ဆက်' လို့ဆိုသော်လည်း ဘာသာရေးကို အလေးအနက် ဦးစားပေးပြီး ရေးမှာ မဟုတ်ပါဘူး။ လူငယ်အများစုဟာ ပိဋကတ် မြန်မာပြန် တွေကို ကိုယ်နဲ့မဆိုင်ဘူး၊ ဘုန်းကြီးတွေ အဖိုးကြီးတွေ နဲ့သာဆိုင်တဲ့ စာမျိုးတွေလို့ ထင်နေကြပါတယ်။ ကုန်ကုန် ပြောလိုက်ရင် ပိဋကတ် မြန်မာပြန် စာအုပ် ကိုတွေ့လိုက်ရင် ယောင်လို့တောင် ကောက်ကိုင် မကြည့်ကြပါဘူး။ တကယ်ဆိုတော့ သေချာဖတ် ကြည့်ရင် လူငယ်တွေအတွက် စိတ်ဝင်စားစရာတွေ ယူလို့မကုန်အောင် ပါနေတယ်ဆိုတာ သိကြစေချင်လို့ ရေးတာပါ။ ဘာသာရေး လေ့လာမှုသဘောကို ဖတ်ချင်ရင် တခြားပညာကျော်တွေ ရေးထားတဲ့ စာအုပ်တွေ တစ်ပုံကြီးရှိပါတယ်။

## ကေသမုတ္တိသုတ်

ပထမဆုံးစပြီး ပြောလိုက်ချင်တာကတော့ နာမည်ကျော် 'ကာလာမသုတ်' ပါပဲ။ လူငယ်တွေလည်း များသောအားဖြင့် တိတိကျကျ မသိရင်တောင်မှ နာမည်လောက်ကိုတော့ဖြင့် နားယဉ်နေကြပြီး ဖြစ်ပါလိမ့်မယ်။ ဘာကြောင့် ဒီသုတ်ကို ပထမဆုံး တင်ပြလိုက်ရသလဲ ဆိုတာကိုတော့ ဖတ်နေရင်း သိလာပါလိမ့်မယ်။

ကာလာမပုဏ္ဏားတွေကို အကြောင်းပြုပြီး ဟောကြားတော်မူခဲ့တာမို့ 'ကာလာမသုတ်' လို့ လူသိများနေသော်လည်း ပိဋကတ်တော်မှာတော့ 'ကေသမုတ္တိသုတ်' လို့ပဲ ဆိုပါတယ်။ အင်္ဂုတ္တရနိကာယ်၊ မဟာဝဂ်မှာ ပါဝင်တယ်။ အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန် (ပထမတွဲ) စာမျက်နှာ ၂၀၆ မှာ တွေ့နိုင်ပါတယ်။

တစ်ခါမှာတော့ မြတ်စွာဘုရားသခင်က ဒေသစာရီ လှည့်တော်မူရင်း ကာလာမမင်းတို့ နေထိုင်ရာ 'ကေသမုတ္တိ' နိဂုံးရွာကြီးကို ရောက်သွားပါတယ်။ ကာလာမမင်းတို့ကလည်း သတင်းကြားတော့ 'သာကီဝင်မင်းမျိုးက ပေါ်ပေါက်လာတဲ့ ဂေါတမဗုဒ္ဓ ဆိုတာ အလွန်ပဲသတင်းကြီးတယ်၊ ရောက်သခိုက် စကားစမြည်ပြောပြီး ဆွေးနွေးကြည့်ကြရအောင်'

ဆိုပြီး ပုဏ္ဏားတစ်စု ရောက်လာကြတယ်။ သူတို့ကလည်း အမျိုးဇာတ်အားဖြင့် မြင့်ရုံသာမကဘဲ ပညာတတ်တွေ ဖြစ်လေတော့ ဘုရားကို သိပ်ပြီး အထင်ကြီးလှသေးတာ မဟုတ်ဘူး။

ရောက်လိုက်တယ်ဆိုရင်ပဲ တချို့ကတော့ ရှိခိုးအရိုအသေပြုတယ်။ တချို့ကတော့ ဖော်ဖော်ရွေရွေ စကားပြော နှုတ်ဆက်ကြတယ်။ တချို့ကတော့ ဘယ်သူ ဘယ်ဝါပါလို့ သူတို့ကိုယ်သူတို့ မိတ်ဆက်ရုံပဲ။ တချို့ကတော့ ခပ်လှမ်းလှမ်းကပဲ အသာကြည့်နေတယ်။ အနားတောင် ကပ်မလာဘူး။ ခပ်တည်တည်ပဲပေါ့။

ပြီးတော့မှ ကာလာမမင်းတချို့က ဘုရားကို လျှောက်ထား မေးမြန်းတယ်။ မေးပုံက 'ချိကယဲက ယဉ်သကို' ဆိုတာမျိုး။ သူတို့မေးပုံကို နားထောင်ကြည့်ပါဦး -

*"အရှင်ဘုရား၊ တပည့်တော်တို့ဆီမှာတော့ ဒဿနပညာရှင်တွေ လာသလား မမေးပါနဲ့တော့။ တစ်ယောက် လာလိုက်ရင်လည်း ငါ့အယူ ငါ့ဝါဒကမှ မှန်တယ်၊ သူတို့ ပြောတာတွေက အလကားဟာတွေလို့ ပြောတာပဲ။ နောက်တစ်ယောက် ရောက်လာ လိုက်ပြန်*

*တော့လည်း ငါ့ဝါဒအယူကမှ မှန်တယ်။ သူတို့ ပြောတာတွေက အလကားလို့ ပြောပြန်တာပဲ။ ကြာတော့ ဘယ်သူပြောတာကို ယုံရမှန်းတောင် မသိတော့ဘူး"*

ကဲ - ကြားရဲ့ မဟုတ်လား။ သဘောကတော့ 'ကိုယ်တော်ကကော ဘာတွေ လျှောက်ပြောဦးမှာလဲ၊ ပြောချင်တာသာ ပြောပေရော့ ယုံမယ်လို့တော့ မထင်လေနဲ့' လို့ ပိတ်ပြောလိုက်သလို ဖြစ်မနေပေဘူးလား။ ဘုရားက ဘာပြောသလဲ သိလား။

*"ဟုတ်တာပေါ့။ ပြောတိုင်းယုံလို့ ဘယ်မှာ ဖြစ်ပါ့မလဲ။ ဒီလိုသံသယဆိုတာ ဖြစ်ကို ဖြစ်ကြရမှာဘဲ။ ကာလာမတို့ - ပြောသံကြားရုံနဲ့လည်း မယုံနဲ့၊ ရှေးရိုးစဉ်ဆက်စကားရယ်လို့လည်း မယုံနဲ့၊ အဲသလို ဖြစ်ဖူးသတဲ့လို့လည်း မယုံနဲ့၊ စာပေကျမ်းဂန်ထဲမှာပါတယ်လို့လည်း မယုံနဲ့၊ ကိုယ့်ဘာသာ တွေးမိကြံမိတာလောက်ကလေးနဲ့လည်း မယုံနဲ့၊ ကိုယ့်ခံယူထားချက်နဲ့ တူတယ်ဆိုရုံနဲ့လည်း မယုံနဲ့၊ ကိုယ်ယုံကြည် ရိုသေတဲ့သူရဲ့စကား ဆိုပြီးတော့လည်း မယုံနဲ့"*

ကဲ - ဘုရားက ပြောလိုက်တာ သူတို့ပြောတာ ထက်တောင် ပိုမသွားပေဘူးလား။ ကာလာမတို့ ဘက်က ကြည့်လိုက်မယ်ဆိုရင် ဘာဆက်ပြောလိုက် ရမှန်းတောင် မသိတော့ဘူး ဆိုတာမျိုး ဖြစ်သွားမှာပေါ့။ ဘုရားရှင်က ဆက်ပြောလိုက်တာကို နားထောင်ပါဦး-

*"ဒီတရား ဒီတရားဟာဖြင့် အပြစ်ရှိတဲ့ တရားပဲ၊ မကောင်းတဲ့ တရားပဲ၊ အကုသိုလ်ပဲ၊ ပညာရှိတို့ ကဲ့ရဲ့တဲ့တရားပဲ။ ဒီတရားကို လိုက်နာကျင့်ကြံရင်တော့ အစီးအပွားမဲ့ခြင်း၊ ဆင်းရဲခြင်း မုချဖြစ်မှာပဲလို့ ခိုင်ခိုင် မာမာ ယုံကြည်လာရင် အဲဒီတရားကို ရဲရဲကြီးပယ် လိုက်ကြပေါ့။ ဒီမယ် ကာလာမတို့ - စဉ်းစားကြည့် ကြစမ်း။ သတ္တဝါတို့ရဲ့စိတ်မှာ တပ်မက်မှုဆိုတဲ့ 'လောဘ' ဖိစီးလာရင် သူ့အသက်ကို သတ်တာ၊ သူ့ ပစ္စည်းကို လုယက်ခိုးဝှက်တာ၊ သူ့သားမယားကို ပြစ်မှားတာ၊ မဟုတ် မမှန်တာကို ပြောတာ။ ကိုယ်တိုင် သာမဟုတ် သူများကိုလည်း အဲဒီလိုအလုပ်ခိုင်း တာတွေ ဖြစ်မလာနိုင်ပေဘူးလား။"*

*"ဖြစ်နိုင်ပါတယ်ဘုရား"*

*"ကောင်းပြီ - အဲဒီလို တပ်မက်မှုလောဘ နောက်ကို လိုက်ပြီးကျင့်သုံးနေသမျှ ကာလပတ်လုံး*

အစီးအပွားမဲ့ခြင်း၊ ဆင်းရဲခြင်း ဖြစ်မလာနိုင်ပေဘူးလား"

"ဖြစ်နိုင်ပါတယ်ဘုရား"

"ကာလာမတို့ - အဲဒီအတိုင်းပဲ အမျက်ထွက်ခြင်း 'ဒေါသ' နောက်ကို လိုက်ရင်ကော သူ့အသက် သတ်တာတွေ၊ ခိုးတာတွေစတဲ့ လုပ်ရပ်တွေ ဖြစ်မလာနိုင်ပေဘူးလား"

"ဖြစ်နိုင်ပါတယ်ဘုရား"

"အဲဒီလို ဒေါသနောက်ကို လိုက်နေသမျှ အစီးအပွားမဲ့ခြင်း၊ ဆင်းရဲခြင်း ဖြစ်မလာနိုင်ပေဘူးလား"

"ဖြစ်နိုင်ပါတယ်ဘုရား"

"ကောင်းပြီ ကာလာမတို့ - အမှန်အမှားမချင့်ချိန်နိုင်တဲ့ မိုက်မဲတွေဝေမှု 'မောဟ' ဖုံးလွှမ်းလာရင်ကော သူ့အသက်သတ်ခြင်း၊ သူ့ပစ္စည်းကို ခိုးဝှက်လုယူခြင်း ဆိုတာမျိုးတွေ ဖြစ်မလာနိုင်ပေဘူးလား"

"ဖြစ်နိုင်ပါတယ်ဘုရား"

"အဲဒါတွေကို လုပ်နေသမျှ အစီးအပွားမဲ့ခြင်း၊ ဆင်းရဲခြင်း ဖြစ်မလာနိုင်ပေဘူးလား"

"ဖြစ်နိုင်ပါတယ်ဘုရား"

"စောစောပိုင်းက ငါပြောခဲ့တာ အဲဒါပါပဲ။

*သူများ ပြောတိုင်းလည်း မှန်ပြီလို့မယုံနဲ့၊ အစဉ်အလာ လက်ခံခဲ့ကြတာပဲလို့လည်း မယုံနဲ့၊ စာပေကျမ်းဂန် ထဲမှာ ပါတယ်လို့လည်း မယုံနဲ့၊ ကိုယ်လေးစား ကြည်ညိုတဲ့သူရဲ့ စကားလို့လည်း မယုံနဲ့။ ကိုယ်ပိုင် ဉာဏ်နဲ့ အထပ်ထပ်ချင့်ချိန်ပြီး ကျိုးကြောင်းခိုင်မာမှ ယုံပါဆိုတာ အဲဒါမျိုးကိုဆိုလိုတာ။"*

ဒီနေရာမှာ ခဏလောက်ဖြတ်ပြီး စဉ်းစား ကြည့်လိုက်ကြရအောင်။

ဘုရားရှင် ဆွေးနွေးသွားပုံကို သတိထား ကြည့်ပါ။ တို့တတွေ ဒီကနေ့စကားနဲ့ ပြောကြမယ် ဆိုရင် 'ငါးပါးသီလ' ပေါ့။ သူ့အသက်ကို သတ်ခြင်း၊ သူမပေးတဲ့ ပစ္စည်းကို လုယက်ခိုးယူခြင်း၊ မမှန်သော စကားကို ပြောဆိုခြင်း၊ သူ့သားမယားကို ပြစ်မှားခြင်း လို့ ဘုရားရှင်က ဆိုခဲ့တယ်။ သီလ (၄)ပါးပေါ့။ သုရာ မေရယဆိုတဲ့ မူးယစ်မေ့လျော့ မိုက်မဲတွေဝေစေသော ပစ္စည်းများသုံးစွဲမှုကို တားမြစ်တာက 'မောဟ' ဖြစ်စေ လို့ပါပဲ။ အမှားအမှန် မချင့်ချိန်နိုင်တော့ဘူးပေါ့။ ဘုရား ရှင်က 'ဒီသီလ(ကိုယ်ကျင့်တရား) တွေကို ဖောက်ဖျက် ရင် မိမိ/သူတစ်ပါး အစီးအပွားမဲ့ခြင်း၊ ဆင်းရဲခြင်း ဖြစ်မလာနိုင်ပေဘူးလား' လို့ မေးလိုက်တာပါပဲ။

ဘယ်လိုပဲ စဉ်းစား စဉ်းစား - ဒါတွေဟာ မကောင်းတာ အမှန်ပဲ။ ဘာကြောင့်လဲ ဆိုတော့ ကိုယ့်အသက်ကိုသတ်မှာ မကြိုက်နိုင်ကြဘူး။ ကိုယ့်ပစ္စည်းကိုခိုးတာ လုယူတာ မကြိုက်နိုင်ကြဘူး။ ဒီတော့ ဒါတွေဟာဖြင့် မကောင်းမှုပါပဲဆိုတာ ဘယ်လိုမှ ငြင်းလို့မရနိုင်ဘူး။

ဒါဖြင့် ဒီမကောင်းမှုတွေကို ပြုမူကျူးလွန်ခြင်းရဲ့ အကြောင်းရင်းတွေဟာ ဘာတွေလဲ ဆိုတာကို ဆက်တွေးလိုက်ရင် တပ်မက်မှု(လောဘ)၊ အမျက်ထွက်မှု(ဒေါသ)၊ မိုက်မဲတွေဝေမှု(မောဟ)တွေပဲ မဟုတ်လား။ ဒါဖြင့် မိမိ/သူတစ်ပါး အစီးအပွားမဲ့ခြင်း၊ ဆင်းရဲခြင်းကို ဖြစ်စေတဲ့ အကြောင်းရင်းကြီးတွေဟာ လောဘ၊ ဒေါသ၊ မောဟတရားတွေပဲ မဟုတ်လားလို့ ဘုရားရှင်က မေးလိုက်ခြင်း ဖြစ်လေတော့ ကာလာမမင်းတို့လည်း ဟုတ်မှန်ကြောင်း ဝန်ခံရတာပေါ့။

ခုခေတ် လူငယ်တွေ ယဉ်ပါးနားလည် နေကြတဲ့ စကားနဲ့ ပြောမယ်ဆိုရင် 'ဂျော်မက်ထရီ' သက်သေပြသလို ဆွေးနွေးသွားတာပါပဲ။

ဘုရားရှင် ဆက်ပြောတာကို နားထောင်ကြည့်ကြပါဦး။

"ကာလာမမင်းတို့ သင်တို့ဟာ ဒီလောဘ၊ ဒေါသ၊ မောဟကြောင့် ဒီလို မကောင်းတာတွေ ဖြစ်ရတယ်၊ ဒီတရားတွေဟာဖြင့် မကောင်းပါဘူးလို့ လက်ခံတယ်ဆိုရင် ဒီတရားတွေကို စွန့်ပယ်ရမှာပေါ့။"

"မှန်ပါတယ်ဘုရား"

"ကောင်းပြီ - ဒီလောဘ၊ ဒေါသ၊ မောဟ တရားတွေဟာ မကောင်းတာမှန်ရင် သူတို့နဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ မတပ်မက်ခြင်း(အလောဘ)၊ အမျက်မထွက်ခြင်း(အဒေါသ)၊ အသိပညာရှိ၍ မမိုက်မဲခြင်း(အမောဟ) ဆိုတာတွေဟာဖြင့် ကောင်းသောတရားများ ဖြစ်တယ်လို့ လက်ခံကြရတော့မှာပေါ့"

"မှန်ပါတယ်ဘုရား"

"ကာလာမတို့-မတပ်မက်ခြင်း၊ အမျက်မထွက်ခြင်း၊ မတွေဝေခြင်းတို့ဟာ ကောင်းသောတရားများ ဖြစ်လေတော့ အဲဒီတရားကို ကျင့်သုံးရင် မိမိ/သူတစ်ပါးမှာ အစီးအပွားဖြစ်စေခြင်း၊ ချမ်းသာခြင်းတို့ ဖြစ်မလာစေနိုင်ပေဘူးလား"

"ဖြစ်လာစေနိုင်ပါတယ်ဘုရား"

"ကာလာမတို့-ငါစောစောပိုင်းက ပြောခဲ့တယ်။ ပြောသံကြားရုံနဲ့လည်း မယုံနဲ့ အစဉ်အလာစကား မို့လည်း မယုံနဲ့၊ စာပေကျမ်းဂန်ထဲမှာ ပါတယ်

ဆိုပြီးတော့လည်း မယုံနဲ့၊ ကိုယ်လေးစား ကြည်ညို နေတဲ့သူရဲ့စကားပဲ ဆိုပြီးတော့လည်း မယုံနဲ့ ကိုယ်တိုင် သေချာစဉ်းစားပြီး ဘဝင်ကျကျ လက်ခံနိုင်မှ ယုံပါလို့ ပြောခဲ့တယ်။ အခု ငါပြောခဲ့တာတွေကို သင်တို့ ကောင်းစွာလက်ခံနိုင်ရဲ့လား"

"လက်ခံနိုင်ပါတယ်ဘုရား"

"ကာလာမမင်းတို့၊ ဆက်ပြီးစဉ်းစားကြဦးစို့။ ဒီမကောင်းမှု(အကုသိုလ်) တရားတွေကို ပယ်လိုက်တဲ့ အတွက် ဘယ်လို အကျိုးဆက်တွေ ဖြစ်လာနိုင်သလဲ တွက်ကြည့် ကြရအောင်။ လူတစ်ယောက်ဟာ လောဘ၊ ဒေါသ၊ မောဟတရားတွေကို ပယ်လိုက် သတ်လိုက် နိုင်ပြီ ဆိုရင် လိုချင်တပ်မက်ခြင်း(အဘိဈ္ဈာ)၊ပျက်စီး စေလိုခြင်း(ဗျာပါဒ) တွေ ကင်းမသွား ပေဘူးလား၊ ဆင် ခြင်တုံတရား၊ သတိတရားတို့နဲ့ ပြည့်စုံမနေပေဘူးလား။ အဲဒီလို ဖြစ်လာတော့ ပတ်ဝန်းကျင် သတ္တဝါအားလုံးကို ချစ်သော မျက်စိနဲ့ ကြည့်နိုင်တဲ့ မေတ္တာတရားနဲ့ ပြည့်ဝ မလာပေ ဘူးလား။ ဆင်းရဲဒုက္ခ ရောက်တဲ့သူကို တွေ့ ရင်လည်း သနားကြင်နာတဲ့ ကရုဏာစိတ် မဝင်နိုင်ပေ ဘူးလား။ ချမ်းသာသုခရတဲ့ သတ္တဝါကို တွေ့ရင်လည်း သူ့အတွက် ဝမ်းမြောက်တဲ့ မုဒိတာ မဖြစ်နိုင် ပေဘူး လား။ မိမိမှာ ရန်သူမရှိ၊ မုန်းရမည့်သူမရှိ၊ ပူပင်

ကြောင့်ကြရန် မရှိတဲ့အတွက် လျစ်လျူပြုခြင်း ဆိုတဲ့ (ဥပေက္ခာ)စိတ် မဖြစ်နိုင်ပေဘူးလား။ အဲဒီ ဗြဟ္မစိုရ် တရားလေးပါးနဲ့ စိတ်ငြိမ်းချမ်းမှု ရမနေပေဘူးလား"

"ရနိုင်ပါတယ်ဘုရား"

"ကာလာမတို့ - အဲဒီလို လောဘ၊ ဒေါသ၊ မောဟတို့ကို ပယ်သတ်ခြင်း၊ အလောဘ၊ အဒေါသ၊ အမောဟတို့ကို ဖြစ်စေလျက် ဗြဟ္မစိုရ် လေးပါးကို ပွားစေခြင်းအားဖြင့် လက်ငင်းအားဖြင့်ကိုပဲ ကောင်းကျိုး လေးပါးကို ခံစားရပေတယ်။ အဲဒါတွေက -

**ပထမ** - နောက်ဘဝဆိုတာ တကယ်ရှိတယ်၊ ကုသိုလ်/အကုသိုလ်တရားတွေဟာ အကျိုးဆက် လိုက်တတ်တယ်ဆိုတာ မှန်နေရင်လည်း ငါဟာ အကုသိုလ် မပြုတာမို့ သေရင်လည်း နတ်ဘုံ အစရှိတဲ့ ကောင်းမြတ်သော ဘဝသို့သာ လားရလိမ့်မယ်လို့ ငြိမ်းချမ်းစွာ ယုံကြည်ရဲရင့်နေတဲ့အကျိုးကို ခံစား ရတယ်။

**ဒုတိယ** - နောက်ဘဝဆိုတာ မရှိ၊ ကုသိုလ်/အကုသိုလ် ဆိုတာတွေက နောက်ဆက်တွဲ အကျိုး ပေးခြင်းမရှိ ဆိုရင်လည်း ဒီမျက်မှောက်ဘဝမှာကိုပဲ ရန်မရှိခြင်း၊ ကြောင့်ကြမရှိခြင်း၊ ဆင်းရဲမရှိ ချမ်းသာ ခြင်းဆိုတဲ့အကျိုးကို ခံစားနေရနိုင်တယ်။

**တတိယ** - အကုသိုလ် မကောင်းမှုဆိုတာ လောကမှာ ရှိပါတယ်လို့ ဆိုရင်လည်း ငါဟာ ဘယ် အကုသိုလ် မကောင်းမှုမှ မလုပ်ခဲ့တာမို့ ဆင်းရဲခြင်းသို့ မရောက်နိုင်လို့ စိတ်ချအေးချမ်းတယ်။

**စတုတ္ထ** - အကုသိုလ် မကောင်းမှုဆိုတာ မရှိပါဘူးဆိုရင်လည်း ကိုယ်က ဘယ်အကုသိုလ်မှ မပြုခဲ့တာမို့ စိတ်မှာ စင်ကြယ်ငြိမ်းချမ်းနေတယ်။

ကာလာမတို့ - ဤသို့အားဖြင့် ဆိုခဲ့သော တရားတို့ကို လိုက်နာကျင့်သုံးတဲ့ အရိယာတပည့်များ ဟာ မျက်မှောက် ဘဝမှာပင်လျှင် ဤထောက်တည်ရာ လေးပါးကို ရရှိနိုင်ကြပေတယ်"

"အရှင်ဘုရား - အရှင်ဘုရားရဲ့ တရားတော် အယူဝါဒဟာ အံ့ဩလောက်အောင် ကောင်းပါပေ တယ်၊ နှစ်သက်ဖွယ် ရှိပါပေတယ်။ တပည့်တော်တို့ လည်း အရှင်ဘုရားကို ကိုးကွယ် ဆည်းကပ်ပါတယ်။ တရားတော်ကိုလည်း ကိုးကွယ် ဆည်းကပ်ပါတယ်။ သံဃာတော်ကိုလည်း ကိုးကွယ် ဆည်းကပ်ပါတယ်။ ဒီနေ့ကစပြီး တပည့်တော်တို့ကို ဥပါသကာလို့ မှတ်တော်မူပါဘုရား"

သေချာပြန်ပြီး ဖတ်ကြည့်စေချင်ပါတယ်။ အကျိုးအကြောင်း စကားဖွင့်ပိတ်တွေ၊ မေးခွန်းထုတ်သွားတာတွေ မကောင်းပေဘူးလား။ တကယ်လို့ မင်းဟာ ဗုဒ္ဓဘာသာဝင် မဟုတ်ရင်တောင်မှ ဗုဒ္ဓရဲ့ကျိုးကြောင်းပြ ကောင်းတာကိုတော့ဖြင့် သတိပြုရမှာဘဲ။

သိပ်ပြီး သဘောကျစရာ ကောင်းတဲ့ အချက်ကတော့ ကိုယ်ပိုင် ဆင်ခြင်ဉာဏ်ကို သုံးပါ၊ ကိုယ်ပိုင် ဆင်ခြင်ဉာဏ်ကို အစွမ်းကုန် အသုံးချပြီး ဘဝင်ကျလောက်အောင် နှစ်သက်မိမှ လက်ခံပါဆိုတဲ့ အချက်ပါပဲ။

အမှန်ကတော့ ပိဋကတ် မြန်မာပြန်ထဲက တချို့စာပိုဒ်တွေကို မူရင်းအတိုင်းတောင် ထည့်ပေးလိုက်ချင်တာပါ။ ပိဋကတ် မြန်မာပြန် အရေးအသားကို ယဉ်ပါးသွားကြ စေချင်လို့ပါ။ ပိဋကတ် မြန်မာပြန်ကို ဖတ်နေမကျရင် ရုတ်တရက် နားမလည်နိုင်ဘူး။ စိတ်မရှည်နိုင်ဘူး။ နောက်ပိုင်းမှာတော့ဖြင့် ပိဋကတ် မြန်မာပြန် အရေးအသား 'စာဟန်'နဲ့ ယဉ်ပါးအောင် မူရင်းစာ ကောက်နုတ်ချက်ကလေးတွေကိုပါ ထည့်ပေးသွားမယ်လို့ စိတ်ကူးထားပါတယ်။

(မိုးဂျာနယ်၊ ၁၉၉၉ခုနှစ်၊ အောက်တိုဘာလ။)

Future Publishing House

## ဝဿကာရသုတ်

'ဝဿကာရ' ဆိုတဲ့ နာမည်ကို ကြားလိုက်ရင် 'ဝေသာလီ' ပြည်အကြောင်းကို သတိရနေကြလောက်ပါတယ်။ ဝေသာလီတိုင်းပြည်ကို ပျက်အောင် သတ်လျှိုခြေထိုးခဲ့တဲ့ ပုဏ္ဏားကို မြန်မာလူမျိုးတိုင်းလိုလို ကြားဖူးနေကြတာပါပဲ။ ဒါပေမယ့် ဒီနည်းလမ်းကို ဘယ်ကရခဲ့တယ်ဆိုတာတော့ လူတိုင်းမသိကြပါဘူး။

ပိဋကတ်တော်နဲ့ လူငယ်တွေ စိမ်းလွန်းနေတယ်ထင်တာကြောင့် ပိဋကတ်မိတ်ဆက်ကို ရေးနေခဲ့တယ်ဆိုတာ ပြောခဲ့ပြီးပါပြီ။ ပိဋကတ်ဆိုရင် နိဗ္ဗာန်ရောက်ကြောင်းမို့ ဘုန်းတော်ကြီးတွေ၊ အဖိုးကြီးတွေနဲ့ပဲ ဆိုင်တယ်လို့ ထင်တတ်ကြတယ်။ တကယ်ဆိုတော့ ပိဋကတ်တော်မှာ လူငယ်တို့ ဘဝတက်လမ်းအတွက် သုံးမကုန်တဲ့ အတွေးအမြင်တွေ နည်းလမ်းတွေ ပါနေတယ်ဆိုတာကို လူငယ်တွေမသိကြဘူး။ ကုန်ကုန် ပြောလိုက်မယ်၊ 'စောရသုတ်' လို ဟာမျိုးမှာ

ဆိုရင် သူခိုးဓါးပြတွေ ရှောင်ကြဉ်အပ်တဲ့ လမ်းညွှန် တောင် ပါနေတယ်လို့ ဆိုနိုင်တယ်။

ဘုရားလက်ထက်ကလည်း ဘုရားကျောင်း တော်ကို လူပေါင်းစုံ၊ ပညာပေါင်းစုံရှိတဲ့ နေရာပဲလို့ အသိအမှတ်ပြုကြတယ်။ သာဓကလေးတစ်ခုကို ထုတ်ပြလိုက်ရဦးမယ်။ ကောသလမင်းကြီးနဲ့ အဇာ တသတ်မင်းတို့ဟာ 'ကာသိ' ဆိုတဲ့ ရွာကလေးတစ်ခုကို အကြောင်းပြုပြီး မကြာခဏ စစ်ထိုးကြတယ်။ ထိုးတိုင်း ကောသလမင်းကြီးကချည်း ရှုံးရှုံးနေတယ်။ ကောသလ မင်းကြီးက စိတ်ထဲမှာ 'ဒီကောင်လေးကို ဖမ်းဘယ်လို နိုင်အောင် တိုက်ရပါမလဲ' ဆိုတာမျိုး ခံပြင်းနေတယ်။ နောက်တော့ ဘာလုပ်တယ် ထင်သလဲ။ ဘုရား ကျောင်းတော်က ရဟန်းတွေဟာ အသိအမြင် ဗဟု သုတ များကြတယ်၊ သူတို့ဆီက အကြံဉာဏ်ကောင်း ရနိုင်လောက်တယ်ဆိုပြီး အထောက်တော် မင်းချင်း တွေကို တိတ်တဆိတ် လွှတ်ထားတယ်။

ဘုရားရှင်သီတင်းသုံးနေတဲ့ ဇေတဝန် ကျောင်းဝင်း အစွန်နားက သစ်ရွက်မိုးတဲကျောင်းလေး တစ်ခုမှာ ရဟန်းအိုကြီး နှစ်ပါးနေတယ်။ တစ်နေ့ မှာတော့ မနက်အစောကြီး နိုးလာကြပြီး ပြန်အိပ်လို့ မရတာနဲ့ စကားစမြည် ပြောနေကြရင်း "ကောသလ

မင်းကြီးနှယ်၊ အဇာတသတ်ကိုတောင် နိုင်အောင် မတိုက်နိုင်ဘူး၊ လူညံ့ကြီးပဲ” လို့ပြောတော့ ကျန်တဲ့ ရဟန်းကြီးက “ဘယ်လိုတိုက်ရင် အောင်မြင်နိုင်သလဲ” မေးတာပေါ့။

“အဲဒီနားမှာ တောင်ကြားလေးတစ်ခု ရှိတယ် မဟုတ်လား၊ မင်းချင်းတပ်တွေကို ဘေးမှာအသာ တပ်ဖျောက်ပြီးထား၊ မင်းကြီးတပ်က အဇာတသတ် တပ်ကို တောင်ကြားထဲ ဝင်လာအောင်စစ်မြူ ဝင်လာမှ နှစ်ဖက်ညှပ်ပြီး တိုက်လိုက်ရင် အဇာတသတ် ဘယ်ခံ နိုင်မှာလဲ ကိုယ်တော်” လို့ပြောပြတယ်။ ဒီတော့မှ အယောက်တော်က သေချာမှတ်ပြီး မင်းကြီးကို လျှောက်ထားတော့ အဲဒီနည်းအတိုင်းပဲ စစ်ဆင် လိုက်တာ အဇာတသတ်ကိုတောင် ဖမ်းမိတော့ တာပဲ။

အခုလည်း အဇာတသတ်က ဝဇ္ဇီမင်းတို့ရဲ့ ဝေသာလီပြည်ကို နိုင်အောင်တိုက်ချင်တော့ ဝဿ ကာရ ပုဏ္ဏားကို ဘုရားကျောင်းတော်ကို လွှတ်တာပဲ။

## ဝဿကာရသုတ်

ဒီဝဿကာရသုတ်မှာ ပါတဲ့အကြောင်းအရာ တွေဟာ လူငယ်တွေအဖို့ နားမစိမ်းတန်ရာပါဘူး။ ဘာကြောင့်လဲဆိုတော့ ဒသမတန်း စကားပြေလက်

ရွှေးစင်မှာပါတဲ့ ရှင်မဟာသီလဝံသရဲ့ 'တိုင်းပြည်စည်ကားကြောင်း' ဆိုတာဟာ ဒီ ဝဿကာရသုတ်မှာပါတဲ့ 'အပရိဟာနိယတရား' (မဆုတ်မယုတ် ကြီးပွားတိုးတက်ကြောင်းတရား) ကိုရှင်းလင်းချက် ထည့်ပြီးရေးထားတာပါပဲ။ ကဲ-မူရင်းကိုကြည့်ရအောင်။

မြတ်စွာ ဘုရားသခင်က ရာဇဂြိုလ်ပြည် ဂိဇ္ဈကုဋ်တောင်မှာ သီတင်းသုံးနေတယ်။ အဇာတသတ်မင်းက ဝေသာလီပြည်ကို သိမ်းပိုက်ချင်တယ်။ ဘယ်လို တိုက်ရမလဲ ဆိုတာကို ကြံရာမရ ဖြစ်နေတယ်။ ဘုရားရှင်ဆီကို လူလွှတ်ပြီး စနည်းနာလိုက်ရင်တော့ အကျိုးမယုတ်တန်ကောင်းဘူး၊ အကြံကောင်း တစ်ခုဟော့ရမှာပဲလို့ တွေးမိတာနဲ့ ဝဿကာရကိုခေါ်ပြီး-

"ဝဿကာရ- ဘုရားရှင်ဆီကိုသွားချေ။ ဝေဒေဟီရဲ့သား အဇာတသတ်က ဘုရားရှင်ရဲ့ ခြေတော်ကို ဦးခိုက်လိုက်ပါကြောင်းကို လျှောက်ထားပါ။ နောက်ပြီးမှ အဇာတသတ် မင်းသားဟာဖြင့် ဝဇ္ဇီမင်းတို့ တိုင်းပြည်ကို သိမ်းပိုက်ရန် စစ်ပြင်နေပါကြောင်းကို လျှောက်ထားပါ။ ဘုရားရှင် တစ်စုံတစ်ရာ ပြောခဲ့ရင် သေချာမှတ်လာခဲ့"

ဝဿကာရလည်း အဇာတသတ် ညွှန်ကြား

လိုက်တဲ့အတိုင်း လျှောက်ထားတယ်။ ဒီအချိန်မှာ ညီတော်အာနန္ဒာက ဘုရားရဲ့ နောက်ပါးကနေပြီး ဘုရားရှင်ကို ယပ်ခတ်ပေး နေတယ်။ ဘုရားက အာနန္ဒာကိုမေးတယ်-

"အာနန္ဒာ-ဝဇ္ဇီမင်းတို့ဟာ မပြတ်စည်းဝေး ကြသလား၊ အကြိမ်များစွာ စည်းဝေးကြရဲ့လား၊ သင် မည်သို့ ကြားသလဲ"

"မပြတ် စည်းဝေးကြတယ်၊ အကြိမ်များစွာ စည်းဝေးကြတယ်လို့ ကြားရပါတယ်အရှင်ဘုရား"

"အာနန္ဒာ-သို့ဖြစ်လျှင် ဝဇ္ဇီမင်းတို့ တိုင်းပြည် ဆုတ်ယုတ်ရန် အကြောင်းမရှိ၊ ကြီးပွားရန်အကြောင်း သာ ရှိတယ်။ (၁)

"အာနန္ဒာ-သူတို့ဟာ စည်းဝေးရာမှာ ညီညွတ် ကြရဲ့လား၊ အစည်းအဝေးကို ညီညွတ်စွာ အဆုံးသတ် ကြရဲ့လား၊ အစည်းအဝေး ဆုံးဖြတ်ချက် အတိုင်း ညီညွတ်စွာ လုပ်ဆောင်ကြရဲ့လား။ သင် မည်သို့ ကြားသလဲ"

"အရှင်ဘုရား-ဝဇ္ဇီမင်းတို့ဟာ အားလုံး ညီညွတ်စွာ စည်းဝေးဆုံးဖြတ်ပြီး ညီညွတ်စွာ လုပ်ဆောင်ကြတယ်လို့ သိရပါတယ်ဘုရား"

"အာနန္ဒာ-သို့ဖြစ်လျှင် ဝဇ္ဇီမင်းတို့၏ တိုင်း

ပြည်သည် ဆုတ်ယုတ်ရန် အကြောင်းမရှိ၊ ကြီးပွား တိုးတက်ရန်သာ အကြောင်းရှိပေတယ်။ (၂)

"အာနန္ဒာ-ဝဇ္ဇီမင်းတို့ဟာ ရှေးက မပညတ်ခဲ့တာကို ပညတ်ကြသလား၊ ရှေးက ပညတ်ပြဋ္ဌာန်းမှုများကို ပယ်ဖျက်ကြသလား၊ ရှေးငဇ္ဇီမင်းဟောင်းတို့ ကျင့်ထုံးကို လိုက်နာကြရဲ့လား သင်မည်သို့ကြားသလဲ။"

"အရှင်ဘုရား-သူတို့ဟာ ရှေးက မပညတ်ခဲ့တာကို မပညတ်၊ ရှေးက ပညတ်ပြဋ္ဌာန်းမှုများကိုလည်း မပယ်ဖျက်၊ ရှေးမင်းဟောင်းတို့၏ ကျင့်ထုံးကိုလည်း လိုက်နာကြတယ်လို့ ကြားရပါတယ် ဘုရား။"

"အာနန္ဒာ- သို့ဖြစ်လျှင် ဝဇ္ဇီမင်းတို့၏ တိုင်းပြည်ဟာ ဆုတ်ယုတ်ရန် အကြောင်းမရှိ၊ တိုးတက်ကြီးပွားရန်သာ အကြောင်းရှိပေတယ်။ (၃).

"အာနန္ဒာ-ဝဇ္ဇီမင်းတို့ဟာ အသက်ကြီးသော ဝဇ္ဇီမင်းတို့ကို ရိုသေလေးမြတ် ပူဇော်မှု ရှိကြရဲ့လား၊ သူတို့စကားကို နားထောင်ကြကုန်ရဲ့လား၊ သင်မည်သို့ ကြားသလဲ"

"အရှင်ဘုရား-ဝဇ္ဇီမင်းတို့ဟာ အသက်ကြီးတဲ့ ဝဇ္ဇီမင်းတို့ကို ရိုသေမြတ်နိုး ပူဇော်ကြတယ်၊ သူတို့ စကားကိုလည်း လေးစားနာယူကြတယ်လို့ ကြားရ

ပါတယ်ဘုရား"

"အာနန္ဒာ-သို့ဖြစ်လျှင် ဝဇ္ဇီမင်းတို့၏ တိုင်းပြည်ဟာ ဆုတ်ယုတ်ရန် အကြောင်းမရှိ၊ တိုးတက်ကြီးပွားရန်သာ အကြောင်းရှိပေတယ်။ (၄)

"အာနန္ဒာ-ဝဇ္ဇီမင်းတို့ဟာ အမျိုးသမီးကြီးငယ်တို့ကို အနိုင်အထက် သိမ်းပိုက်ခြင်းမှ ရှောင်ကြဉ်ပါကုန်၏လော။ သင်မည်သို့ကြားသလဲ"

"အရှင်ဘုရား-ဝဇ္ဇီမင်းတို့ဟာ အမျိုးသမီးကြီးငယ်တို့ကို အနိုင်အထက် သိမ်းပိုက်ခြင်းမှ ရှောင်ကြဉ်ကြတယ်လို့ ကြားရပါတယ်ဘုရား"

"အာနန္ဒာ-သို့ဖြစ်လျှင် ဝဇ္ဇီမင်းတို့ တိုင်းပြည်ဟာ ဆုတ်ယုတ်ရန် အကြောင်းမရှိ၊ တိုးတက် ကြီးပွားရန်သာ အကြောင်းရှိပေတယ်။ (၅)

"အာနန္ဒာ-ဝဇ္ဇီမင်းတို့ဟာ ပူဇော်မြဲ နတ်ကွန်းစေတီတို့ကို အစဉ်အလာတိုင်း ပူဇော်ကြပါ၏လော၊ သင်မည်သို့ကြားသလဲ"

"အရှင်ဘုရား-ဝဇ္ဇီမင်းတို့ဟာ အစဉ်အလာ နတ်ကွန်း စေတီတို့ကို ပူဇော်မြဲ ပူဇော်ကြတယ်လို့ ကြားရပါတယ်ဘုရား"

"အာနန္ဒာ-သို့ဖြစ်လျှင် ဝဇ္ဇီမင်းတို့၏ တိုင်းပြည်ဟာ ဆုတ်ယုတ်ရန် အကြောင်းမရှိ၊ တိုးတက်

ကြီးပွားရန်သာ အကြောင်းရှိပေတယ်။ (၆)

"အာနန္ဒာ-ဝဇ္ဇီမင်းတို့ဟာ မလာသေးသော ရဟန်းသံဃာတို့ကို လာအောင်၊ ရောက်ရှိပြီးသော ရဟန်းသံဃာတို့ကို ပျော်ပိုက်အောင် အားထုတ် စောင့်ရှောက် ကြပါကုန်၏လော။ သင်မည်သို့ကြား သလဲ"

"အရှင်ဘုရား-ဝဇ္ဇီမင်းတို့ဟာ မလာသေး သော ရဟန်းသံဃာတို့ကို ရောက်လာအောင်၊ ရောက်ရှိ ပြီးသော ရဟန်းသံဃာကိုလည်း ပျော်ပိုက်အောင် အားထုတ် စောင့်ရှောက်ကြသည်ဟု ကြားရပါသည် ဘုရား"

"အာနန္ဒာ-သို့ဖြစ်လျှင် ဝဇ္ဇီမင်းတို့၏ တိုင်း ပြည်သည် ဆုတ်ယုတ်ရန် အကြောင်းမရှိ၊ တိုးတက် ကြီးပွားရန်သာ အကြောင်းရှိပေသည်။ (၇)

"ဝဿကာရ ပုဏ္ဏား - စင်စစ်အားဖြင့် ငါသည် ဝေသာလီပြည် သာရန္ဒဒစေတီ၌ သီတင်းသုံး နေစဉ်အခါက ဝဇ္ဇီမင်းတို့အား ဤမဆုတ်ယုတ်ရာ သောတရား(အပရိဟာနိယတရား) ခုနစ်ပါးကို ဟောခဲ့ ဖူးပြီ"

"အရှင်ဘုရား-ဤတရား တစ်ပါးပါးနှင့် ပြည့်စုံ နေလျှင်ပင် ဆုတ်ယုတ်ရန် အကြောင်းမရှိပါ။

*အလုံးစုံနှင့် ပြည့်စုံနေလျှင်ကား ဆိုဖွယ်ရာ မရှိတော့ပါဘုရား။ အဇာတသတ်မင်းဟာ ဝဇ္ဇီမင်းတို့ကို စိတ်ဝမ်းကွဲအောင် မပြုဘဲ စစ်ထိုးရုံ သက်သက်ဖြင့်တော့ ဝဇ္ဇီတို့တိုင်းပြည်ကို အောင်နိုင်ဖွယ် မရှိပါဘုရား။"*

*"အရှင်ဘုရား-တပည့်တော်တို့မှာ လုပ်ဆောင်ဖွယ် ကိစ္စအလွန်များတာမို့ ပြန်ခွင့်ပြုပါဘုရား"*

*"ပုဏ္ဏား-သင်ပြန်ရမည့် အချိန်ကို သင်သိ၏" (ပြန်လိုက ပြန်လော့)*

တွေ့လိုက်တယ် မဟုတ်လား၊ ဝဿကာရပုဏ္ဏားဟာ သူလိုချင်တာလေးကိုလည်း ရလိုက်ရော တန်းပြီး 'လစ်'တော့တာပဲလို့ ဆိုရမှာပေါ့။ အဇာတသတ်ဆီကို သတင်းပို့ရဦးမယ် မဟုတ်လား။ နောက်ပိုင်းမှာ ဝေသာလီပြည်ကို ဝဿကာရသွားပြီး သတ်လျှိုခြေထိုးလို့ စိတ်ဝမ်းကွဲ ကုန်ကြတာတော့ အားလုံး သိကြပါတယ်။

ဒသမတန်း စကားပြေ ကောက်နုတ်ချက်မှာ ပါတဲ့ **'တိုင်းပြည် စည်ကားကြောင်း'** ကိုသေချာဖတ်ကြည့် ကြစေချင်တယ်။ ဆရာတော် ရှင်မဟာသီလဝံသကတော့ ဘုရားရှင်ရဲ့ ဆိုလိုချက်ကို ပေါ်လွင်အောင်ချဲ့ပြီး ရှင်းပြထားတာကို တွေ့နိုင်တယ်။ ဆိုကြ

ပါစို့- **'ပညတ်ဟောင်းကို လိုက်နာခြင်း'** ဆိုတာ မျိုးမှာ မရှေးက မလျော်ကျဖူးသော ပြစ်ဒဏ်တို့ကို ပေးခြင်း၊ ရှေးက မကောက်ယူဖူးသော အတုတ်အခွန် ကင်းခစသည်တို့ကို ခန့်ထားကောက်ယူခြင်း' စသည် အားဖြင့် အကျယ်ချဲ့ပြီး ပြထားခဲ့တယ်။

**'ရဟန်း သံဃာတော်များကို စောင့်ရှောက်ခြင်း'** ဆိုတာကိုလည်း စဉ်းစားကြည့်ဖို့ သင့်ပါတယ်။ ဘာသာရေးလို့ ဆိုနိုင်တယ်။ ဘာသာရေးနဲ့ နိုင်ငံရေး ဟာ တခြားစီတော့အမှန်ပဲ။ ဒါပေမယ့် နိုင်ငံတော် အေးချမ်းသာယာရေး ဆိုရင်တော့ဖြင့် ဘာသာရေးဟာ မလွဲမသွေ ပါလာရပြီ။ လူတွေဟာ ဘာသာရေး ယုံကြည်မှုခိုင်မာပြီး ဘာသာရေး အဆုံးအမတွေကို တကယ် လိုက်နာကြပြီဆိုရင် အစိုးရမှာ အလုပ်တွေ သိပ်ပြီး သက်သာသွားတာပေါ့။ ထောင်တွေ တန်းတွေ မှာ လူနည်းသွားတာပေါ့။ ရာဇဝတ်မှုခင်းတွေ ပျောက် သွားတာပေါ့။

မင်းမိန့်မင်းအာဏာကို လူတွေမကြောက်ဘူး မဟုတ်ပါဘူး၊ ကြောက်ကြပါတယ်။ ဒါပေမယ့် လစ်မယ်ဆိုရင် ကျူးလွန်ချင် ကျူးလွန်ကြတာပဲ။ မီးပွိုင့်မှာ ဘတ်စ်ကားပေါ်က မဆင်းရဘူးလို့ တားမြစ် ထားတာပဲ။ ဒါပေမဲ့ တချို့လူတွေဟာ ဟိုကြည့် ဒီကြည့်

လုပ်ပြီး ယာဉ်ထိန်းရဲ လစ်လောက်တယ်ထင်ရင် လှစ်ခနဲ ဆင်းသွားတာ တွေ့နေရတာပဲ။

ဘာသာရေး အဆုံးအမကို ယုံကြည်လိုက်ပြီ ဆိုရင် 'အလစ်' တို့ 'ဆိတ်ကွယ်ရာ' တို့ ဆိုတာ မရှိတော့ဘူး။

ကျေးလက် တိုက်နယ်ကြီး တစ်ခုမှာ အလွန်တန်ခိုးသြဇာကြီးမားတဲ့ ဆရာတော်ကြီးတစ်ပါး ပေါ်ပေါက်လာ လိုက်ပြီဆိုရင် အဲဒီဒေသတစ်ခွင်မှာ ရာဇဝတ်မှု သိသိသာသာကြီး ကျဆင်းသွားလေ့ရှိတယ်။

နောက်တစ်ချက်က ရှေးခေတ်ရှေးအခါက လူ့အဖွဲ့အစည်းမှာ ရဟန်းတော်ဆိုတာ စာတတ်ပေတတ်ပညာရှိတွေ။ ပညာရှိတွေ ပေါများတော့ ရပ်ရွာမှာ ပညာတိုးတာပေါ့။ မသိတာ ရှိရင်လည်း မေးလျှောက် နိုင်တာပေါ့။ ဒီလိုနည်းအားဖြင့် မြန်မာစာပေမှာတောင် လျှောက်ထုံးတို့ အမေးတော်အဖြေကျမ်းတို့ ပေါ်ပေါက်လာခဲ့ရတယ်။

သီတင်းနေ့မှာ ဥပုသ်စောင့်သွား ကြတယ် ဆိုတာ သီတင်းသီလ ဆောက်တည်ရုံသာ မဟုတ်ဘူး၊ တရားလည်း နာကြရသေးတာကိုး။ ဒီတော့ သက်ကြီးပညာရေး ဖြစ်မှန်းမသိ ဖြစ်လာရတယ်။

အခုတင်ပြခဲ့တဲ့ အပရိဟာနိယတရား ခုနစ်ပါးကတော့ တိုင်းရေးပြည်ရေးနဲ့ ဆိုင်တယ်။ လူငယ်တွေ သေချာဂရုပြုသင့်တဲ့ အပရိဟာနိယ တရား ခုနစ်ပါးကိုလည်း ဘုရားက ဟောခဲ့ပါသေး တယ်။ နောက်တစ်ပတ်မှာ တင်ပြပါဦးမယ်။ ။

(မိုးဂျာနယ်၊ အတွဲ(၈) အမှတ်(၉)၊ ၁၉၉၈၊ ဒီဇင်ဘာလ။)

*ဘာသာရေးနဲ့ နိုင်ငံရေးဟာ*
*တခြားစီတော့အမှန်ပဲ။*
*ဒါပေမယ့် နိုင်ငံတော် အေးချမ်းသာယာရေး*
*ဆိုရင်တော့ဖြင့် ဘာသာရေးဟာ*
*မလွှဲမသွေ ပါလာရပြီ။*
*လူတွေဟာ ဘာသာရေး ယုံကြည်မှုခိုင်မာပြီး*
*ဘာသာရေး အဆုံးအမတွေကို*
*တကယ်လိုက်နာကြပြီဆိုရင်*
*အစိုးရမှာ အလုပ်တွေ*
*သိပ်ပြီး သက်သာသွားတာပေါ့။*
*ထောင်တွေ တန်းတွေမှာ လူနည်းသွားတာပေါ့။*
*ရာဇဝတ်မှုခင်းတွေ ပျောက်သွားတာပေါ့။*

# ကျောင်းသားအတွက် ဒေသနာ

မျိုးဆက်သစ်တွေအတွက် ပိဋကတ်တော်ထဲက ထုတ်နုတ်ပြီး ရေးနေခဲ့တာ ဖြစ်ကြောင်း အထပ်ထပ်ပြောခဲ့ ပြီးပါပြီ။ မျိုးဆက်သစ် ဆိုတာကလည်း တကယ်ဆိုတော့ လူငယ်ပါပဲ။ လူငယ်ဆိုတာလည်း ကျောင်းသားတွေပါပဲ။ ဒီတော့ ကျောင်းသားများအတွက် မှတ်သားနာယူဖို့ ကောင်းလှတဲ့ ဘုရားရှင်ရဲ့ ဒေသနာတော်တစ်ခုကို ထုတ်ပြလိုက်ချင်ပါတယ်။ အင်္ဂုတ္တိုရ် ပါဠိတော် မြန်မာပြန် ဒုတိယတွဲ စာမျက်နှာ ၅၂၃ က **ဒုတိယ သတ္တကသုတ်** ကို တင်ပြမှာ ဖြစ်ပါတယ်။ အဲဒီသုတ်မှာ ဘုရားရှင်က ရဟန်းတွေကို 'မဆုတ်ယုတ်ကြောင်း' (အပရိဟာနိယတရား) ခုနစ်ပါးကို ဟောကြားထားတာ ဖြစ်ပါတယ်။ မဆုတ်ယုတ်ကြောင်း၊ မပျက်စီးကြောင်း၊ တိုးတက်ကြောင်းလို့ ဆိုရမှာပေါ့။

ဘုရားရှင်ကတော့ ရဟန်းတော်များအတွက် ဟောကြားတော် မူခဲ့တာပေါ့။ **ဒါပေမယ့် ရဟန်းတော်ဆိုတာတွေက ဘုရားရှင်ရဲ့ ကျောင်းသားတွေပဲ မဟုတ်လား။** မင်းတို့လို ကျောင်းသားတွေပါပဲ။ မင်းတို့တွေလုံချည်စိမ်း၊အကျႌဖြူ ယူနီဖောင်းဝတ်ကြရသလို သူတို့လည်း ယူနီဖောင်းဝတ်ထားကြရတာ မင်းတို့အမြင်ပါပဲ။ စည်းကမ်းကျတော့ မင်းတို့ထက် အဆမတန်ကြီးတယ်။ အစားအသောက် အနေအထိုင်အစစမှာ တင်းကျပ်ပါတယ်။ ဒါကြောင့်လည်း သူ့ကျောင်းတော်မှာ လူတိုင်းမနေနိုင်ကြဘူး။

တစ်ခုကွာနေတာက မင်းတို့က ဆယ်တန်းအောင်ဖို့၊ အင်ဂျင်နီယာဖြစ်ဖို့၊ ဆရာဝန်ဖြစ်ဖို့ စသည်အားဖြင့် လောကီကြီးပွားမှုအတွက် ကြိုးစားနေကြတာ။ ဘုရားရှင်ရဲ့ ကျောင်းသားတွေကတော့ လောကီကလွတ်အောင်၊ သံသရာဆိုတဲ့ ဝဲဂရက်ကြီးထဲကလွတ်အောင် ကြိုးစားနေကြတဲ့ ကျောင်းသားတွေပေါ့။ ဒါပေမယ့် ကျောင်းသားဟာ ကျောင်းသားပါပဲ၊ ပင်ပန်းကြီးစွာ ကြိုးစားရတာပါပဲ။ မင်းတို့က ဆယ်တန်းအောင်ဖို့၊ သူတို့က မဂ်ဖိုလ်ရဖို့။ သူတို့ရည်မှန်းချက်နဲ့ မင်းတို့ ရည်မှန်းချက်ကို နှိုင်းယှဉ်ပြောလိုက်တာကို အဆင့်မြင့် ဗုဒ္ဓဘာသာဝင်တွေက

ငါ့ကို ဆဲကြလိမ့်မယ်တောင် ထင်မိတယ်။ မယုဉ် စကောင်းကိုးကွဲ့။ သို့သော်လည်း မင်းတို့ငါတို့တစ်တွေ အတွက်လည်း ပိဋကတ်တော်ဟာ ဘယ်လောက် အရေးပါသလဲဆိုတာကို သိလာကြအောင် ငါကတော့ ပြောရတော့မှာပဲ။ ဘာကြောင့်လဲဆိုတော့ ပိဋကတ် ဆိုတာဟာ လောကုတ္တရာ (နိဗ္ဗာန်ရောက်ရေး) သက်သက်မဟုတ်ဘူး၊ လောကီလူငယ်တွေ ကြီးပွား ရေးအတွက်လည်း လမ်းညွှန်မှုတွေ ပါဝင်နေကြောင်း သိကြစေချင်လို့ပါပဲ။

**ဘုရားရှင်ကတော့ (သူ့ကျောင်းသား) ရဟန်း တော်တွေအတွက် ဟောတော်မူတာပါ။ သို့သော် လည်း ငါတို့က ငါတို့အတွက် ရအောင် ယူတတ် ရမှာ ပေါ့။** ကဲ-'ဒုတိယသတ္တကသုတ်' ကို ဖတ်ကြည့် ရအောင်-

(ပိဋကတ် မြန်မာပြန် ရေးဟန်ကိုယဉ်ပါးသွား အောင် မူရင်းအတိုင်း၊ ထည့်ပေးလိုက်ပါတယ်။ နောက်ပြီး ဂဏန်းလေးတွေလည်း ထိုးပေးလိုက်တယ်)

*ရဟန်းတို့ သင်တို့အား မဆုတ်ယုတ်ကြောင်း 'အပရိဟာနိယ' တရား ခုနစ်ပါးတို့ကို ငါဟောအံ့၊ ထို တရားကို နာကြကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကြ*

ကုန်လေ့။ ရဟန်းတို့ မဆုတ်ယုတ်ကြောင်းတရား ခုနစ်ပါးတို့သည် အဘယ်တို့နည်း ဟူမူ-

၁-ရဟန်းတို့ ရဟန်းတို့သည် အမှုသစ်၌ မွေ့လျော်ပျော်ပိုက် လုံ့လစိုက်၍ မနေကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွားရန်သာရှိပေ၏။ ဆုတ်ယုတ်ရန်ကား မရှိပေ။

၂-ရဟန်းတို့ ရဟန်းတို့သည် စကားပြောဆိုခြင်း၌ မွေ့လျော်ပျော်ပိုက် လုံ့လစိုက်၍ မနေကြသမျှ ကာလပတ်လုံး ။ပ။

၃-အိပ်စက်မှု၌ မွေ့လျော်ပျော်ပိုက် လုံ့လစိုက်၍ မနေကြသမျှ ကာလပတ်လုံး ။ပ။

၄-အပေါင်းအဖော်တို့နှင့် စုရုံးနေထိုင်မှု၌ မွေ့လျော်ပျော်ပိုက် လုံ့လစိုက်၍ မနေကြသမျှ ကာလပတ်လုံး ။ပ။

၅-(မရှိသောဂုဏ်ကို ဖော်ပြတတ်သော) အလိုဆိုးမှ ကင်းကုန်လျက် အလိုဆိုးတို့ ဆွဲဆောင်ရာ မလိုက်ကြသမျှ ကာလပတ်လုံး ။ပ။

၆-ယုတ်ညံ့သော အဆွေခင်ပွန်း အပေါင်းအဖော်မရှိမူ၍ ယုတ်ညံ့သူတို့၌ မကိုင်းညွတ်သမျှ ကာလပတ်လုံး ။ပ။

၇-အနည်းငယ်သော တရားထူးကို ရကာမျှ

ဖြင့် (အရဟတ္တဖိုလ်သို့ မရောက်မီ) လမ်းခုလတ်၌ ရပ်စဲ၍ မနေကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွားရန်သာ ရှိပေ၏။ ဆုတ်ယုတ်ရန်ကား မရှိပေ။

ရဟန်းတို့ ဤမဆုတ်ယုတ်ကြောင်း 'အပရိဟာနိယတရား' ခုနစ်ပါးတို့သည် ရဟန်းတို့၌ တည်၍ ရဟန်းတို့သည် ဤမဆုတ်ယုတ်ကြောင်း 'အပရိဟာနိယ' တရား ခုနစ်ပါးတို့ကို ကျင့်သုံးနေသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွားရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေဟု (မိန့်တော်မူ၏)။

အပရိဟာနိယ ခုနစ်ပါးအကြောင်း မသွားမီ ပိဋကတ်တော် မြန်မာပြန် ရေးထုံး အကြောင်းလေးကို ပြောလိုက်ရဦးမယ်။ -။ပ။-ဆိုတာလေးကို သတိထားမိမှာပေါ့။ အဲဒါကို **'ပေယျာလ'** လို့ခေါ်တယ်။ အမိပ္ပာယ်က စာဖတ်သူ သိလောက်ပြီး ထင်ရှားနေလို့ ချန်ထားခဲ့တယ်၊ ရှေ့က စာထဲမှာ ပါတဲ့အတိုင်းမို့ မြှုပ်ထားခဲ့တယ်ဆိုတဲ့ သဘောပါပဲ။

အဲဒါကို သာမန်အရပ်စကား ပြောကြရာမှာတော့ "သူ့ကိုတော့ ပေလာယ ထားလိုက်ပါပြီ" ဆိုတာမျိုး ပြောကြတာကို ကြားဖူးကြပါလိမ့်မယ်။ ပေယျာလကို ပြောချင်တာပါ။ စာပေတွေထဲမှာတော့

ပေယျာလကို (ပ) (လ) (ပေ) **စသည်အားဖြင့်** သင်္ကေတ ပြုတတ်ကြပါတယ်။

အဲဒါကို **'ပေယျာလ ကန်တယ်' 'ပေယျာလ ထိုးတယ်'** လို့ ခေါ်တယ်။ အဲဒါကိုပဲ 'သူ့ကိုပေယျာလ ကံ ထားလိုက်တယ်' လို့ သုံးတတ်ကြတယ်။ 'သူ့ထိုက် နဲ့သူ့ကံပဲ'ဆိုတဲ့ အဓိပ္ပာယ်နဲ့ ပြောကြတာပါ။ အမှန်က ကံကြမ္မာကိုပြောတာ မဟုတ်ပါဘူး။ 'ပေယျာလကန် တယ်' ဆိုရာမှာ 'ကန်' ဆိုတာက ရေးတာမှတ်တာကို ပြောတာပါ။ **'လူချင်းချစ်ရင် သက္ကရာဇ် နာနာကန်'** ဆိုတဲ့ စကားကို ကြားဖူးကြလေမလား မသိဘူး။ ဆိုလို တာက ငွေရေးကြေးရေးစတဲ့ ကိစ္စမျိုးတွေမှာ ဘယ်နေ့ က ဘယ်လောက်ယူတယ်၊ ဘယ်နေ့က ဘယ်လောက် ပြန်ဆပ်တယ်၊ နောက်ထပ် ဘယ်နေ့မှာ ဘယ်လောက် ထပ်ယူပြန်တယ် ဆိုတာမျိုးတွေကို သေချာ ရက်စွဲနဲ့ မှတ်ရတယ်။ မမှတ်ရင် နောင်အခါ စာရင်းရှုပ် အငြင်း အခုံဖြစ်ပြီး ချစ်သူခင်သူချင်း မုန်းသွားတတ်လို့ သတိ ပေးတဲ့ စကားလေးပါ။

ဒါလေးတွေကတော့ စကားကြုံလာလို့ ဗဟုသုတ လက်ဆောင်အဖြစ် ထည့်ပေးလိုက်တာပါ။

လက်သည်းကွင်း( )နဲ့ပြထားတဲ့ စာလေး တွေကိုလည်း သတိထားမိလိမ့်မယ်။ အဲဒီစာသားဟာ

မူရင်းပါဠိတော်မှာ (မလိုအပ်လို့) မပါဘူး။ မြန်မာပြန်မှာ တော့ဖြင့် အဓိပ္ပာယ် ပြည့်စုံအောင်လို့ ဖြည့်ပေးလိုက် တာလို့ ဆိုလိုပါတယ်။

ကဲ-အပရိဟာနိယတရား ခုနစ်ပါးအကြောင်း ကို သွားလိုက်ကြဦးစို့။

ပိဋကတ်တော်မှာ မဆုတ်ယုတ်ရာ အကြောင်း၊ ကြီးပွား တိုးတက်ရာ အကြောင်း အပရိဟာနိယတရား တို့ကို နေရာများစွာမှာ တွေ့ရပါတယ်။ ရဟန်းတို့ အတွက်၊ လူတို့အတွက်၊ အဖွဲ့အစည်းအတွက်၊ တိုင်း ပြည်တစ်ခုအတွက် စသည်အားဖြင့် အမျိုးမျိုး ပါပဲ။ ဆယ်တန်း စကားပြေ လက်ရွေးစင်မှာ ပြဋ္ဌာန်းထားတဲ့ ဆရာတော် ရှင်မဟာသီလဝံသရဲ့ **'တိုင်းပြည် စည်ကား ကြောင်း'** ဆိုတာဟာလည်း အပရိဟာနိယတရား ခုနစ်ပါး ပါပဲ။ တိုင်းပြည် နိုင်ငံတစ်ခုအတွက် မဆုတ် မယုတ် ကြီးပွားကြောင်းပေါ့။

ကဲ-တိုင်းပြည်နိုင်ငံတွေကို ထားလိုက်ပြီး ကျောင်းသားတွေအနေနဲ့ 'အပရိဟာနိယတရား ခုနစ် ပါးကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ ချဉ်းကပ်ကြည့်ကြ ရအောင်။

ဘုရားရှင်က သူ့တပည့်ကျောင်းသား

တွေကို-

<u>*ရဟန်းတို့ အမှုသစ်၌ မွေ့လျော်ပျော်ပိုက် လုံ့လစိုက်၍ မနေကြသမျှကာလပတ်လုံး ။ပ။*</u> လို့ သတိပေးထားတယ်။ ငါတို့လူဝတ်ကြောင် ဆယ်တန်း၊ တက္ကသိုလ် ကျောင်းသားတွေ ဟာရော ဘာထူးသလဲ။ **'ကိုယ့်ကျောင်းစာမှအပ ဘာမဆို စိတ်ဝင်စားတယ်'** ဆိုတဲ့ ကျောင်းသားမျိုးတွေ မရှိဘူးလား။ ရှိနေတာပဲ။ အမှုသစ်ဆိုတာတွေက အဆိုသင်တန်း တက်လိုက်ချင်တာ၊ သရုပ်ဆောင်သင်တန်း တက်လိုက်ချင်တာ၊ 'ဆိုကြမယ် ပျော်ကြမယ်' ရုပ်/သံ အစီအစဉ်မှာ ဝင်ပြီးနွှဲလိုက်ချင်တာ၊ ကွန်ပျူတာဂိမ်းမှာ ကျွမ်းချင်တာ စသည် စသည်အားဖြင့် အမှုသစ်တွေက အနန္တ ဖြစ်နေတာ မဟုတ်လား။ အဆို၊ အတီး၊ ဂီတနဲ့ကိုပဲ အသက်မွေး ဝမ်းကျောင်းပြုမှာ ဆိုရင်တော့ တစ်မျိုးပေါ့။ သရုပ်ဆောင် တစ်ယောက် အဖြစ်နဲ့ကို စီးပွားဖြစ်အောင် လုပ်မယ်ဆိုရင်လည်း တစ်မျိုးပေါ့။ ကိုယ်က ဘာလုပ်နေတာလဲ၊ ရည်မှန်းချက်က ဘာလဲ၊ စာမေးပွဲအောင်ဖို့၊ ပညာရပ်တစ်ခုကို သေချာတတ်မြောက်ဖို့ ရည်မှန်း ထားပါတယ်ဆိုရင် 'အမှုသစ်၌ မွေ့လျော်ပျော်ပိုက် လုံ့လစိုက်နေခြင်း' ကို သတိထားရတော့မှာပေါ့။

နောက်တစ်ချက် နံပါတ် ၂ -

***စကားပြောဆိုခြင်း၌ မွေ့လျော်ပျော်ပိုက် လုံ့လ စိုက်နေခြင်း*** တဲ့။ ဒါကိုတော့ဖြင့် အထူးပြောနေစရာတောင် မလိုတော့ပါဘူး။ ဒီနေ့ လူငယ် ကျောင်းသားတွေဟာ ဘယ်နေရာမှာ အချိန်ကုန် နေကြသလဲဆိုတာ စဉ်းစားကြည့်ပေါ့။ လက်ဖက်ရည်ဆိုင်ပဲ မဟုတ်လား၊ ဘာလုပ် နေကြတာလဲ၊ တောင်စဉ် ရေမရ စကားတွေကို ပြောနေကြတာပဲ မဟုတ်လား။ တချို့ စီးပွားရေးသမားတွေက လက်ဖက်ရည်ဆိုင်မှာ လာပြီး လုပ်ငန်းစကား ပြောကြတာ။ ကျောင်းသားလူငယ်တွေ ဆိုတာက ဘာလုပ်ငန်းမှမဟုတ်ဘူး။ သက်သက် စကားလာပြောနေကြတာ။ စကားပြောခြင်း၌ မွေ့လျော်ပျော်ပိုက် လုံ့လစိုက်နေကြတာ။ ရဟန်းတော်များမှာတော့ဖြင့် မဂ်ပညာဆုတ်ယုတ်ရာ အနှောင့်အယှက် အကြောင်းတရားတွေပေါ့။ ကျောင်းသားတွေအဖို့မှာတော့ လောကီပညာ ဆုတ်ယုတ်ရာ အနှောင့်အယှက် အကြောင်းတရားတွေပေါ့။

ကဲ- နောက်တစ်ချက် နံပါတ် ၃-

***အိပ်စက်မှု၌ မွေ့လျော်ပျော်ပိုက် လုံ့လ စိုက်နေခြင်း။*** အအိပ်စုံမက်တာပေါ့။ လက်ဖက်ရည်ဆိုင်မှာ ထိုင်နေရရင် ညဉ့်လုံးပေါက် ထိုင်ရစေဦးတော့

တစ်ချက်ကလေး မငိုက်ဘူး၊ စာဖတ်လိုက်ပြီ ဆိုရင် ပုခက်နဲ့ ချော့သိပ်လိုက်သလို တစ်မျက်နှာ မကုန်ခင် ငိုက်သွားတာပဲ ဆိုတာမျိုးပေါ့။ အိပ်စက်မှု၌ မွေ့လျော် ပျော်ပိုက်ခြင်း ရှိမရှိကို ကျောင်းပိတ်ရက်လို အားလပ်တဲ့ ကာလမျိုးမှာ ပိုပြီးသိသာပါတယ်။ ပညာလိုလားတဲ့ သူတွေအဖို့ အားလပ်ချိန်ရယ်လို့ မရှိကြဘူး။ ပညာ တစ်ခုခုကို လေ့လာ နေကြတာသာ များတယ်။ တချို့ ကျတော့ ကျောင်းပိတ်ရက်ရှည်လို ကာလမျိုးတွေမှာ တစ်နေ့ခင်းလုံး အိပ်နေကြတော့တာပဲ။ အချိန်ကို အလဟဿ ကုန်စေခြင်းအားဖြင့် အချည်းနှီးသော ယောကျ်ားဖြစ်အောင် လုပ်ကြတယ်လို့ပဲ ဆိုရတော့ မှာပေါ့။

နောက်တစ်ချက် နံပါတ် ၄-

***<u>အပေါင်းအဖော်တို့နှင့် စုရုံးနေထိုင်မှု၌ မွေ့လျော် ပျော်ပိုက်ခြင်း။</u>*** - တစ်ယောက်ထဲကို မနေ တတ်တဲ့သူတွေ ရှိသေးတယ်။ သူတို့ဟာ အနားမှာ တစ်ယောက်ယောက် ရှိမနေရင် နေလို့ကိုမရဘူး၊ အဖော်လိုက်ရှာ နေတော့တာပဲ။ စုရုံးစုရုံးနေရမှ နေသာထိုင်သာ ရှိကြတယ်။ တစ်စုံတစ်ခု အကျိုးရှိတဲ့ အကြောင်းအရာကို စုရုံးဆွေးနွေး ပြောဆိုနေတာ မျိုးလည်း မဟုတ်ဘူး။ ပေါက်တတ်ကရတွေကို ပြော

ပြီး တသောသော ရယ်မောနေရတာမျိုးကို ကျေနပ်နေကြတာ။ လူငယ်ဘာဝ အထီးကျန်မဟုတ်ဘဲ အဲဒီလို နေရတာမျိုးကို နှစ်သက်ကြတာ အပြစ်လို့ မဆိုသာပါဘူး။ ဒါပေမယ့် အဲဒါမျိုးကိုသာ အစဉ်မွတ်သိပ် တောင့်တနေပြီ ဆိုရင်တော့ မြင့်မားကြီးပွားဖို့ မဖြစ်နိုင်တော့ဘူး။ အထူးသဖြင့် ပညာရှာနေတဲ့ ကျောင်းသားများအဖို့ အောင်မြင်ပေါက်မြောက်ဖို့ မမျှော်လင့်နိုင်တော့ဘူး။

နောက်တစ်ချက် နံပါတ် ၅ -

***(မရှိသောဂုဏ်ကို ဖော်ပြတတ်သော) အလိုဆိုးဆွဲဆောင်ရာ လိုက်ခြင်း။*** အလိုဆိုးဆိုတဲ့ စကားနဲ့ပတ်သက်လို့ ဆရာတော် 'အရှင်ဩဘာသာဘိဝံသ' က 'သုတေသန သရုပ်ပြအဘိဓာန်' မှာ 'မိမိသန္တာန်၌ဖြစ်သော လောဘတဏှာ အလိုဆိုးသို့ မလိုက်မပါနေခြင်း' လို့ ဖွင့်ဆိုထားပါတယ်။ ပုထုဇဉ် မှန်သမျှ လောဘတဏှာကို ဘယ်မှာ ကင်းနိုင်ပါ့မလဲ။ ခိုးတာ၊ လုတာ၊ လှည့်ဖြား လိမ်ညာပြီးယူတာစတဲ့ 'မတော်လောဘ' အလိုဆိုးကို လိုက်ခဲ့မိရင်တော့ဖြင့် သီလ သမာဓိမရှိတာ ထင်ရှားနေပြီပေါ့။ စာမေးပွဲမှာ တစ်ပါးသူတွေက မှန်မှန်ကန်ကန်ဖြေဆို နေကြပါလျက် ကိုယ်က ခိုးချနေမယ်ဆိုရင် အလိုဆိုးသို့လိုက်ပါ

နေခြင်းပဲပေါ့။

တက္ကသိုလ်မှာ ဆရာလုပ်ခဲ့စဉ်က ကျောင်းမှန်မှန်တက်၊ 'လက်ချာ' မှန်မှန် လိုက်လေ့ရှိတဲ့ ကျောင်းသူကျောင်းသားလေးတွေကို စာမေးပွဲနီးလာရင် ကိုယ့်မှတ်စုစာအုပ်ကို ကိုယ်နဲ့မကွာဖို့ ခဏခဏ သတိပေးရတယ်။ ပေတေတေ ကောင်တွေက စာမေးပွဲကိုတော့ သူများနည်းတူ အောင်ချင်တယ်လေ၊ ဒီတော့ မှတ်စုကောင်းကောင်းတွေကို အလစ်သုတ်တတ်ကြတယ်။ ဘယ်လောက် စက်ဆုပ်ဖို့ကောင်းလဲ။ တစ်နှစ်လုံးကျောင်းတက်လာခဲ့တဲ့ ကလေးခမျာမှာ နှမြောရှာမှာပေါ့။ တချို့မိန်းကလေးဟာဆိုရင် ပင်ပန်းကြီးစွာ ငိုကြွေးတော့တာ။ ဆရာဖြစ်သူက မနေနိုင်တော့ ဟိုကဒီက မှတ်စုတွေကို တောင်းပေး၊ ဝိုင်းကူးပေး လုပ်ကြရတာ။ အလိုဆိုးကို လိုက်တဲ့သူတစ်ယောက်ကြောင့် ပတ်ဝန်းကျင် ဒုက္ခရောက်တတ်တာကို ပြောတာပါ။ အဆအရာ၊ အဆအယောင်ခဲ့ပွားပြီး စဉ်းစားမယ်ဆိုရင် အလိုဆိုးသို့လိုက်ခြင်းဟာ ဘယ်လောက် ကြောက်စရာကောင်းတယ်ဆိုတာ မှန်းနိုင်လောက်ပါတယ်။

နောက်တစ်ချက် နံပါတ် ၆ -

<u>ယုတ်ညံ့သော အဆွေခင်ပွန်း အပေါင်းအဖော်မရှိမှု၍ ယုတ်ညံ့သူတို့၌ မကိုင်းညွတ်ကြခြင်း</u> တဲ့။

'ယုတ်ညံ့သူတို့၌ မကိုင်းညွတ်ခြင်း' ဆိုတဲ့ စကား သုံးကလေးဟာ မလှပေဘူးလား။ ပိဋကတ်တော် မြန်မာပြန်တွေကို ဖတ်တဲ့အခါမှာ အဲဒီလို လှလည်းလှ၊ ခွန်အားလည်း ရှိတဲ့ စကားလုံး အသစ်ကလေးတွေကို တွေ့လိုက် မှတ်လိုက်ရတာလည်း အရသာတစ်မျိုး ပါပဲ။

'ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒ' ကျမ်းပြု ဆရာကြီး ဦးအေးမောင် ကို 'ဗီဇက ကောင်းပါလျက်နဲ့ အပေါင်း အသင်း ပတ်ဝန်းကျင်ကြောင့် ပျက်စီးသွားတာမျိုး လည်း ရှိနိုင်တာပဲ မဟုတ်လား' လို့ မေးဖူးတယ်။ ဆရာကြီး ပြန်ဖြေတာက '*ဗီဇနဲ့ပတ်ဝန်းကျင်ဟာ နှစ်မျိုး လုံး အရေးပါတာပဲ။ အပေါင်းအသင်းကြောင့် ပျက်တယ် ဆိုပါတော့ - ကိုယ်တိုင်က မကောင်းတဲ့ အပေါင်းအသင်းကို နှစ်သက်နေမိပြီဆိုရင် ကိုယ့်မှာ လည်း မကောင်းတဲ့ဗီဇ ထိုက်သင့်သလောက် ပါလာ နေလို့ပဲ ဖြစ်မှာပေါ့ ကိုအောင်သင်းရယ်။* ***ချိုကုပ်ရှိရာ ချိုထောင်မလာ ဆိုတာမျိုးပေါ့***' တဲ့။

ဆရာကြီးက 'ယုတ်ညံ့သူတို့၌ ကိုင်းညွတ် ခြင်း' သဘောကို ပြောလိုက်တာပဲ မဟုတ်လား။ မင်းတို့ လူငယ်တွေမှာ ဖြစ်စေ၊ ငါတို့လူကြီးတွေမှာ ဖြစ်စေ မကောင်းမှုကို ညွတ်တတ်တဲ့ စိတ်ငုပ် ကလေးတွေ

ရှိတတ်တယ်။ ကိုယ့်မှာ ရှိနေတာကို သိရင် များနေရင် နည်းသွားအောင်၊ နည်းနေရင် လုံးဝငုပ် သွားအောင် သတိနဲ့ ထိန်းကြရတာပဲ။ လူငယ်ဘဝ ကျောင်းပြေး တတ်သူနဲ့ ပေါင်းမိရင် ကျောင်းပြေးချင်လာတာပဲ၊ ပထမတော့ တစ်ခါတစ်ရံလို့ အောက်မေ့တာပေါ့။ နောက်တော့ မှတ်စုတွေကမစုံ၊ ဆရာကစာမေးမှာ ကြောက်နဲ့ မပြေးချင်ဘဲနဲ့ ပြေးရတဲ့ဘဝကို ရောက် သွားတတ်တာပဲ။ လူတစ်ယောက်ရဲ့ ဘဝကို အပေါင်း အသင်း ပတ်ဝန်းကျင်က ဘယ်လောက်အထိ ပြဌာန်း တယ်ဆိုတာ အထူးပြောစရာ မလိုတော့ပါဘူး။

နောက်တစ်ချက် နံပါတ် ၇ -

***<u>အနည်းငယ်သော တရားထူးကို ရကာမျှ ဖြင့် (အရဟတ္တဖိုလ် မရောက်မီ) လမ်းခုလတ်၌ ရပ်စဲ နေခြင်း</u>*** တဲ့။ အစမ်းစာမေးပွဲမှာ အဆင့်(၁) ရလိုက်တာ လေးနဲ့တင် မြောက်ကြွ မြောက်ကြွဖြစ်ပြီး ကြိုးစားမှု လျော့ပါးသွားတာမျိုးပေါ့။ တက္ကသိုလ် ပထမနှစ်၊ ဒုတိယနှစ်တွေမှာ တကယ်တော်လို့ ဆရာတွေက အထင်တကြီး မျှော်မှန်းထားပါလျက် ဘဝင်လေး ကြွသွားတာကြောင့် ကတ်ကတ်သတ်သတ် အောင်ရုံ လေးအောင်သွားတဲ့ ကျောင်းသားကျောင်းသူတွေကို ဆရာဘဝမှာ ခဏခဏ ကြုံခဲ့ရဖူးတယ်။

ကဲ - ပိဋကတ်တော် မြန်မာပြန်ကို တကယ် သေချာ ဖတ်ကြည့်မယ်ဆိုရင် လူငယ်များ ကြိုးပွားရေး လမ်းညွှန်တွေ သုံးလို့မကုန်နိုင်အောင် ဖြစ်မနေပေဘူးလား။ သေချာ စဉ်းစားကြည့်လိုက်တော့ ငါတို့ ဘုရားဟာ ချစ်စရာ မကောင်းဘူးလား။ 'ငါတို့ဘုရား' လို့ သုံးလိုက်တာက သူများဘုရားတွေနဲ့ ခြားနားပြီး ပြောလိုက်တာ မဟုတ်ပါဘူး။ ရင်းနှီးစိတ်နဲ့ 'ငါတို့ ဘုရားလို့' ပြောလိုက်တာပါ။ *ဘုရားရှင်က ငါတို့နဲ့ တရင်းတနှီး နေချင်တော် မူပါလျက် ငါတို့က ဘုရားကို ခပ်လှမ်းလှမ်း ဘုရားစင်ပေါ် တင်ထားပြီး ခပ်ရှောင်ရှောင် လုပ်နေကြတာပါ။ ဘုရားရှင်က ငါတို့ နှလုံးအိမ်မှာ ကိန်းဝပ်တော် မူချင်ပါလျက် ငါတို့က 'နှလုံးအိမ်တံခါး'ကို ပိတ်ထားကြတာ။*

နောက်တော့ ပိဋကတ် မြန်မာပြန်တွေကို လည်း စင်ပေါ်မှာ တရိုတသေထားပြီး ခပ်လှမ်းလှမ်းက ကြည့်နေတဲ့ အဆင့်ထိအောင် ရောက်နေကြပြီ။ ဒါကြောင့် မင်းတို့ လူငယ်မျိုးဆက်သစ်အတွက် ပိဋကတ်နဲ့ မိတ်ဆက်ပေးနေရတာပါပဲ။ ပိဋကတ်နဲ့ ပေါင်းကြည့်စမ်းပါလို့ တိုက်တွန်းလိုက်ရပါတယ်။

(မိုးဂျာနယ်၊ အတွဲ(၉)၊ အမှတ်(၁)၊ ၁၉၉၉၊ ဇန်နဝါရီလ။)

## ပါရာ:ရုပါနှာ

ဗုဒ္ဓဘာသာဝင် မှန်ရင် ‘ရတနာသုံးပါး ဦးထိပ်ထားလျက်’ ဆိုတာမျိုးကို နားရည်ဝနေကြပြီးဖြစ်ပါတယ်။ ‘ဘုရား၊ တရား၊ သံဃာ’ ဆိုတဲ့ ရတနာသုံးပါးကို မသိတဲ့ ဗုဒ္ဓဘာသာဝင်ရယ်လို့ မရှိနိုင်ပါဘူး။ ရှိခိုးပူဇော်ကြပြီ ဆိုရင်လည်း ‘ဗုဒ္ဓံပူဇေမိ၊ ဓမ္မံပူဇေမိ၊ သံဃံပူဇေမိ’ ဆိုပြီး ဘုရားကို ရှေ့ဆုံးမှာ ဦးစားပေးပြီး ရှိခိုးပူဇော် ကြပါတယ်။ နောက်ပြီး ဘုရားကျောင်းကန်ကိုသွားကြပြီ ဆိုရင်လည်း ပထမဦးဆုံး လုပ်ကြရတာက ဘုရားရှင်ရဲ့ ဆင်းတုတော်ကို ဦးခိုက် ပူဇော်လိုက်ခြင်းပါပဲ။ ဒီလိုပဲ အိမ်မှာလည်း ဘုရားစင်ကလေးကို ပန်း၊ ဆီမီး ပူဇော်တယ်၊ ဆွမ်းရေချမ်း ကပ်တယ်၊ တတ်နိုင်သမျှ မြတ်နိုးဖွယ်ရာ ဝတ္ထုပစ္စည်းကလေးတွေကို တင်မြှောက် ပူဇော်ထားကြတယ်။

ထိုနည်းတူစွာပဲ မိမိတို့ကြည်ညို ဆည်းကပ်ရာ သံဃာတော်များကိုလည်း လှူဒါန်းပူဇော်ကြပါတယ်။

ဘုန်းတော်ကြီးကျောင်းတစ်ခုကို ရောက်သွားလိုက်ပြီ ဆိုရင် ပထမဆုံး ဘုရားဆင်းတုတော်ရှိရာကို ဝတ်ပြု လိုက်ပြီး ဆရာတော် ဘုန်းကြီး (သံဃာတော်များ)ကို ဆက်လက် ဝတ်ပြုကြမြဲဖြစ်ပါတယ်။

ဘုရားကိုလည်း ရှိခိုးတယ်၊ သံဃာတော် ကိုလည်း ရှိခိုးပူဇော်တယ်။

ဒါဖြင့် 'တရား'က ဘယ်ရောက်နေသလဲ။ တရားကို ဘယ်လိုပူဇော်သလဲ။

အမှန်ပြောရရင် ခပ်ငယ်ငယ်ကတည်းက ရတနာသုံးပါးဆိုပြီး ရှိခိုးနေရင်း တရားတော်မြတ် ဆိုတာကို နှုတ်ကရွတ်လိုက်တိုင်း စိတ်ထဲမှာ ဘာကို အာရုံပြုလိုက်ရမှန်းမသိ ဖြစ်နေခဲ့ဖူးပါတယ်။ အခုလည်း တကယ်အာရုံ မထားတတ်သေးကြောင်း ဝန်ခံပါတယ်။

အခုလို ပိဋကတ်တော် မြန်မာပြန်ကို စိတ်ရှည်လက်ရှည် ဖတ်တော့မှ သတိထားမိတာက ဘုရားရှင်ဟာ သူ့ကိုယ်သူ ထက်တောင် တရားတော်ကို ဦးစား ပေးတော်မူတယ် ဆိုတဲ့အချက်ပါပဲ။ ဘုရားရှင် ဟာ သတ္တဝါတို့ကို စောင့်ရှောက်ခြင်းဆိုတဲ့အလုပ် မရှိ ရင် တရားတော်ကိုသာ သုံးသပ်နေတော်မူလေ့ရှိ တယ်။ တပည့် သံဃာတော်များကိုလည်း တရားတော်

ကိုအာရုံပြုနေဖို့သာလျှင် အဖန်ဖန်တိုက်တွန်းဆုံးမ တော်မူတယ်။

ပိဋကတ် မြန်မာပြန်လေးတစ်ခုကို ဖတ်ကြည့်စေချင် ပါသေးတယ်။ **'မဟာဝဂ် ပါဠိတော် မြန်မာပြန်'** ထဲက **'ဝေဠုဝရွာ၌ ဝါဆိုတော်မူခြင်း'** ဆိုတဲ့ အခန်းကလေးကို ထုတ်နုတ် ပြချင်တာပါ။

ဒီအချိန်မှာ မြတ်စွာဘုရားသခင်က သက်တော်ကလည်း ရှစ်ဆယ်ရှိပြီ၊ ကျန်းမာရေးကလည်း ယိုင်စပြုလာပြီ။ တကယ်ဆိုတော့ ပရိနိဗ္ဗာန် ပြုဖို့တောင် နီးလာပါပြီ။ ဝေဠုဝရွာမှာ ဝါကပ်တော်မူတော့ သေလုနီးပါးလို့ ဆိုရအောင် ရောဂါ ပြင်းထန်ပါတယ်။ အဲဒီ ဝေဒနာကို ဘာဝနာနဲ့ ပယ်ခွာပြီး သမာပတ် ဝင်စားခြင်းဖြင့် အသက်ကို ထိန်းထားခြင်းသာ ဖြစ်တယ်လို့ ဆိုရမှာပါ။ ဝေဒနာက လွန်မြောက်လို့ မြတ်စွာဘုရား နာလန်ထလာတာ မြင်တော့ ရှင်အာနန္ဒာက အလွန်စိတ်သက်သာရာ ရသွားပြီး (ခုခေတ် စကားနဲ့ပြောရရင်) "အရှင်ဘုရား-ခုမှပဲ စိတ်အေးရပါ တော့တယ်။ တပည့်တော်မှာ တရားကိုလည်း မဆင်ခြင်နိုင်၊ ဘာကိုမှ သတိမရနိုင် ဖြစ်နေခဲ့တာပါ။ 'အေးလေ-မြတ်စွာဘုရားဟာ ပြောစရာ မှာစရာ တစ်စုံတစ်ခု မပြောဘဲနဲ့တော့ ပရိနိဗ္ဗာန် ပြုတော်မူမှာ မဟုတ်

ပါဘူး' လို့ စိတ်ကို ဖြေနေခဲ့ရတာပါ။"

ဒီတော့ မြတ်စွာဘုရားသခင်က ပြန်လည် မိန့်တော်မူတာလေးကို ဖတ်ကြည့်စေချင်ပါတယ်-

*"အာနန္ဒာ ရဟန်းသံဃာသည် ငါ့ထံမှ အဘယ်အရာကို မျှော်လင့်နေသေးသနည်း။ အာနန္ဒာ ငါသည် အတွင်းအပြင်မထားဘဲ တရားကိုဟောခဲ့ပြီ။ အာနန္ဒာ မြတ်စွာဘုရားတို့မည်သည်မှာ တရားတို့ (အရာ)၌ ဆရာ့လက်ဆုပ် ပြုထားသော လျှို့ဝှက်ချက် မရှိချေ။"*

*"အာနန္ဒာ 'ရဟန်းသံဃာတို့ကို ငါသာလျှင် သိမ်းယူထားအံ့' ဟူ၍၎င်း၊ 'ရဟန်းသံဃာသည် ငါ့ကို သာလျှင် အားကိုးခြင်းရှိနေစေ' ဟူ၍၎င်း၊ အကြင်သူ အား လိုလားခြင်းရှိရာ၏၊ ထိုသူသည်သာလျှင် ရဟန်း သံဃာနှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာ(မှာထားချက်)ကို မြွက်ဆိုရာ၏။"*

*"အာနန္ဒာ မြတ်စွာဘုရားမှာမူကား 'ရဟန်း သံဃာကို ငါသာလျှင်သိမ်းယူထားအံ့' ဟူ၍၎င်း၊ 'ရဟန်းသံဃာသည် ငါ့ကိုသာလျှင်အားကိုးခြင်း ရှိနေစေ' ဟူ၍၎င်း၊ ဤသို့သော လိုလားခြင်းသည် မရှိချေ။ အာနန္ဒာ ထိုသို့လိုလားခြင်းမရှိသော မြတ်စွာ*

*ဘုရားသည် ရဟန်းသံဃာနှင့် စပ်လျဉ်း၍ တစုံတစ်ရာ (မှာထားချက်)ကို အဘယ်မှာလျှင် မြွက်ကြားတော့အံ့နည်း။"*

အထက်မှာ ဖော်ပြလိုက်တဲ့ ကောက်နုတ်ချက်ကလေးကိုဖတ်ပြီး သေချာစဉ်းစားကြည့်စေချင်ပါတယ်။ ဘုရားသခင်က သူ့အတွက်ဘာဆိုဘာမှ အလိုမရှိဘူးဆိုတာ ပေါ်မလာပေဘူးလား။ တရားတော်အရာမှာ 'ဆရာစား' မချန်ဘဲ ပေးထားခဲ့တယ်။ မိမိ ဩဇာကြီးဖို့ဆိုတာတွေ မရှိဘူး၊ သံဃာအဖွဲ့အစည်းကြီး သူ့နောက်မှာ ရှိနေတာအတွက်လည်း ဘာမျှ နှစ်သက်မက်မောခြင်း မရှိဘူးဆိုတာတွေ ပေါ်လာမနေပေဘူးလား။ ဘုရားရှင်ဟာ သူ့ကို ယုံကြည် ဆည်းကပ်နေသူတို့ အကျိုးကိုသာလျှင် ရှေ့ရှုနေလေ့ ရှိတယ်ဆိုတာ ပေါ်လွင်မနေပေဘူးလား။

ဘုရားရှင် မိန့်တော်မူတာလေးကို ဆက်ပြီး ဖတ်ကြည့်ပါဦး-

*"အာနန္ဒာ ယခုအခါ ငါသည် အိုမင်းကြီးရင့်လှပါပြီ။ အရွယ်လွန်နေပါပြီ၊ အဆုံးပိုင်းသို့ ရောက်နေပါပြီ၊ ငါ့အသက် ရှစ်ဆယ်ရှိနေပါပြီ။ အာနန္ဒာ လှည်းအို*

သည် ဖွဲ့စည်းတုပ်နှောင်ခြင်းဖြင့် တည်တံ့သကဲ့သို့ ဤအတူပင် မြတ်စွာဘုရား၏ ခန္ဓာကိုယ်သည် ဖွဲ့စည်းတုပ်နှောင်ခြင်းနှင့် တူသော ဖလသမာပတ်ဖြင့် တည်တံ့လျက်ရှိ၏။ xxx

အာနန္ဒာ ထို့ကြောင့် သင်တို့သည် မိမိ ကိုယ်ကိုသာ မှီခိုရာပြု၍ မိမိမှတစ်ပါး ကိုးကွယ်ရာ မရှိခဲ့ဘဲ မိမိသာလျှင် ကိုးကွယ်ရာ ရှိသည်ဖြစ်၍ နေကုန်လော့။ တရားကိုသာ မှီခိုရာပြု၍ တရားမှတစ်ပါး ကိုးကွယ်ရာ မရှိဘဲ တရားသာလျှင် ကိုးကွယ်ရာရှိသည်ဖြစ်၍ နေကုန်လော့။"

☸

မြတ်စွာဘုရားသခင်က တရားတော်ကိုသာလျှင် ပဓာနထားပြီး ဦးစားပေးတော်မူတယ်။ သေချာ စဉ်းစားကြည့် လိုက်တော့လည်း တကယ်ကို ဦးစား ပေးသင့်ပေတာပဲလို့ အောက်မေ့ မိပြန်ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ဘုရားကို ဘုရားအဖြစ်နဲ့ ဘာကြောင့် ကိုးကွယ်ရိုသေရသလဲဆိုရင် သစ္စာလေးပါးအစရှိတဲ့ တရားတော်ကြီးကို တွေ့တော်မူခဲ့တာ၊ သတ္တဝါအများကို (တရားကို) သင်ကြားပေးတော်မူခဲ့တာကြောင့် ကျေးဇူးတော်ရှင်အဖြစ် ရိုသေကိုးကွယ်ကြရတာ မဟုတ်လား။ ဘုရားရှင် ပရိနိဗ္ဗာန်

ပြုတော်မူပြီးတဲ့နောက်မှာ အရေးကြီးတာက တရားတော်ကို သိမှတ်လိုက်နာ ကျင့်သုံးကြဖို့သာလျှင် ပဓာနဖြစ်တယ်ဆိုတာ ထင်ရှားနေတယ်။

ဘုရားရှင်ကလည်း ဒီလိုပဲ မိန့်တော်မူပါတယ်။ ဖတ်ကြည့်ပါဦး-

*"အာနန္ဒာ အဘယ်သို့လျှင် ရဟန်းသည် မိမိကိုယ်ကိုသာ မှီခိုရာပြု၍ မိမိမှတစ်ပါး ကိုးကွယ်ရာမရှိဘဲ မိမိသာလျှင် ကိုးကွယ်ရာရှိသည် ဖြစ်၍နေသနည်း။ တရားကိုသာ မှီခိုရာပြု၍ တရားမှတစ်ပါး ကိုးကွယ်ရာ မရှိဘဲ တရားသာလျှင် ကိုးကွယ်ရာရှိသည် ဖြစ်၍ နေသနည်း။*

*အာနန္ဒာ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာ အားထုတ်လျက် ဆင်ခြင်လျက် သတိရှိလျက် ရုပ်ကိုယ်၌ ရုပ်ကိုယ်ဟု အဖန်ဖန်ရှုလျက် လောက၌ (ဖြစ်တတ်သော) လိုချင်တပ်မက်ခြင်းနှင့် နှလုံးမသာခြင်းကို ပယ်ဖျောက်၍နေ၏၊ ပြင်းစွာ အားထုတ်လျက် ဆင်ခြင်လျက် သတိရှိလျက် ခံစားမှု'ဝေဒနာ'တို့၌ ခံစားမှု'ဝေဒနာ'ဟု အဖန်ဖန်ရှုလျက် ။ပ။ စိတ်၌ စိတ်ဟု အဖန်ဖန်ရှုလျက်။ပ။ သဘောတရားတို့၌ သဘောတရားဟု အဖန်ဖန်ရှုလျက် လောက၌ ဖြစ်တတ်သော*

လိုချင် တပ်မက်ခြင်းနှင့် နှလုံးမသာယာခြင်းကို ပယ်ဖျောက်၍နေ၏။

အာနန္ဒာ ဤသို့လျှင် ရဟန်းသည် မိမိကိုယ်ကိုသာ မှီခိုရာပြု၍ မိမိမှတစ်ပါး ကိုးကွယ်ရာ မရှိဘဲ မိမိသာလျှင် ကိုးကွယ်ရာရှိသည် ဖြစ်နေ၏။ တရားကိုသာ မှီခိုရာပြု၍ တရားမှတစ်ပါး ကိုးကွယ်ရာ မရှိဘဲ တရားသာလျှင် ကိုးကွယ်ရာ ရှိသည်ဖြစ်၍ နေ၏။

အာနန္ဒာ အကြင်ရဟန်းတို့သည် ယခုအခါ၌ဖြစ်စေ၊ ငါဘုရား ကွယ်လွန်သောအခါ၌ဖြစ်စေ မိမိကိုယ်ကိုသာ မှီခိုရာပြု၍ မိမိမှတစ်ပါးကိုးကွယ်ရာမရှိဘဲ မိမိသာလျှင် ကိုးကွယ်ရာရှိသည်ဖြစ်၍ တရားကိုသာ မှီခိုရာပြု၍ တရားမှတစ်ပါး ကိုးကွယ်ရာမရှိဘဲ တရားသာလျှင် ကိုးကွယ်ရာ ရှိသည်ဖြစ်၍ နေကုန်လတ္တံ့၊ အလုံးစုံသော ထိုရဟန်းတို့သည် အကျင့်သိက္ခာကို လိုလားသော ရဟန်းဟူသမျှတို့တွင် အမြတ်ဆုံး အဖြစ်သို့ ရောက်ကုန်လတ္တံ့။ ။"

ဘုရားရှင်က သူ့ကို ရိုသေရှိခိုးနေတာထက် တရားတော်ကို ကျင့်ကြံ လိုက်နာနေခြင်းကို ပိုမိုလိုလားတော် မူတယ်ဆိုတာ အလွန်ထင်ရှားပါတယ်။ နောက်ပြီး ဘုရားရှင်က တရားလမ်းကြောင်းကို

သာလျှင် ညွှန်ပြတော် မူနိုင်တယ်။ တကယ် ကျင့်ကြံ အားထုတ် ရမှာကတော့ ကိုယ့်အား ကိုယ်ကိုးခြင်း သာလျှင် ဖြစ်တယ်။ တရားတော်ကို သာလျှင် မှီခိုရမယ်လို့ အတိအလင်း ဟောတော်မူခဲ့တာပေပဲ။

တရားတော်ကို နှလုံးသွင်းခြင်း၊ မိမိစိတ်မှာ ဖြစ်ပေါ်နေတဲ့ ခံစားမှုတွေကို အဖန်ဖန်သုံးသပ်ပြီး လောဘ၊ ဒေါသတရားတွေကို ပယ်ဖျောက်နိုင်အောင် ပြင်းပြင်းထန်ထန် သတိရှိရှိနေခြင်းသာလျှင် အရေးကြီးတယ်လို့ ဟောတော်မူခဲ့ပေတာပဲ။ အဲဒါတွေကို တွေး လိုက်မိတော့မှ 'ဓမ္မံ သရဏံ ဂစ္ဆာမိ' (တရားတော်ကို မှီခို ဆည်းကပ်ပါ၏) ဆိုတာကို ခပ်ရေးရေး သဘော ပေါက်လာမိတယ်။

မြတ်စွာဘုရားကတော့ အလွန်ကို ပြတ်ပြတ်သားသား မြွက်တော်မူလေ့ရှိပါတယ်။ '*ငါဘုရား၏ တရားတော်ကို လိုက်နာကျင့်ကြံခြင်း မရှိသောသူသည် ငါ၏သင်္ကန်းစွန်းကို ဆွဲကိုင်၍ လိုက်နေစေကာမူ ငါနှင့် ယူဇနာ ကွာဝေးနေသူဖြစ်၏၊ ငါဘုရား၏ တရားတော်ကို လိုက်နာ ကျင့်ကြံသူသည်ကား ငါနှင့် ယူဇနာ ကွာသော်လည်း ငါ၏သင်္ကန်းစွန်းကိုကိုင်၍ လိုက်နေသကဲ့သို့ ဖြစ်၏*' လို့တောင် မိန့်တော် မူပါတယ်။

ဒီခေတ်လူငယ်တွေ ယဉ်ပါးနှီးစပ်နေတဲ့ သိပ္ပံ

လောကနဲ့ ဥပမာပေးရင် ကောင်းမလားပဲ။ သိပ္ပံလောကမှာ နယူတန်တို့ အိုင်စတိုင်းတို့လို ပုဂ္ဂိုလ်ကျော်တွေက သိပ္ပံနိယာမကြီးတွေကို တွေ့ခဲ့ကြတယ်။ ဒါကြောင့် သူတို့ကို သိပ္ပံလောက ကျေးဇူးရှင်ကြီးတွေ၊ ကမ္ဘာ့ ကျေးဇူးရှင်ကြီးတွေအဖြစ် အလေးအမြတ်ပြုကြတာပဲ။ ဒါပေမယ့် အဲဒါလောက်ကိုသာ ရေးကြီးခွင်ကျယ် လုပ်ထားသလားဆိုတော့ မဟုတ်ပေဘူး။ သူတို့ တွေ့ရှိချက်(တရားတွေ)ကို လက်တွေ့ အသုံးချဖို့ကိုသာ အရေးတကြီး လုပ်ကြတယ် မဟုတ်လား။ နယူတန်တို့ အိုင်စတိုင်းတို့ ကျေးဇူးကို ပူဇော်နေရုံနဲ့ ကျေနပ်နေတာမျိုး မဟုတ်ဘဲ သူတို့ပေးခဲ့တဲ့ သဘောတရားကို အခြေခံပြုပြီး ကိုယ့်အားကိုယ်ကိုးလို့ အသုံးချ သိပ္ပံပစ္စည်းတွေကို တီထွင်နိုင်အောင် ကြိုးစားကြတယ်။ သိပ္ပံနိယာမတွေကိုယူပြီး ကိုယ့်အတွက် လောကအတွက် အကျိုးရှိအောင် ကြိုးစားကြတယ်။

မြတ်စွာဘုရားသခင်ရဲ့ အလိုတော်ဆန္ဒက "မင်းတို့ ငါ့ကိုရှိခိုး ရိုသေနေရုံနဲ့ ပြီးတာမဟုတ်ဘူး၊ ငါ့ရဲ့တွေ့ရှိချက် တရားတွေက ပိုပြီးအရေးကြီးတယ်၊ မင်းတို့ကိုယ် မင်းတို့ အားကိုး၊ ငါ့တွေ့ရှိချက်တွေကို အမှီပြုပြီး သံသရာက လွတ်မြောက်အောင် အားထုတ်ကြ၊ ငါက မင်းတို့ကို ငါ့တွေ့ရှိချက်တရား ဟူသမျှကို

တစ်စမကျန် ပေးခဲ့ပြီးပြီ။ ငါမရှိလည်း ဘာမှ အရေး မကြီးပါဘူး" လို့ မိန့်မြွက်တော် မူခဲ့တာပါပဲ။

အဲဒီလို စဉ်းစားလိုက်တော့မှ ရတနာ သုံးပါး မှာ 'တရားရတနာ' ဆိုတာကို ခပ်ရေးရေး သဘော ပေါက်လာပါတယ်။ လူငယ် မျိုးဆက်သစ် ကလေး တွေကို ပြောရရင်တော့ဖြင့် မင်းတို့ ငါတို့တစ်တွေဟာ ဘုရားသွား ကျောင်းတက်လုပ်ပြီး ဘုရားဆင်းတုတော် ကို ရှိခိုးနေတာလောက်နဲ့ ကျေနပ်နေဖို့မဟုတ်ဘူး။ သိပ္ပံပညာရှင်တွေဟာ နယူတန်တို့ ၊ အိုင်စတိုင်းတို့ကို ကျေးဇူးတင်နေတာ မှန်သော်လည်း အဲဒါလောက်နဲ့ ပြီးနေတာ မဟုတ်ဘူး။ အဲဒီ နိယာမတွေကို အခြေခံပြီး အသုံးချဖို့၊ ကိုယ်ကျိုး ရှိအောင်လုပ်ဖို့ ကြိုးစားကြ တာပါ။

ဘုရားရှင် မြွက်ကြားတော် မူခဲ့တာကလည်း ဒါပါပဲ။ ဘုရားရှင်ရဲ့ရုပ်တုတော်ကို မဆိုထားနဲ့ သက်တော်ထင်ရှား ဘုရားရှင်ကို ရှိသေတာထက် တရားတော်ကို ရှိသေတာကို ဘုရားရှင်က နှစ်သက် တော်မူတယ်ဆိုတာ အလွန်ထင်ရှားနေပါတယ်။

အဲဒီလို စဉ်းစားကြည့်လိုက်တော့မှ 'သံဃာ ရတနာ' ဆိုတာကိုလည်း ပိုပြီးသဘောပေါက်လာမိပြန် တယ်။ ဘုရားရှင် မရှိတော့တဲ့ နောက်မှာ တရားတော်

တွေကို မပျောက်ပျက်အောင် နှုတ်နဲ့ရွတ်ဆိုပြီး သင်္ဂါယနာ တင်ခဲ့ကြတာတွေ၊ အက္ခရာနဲ့ရေးသား သင်္ဂါယနာ တင်ခဲ့ကြတာတွေ၊ အဲဒီတရားတော်တွေကို ဘုရားရှင်ကိုယ်စား သင်ကြား ပို့ချပေးခဲ့ကြတာ တွေဟာ သံဃာတော်တွေရဲ့ ကျေးဇူးပေပဲလို့ 'သံဃာရတနာ'ကို ထပ်ဆင့် သဘောပေါက်လာမိပြန်ပါတယ်။ အခြေခံ အကျဆုံးကတော့ ဘုရားရှင် တွေ့ရှိတော်မူခဲ့တဲ့ 'တရားရတနာ ကျေးဇူးကြီး' ပေပဲလို့ အောက်မေ့ လိုက်မိပါတယ်။

ကဲ-'တရားရတနာ' ဆိုတာကို သဘောပေါက်လာမိသလောက် တင်ပြခဲ့ပြီးပါပြီ။

မျိုးဆက်သစ် လူငယ်တွေ ဆက်လက်ဆင်ခြင် ကြည့်ကြဖို့ပါပဲ။

(မိုးဂျာနယ်၊ အတွဲ(၉)၊ အမှတ်(၂)၊ ၁၉၉၉၊ ဖေဖော်ဝါရီလ။)

# အပေါင်းအသင်းနှင့် ဓမ္မ

အပေါင်းအသင်းနဲ့ ပတ်သက်ပြီး "မျိုးဆက်သစ် တိုးတက်ရစ်ဖို့" စာအုပ်မှာလည်း အတော်လေးကိုပဲ ကျယ်ကျယ်ဝင့်ဝင့် ရေးလိုက်ခဲ့မိပါသေးတယ်။ ဘုရားရှင်ကတော့ အပေါင်းအသင်းကောင်း ဆိုတာ အလွန် အရေးကြီးကြောင်း လေးလေးနက်နက်ကြီး ဆုံးမတော် မူတာကြောင့် လူငယ်တွေအတွက် ရေး လိုက်ရပါဦးမယ်။

'သံယုတ်ပါဠိတော် မြန်မာပြန်' ပထမတွဲ ထဲက 'ကလျာဏမိတ္တ' သုတ္တန်ပါပဲ။ ပသေနဒီ ကောသလ မင်းကြီးကို အကြောင်းပြုပြီး ဟောတာပါ။ မင်းကြီးက ဘုရားသခင်ကို လျှောက်ထားတာရဲ့ လိုရင်း အချက်ကတော့-

"အရှင်မြတ်စွာဘုရား။ တပည့်တော် တစ်ကိုယ်တည်း နေရင်း စဉ်စားမိတာက-မြတ်စွာ ဘုရားသခင် ဟောကြားတော်မူတဲ့ ကောင်းသော

တရားများဟာ ကောင်းသော အဆွေခင်ပွန်းရှိသော၊ ကောင်းသော အပေါင်းအဖော်ရှိသောသူအား သာလျှင် ဖြစ်ပါတယ်။ သူတော်ကောင်းတို့အား စိတ်ညွတ်သောသူ၌သာလျှင် ဖြစ်မယ်လို့ ထင်ပါတယ်၊ မကောင်းသော အဆွေခင်ပွန်းရှိသော၊ မကောင်းသော သူတို့၌ စိတ်ညွတ်သောသူများအား တရားတော်သည် မဖြစ်ဟု ထင်မိပါတယ်ဘုရား"

မင်းကြီးဆိုလိုတာက ဘုရားရှင်ရဲ့ ကောင်းမြတ်သော တရားတွေဟာ အဆွေခင်ပွန်းကောင်းရှိသောသူများအတွက်သာ၊ သူတော်ကောင်းတို့ကို နှစ်သက် ကြည်ညိုတတ်သော သူများအတွက်သာလျှင် ကောင်းကျိုး ဖြစ်ထွန်းနိုင်တယ်လို့ ထင်ပါတယ်ပေါ့။ ဘုရားရှင်က မင်းကြီးရဲ့အယူအဆ မှန်ကန်ကြောင်း ဝန်ခံတော်မူတယ်။ နောက်ပြီးမှ ဆက်ပြီး ဟောတော်မူတာလေးကို ဖတ်ကြည့်စမ်းပါဦး-

"*မင်းကြီး အခါတစ်ပါး၌ ငါဘုရားသည် သက္ကတိုင်း သာကီဝင်တို့၏ နဂရက မည်သော နိဂုံး၌ သီတင်း သုံးတော်မူ၏။ မင်းကြီး ထိုအခါ အာနန္ဒာ ရဟန်းသည် ငါဘုရားထံသို့ ချဉ်းကပ်၍ ငါဘုရားကို ရှိခိုးလျက် တစ်ခုသောနေရာ၌ ထိုင်ပြီးသော်*

ငါဘုရားအား ဤစကားကို လျှောက်၏။ 'အရှင်ဘုရား ကောင်းသော အဆွေခင်ပွန်းရှိသောသူ၏အဖြစ်၊ ကောင်းသော အပေါင်းအဖော်ရှိသောသူ၏အဖြစ်၊ သူတော်ကောင်းတို့၌ ညွတ်သောစိတ်ရှိသောသူ၏ အဖြစ်သည် မြတ်သော (မဂ်အကျင့်) ၏ ထက်ဝက်ကို ပြီးစေနိုင်ပါ၏' ဟုလျှောက်၏။"

"မင်းကြီး ဤသို့လျှောက်သည်ရှိသော် ငါဘုရားသည် အာနန္ဒာရဟန်းအား ဤစကားကို မိန့်တော်မူ၏။ 'အာနန္ဒာ ဤသို့မဆိုလင့်၊ အာနန္ဒာ ဤသို့ မဆိုလင့်၊ အာနန္ဒာ ကောင်းသော အဆွေခင်ပွန်း ရှိသောသူ၏အဖြစ်၊ ကောင်းသော အပေါင်းအဖော် ရှိသောသူ၏အဖြစ်၊ သူတော်ကောင်းတို့၌ ညွတ်သော စိတ် ရှိသောသူ၏အဖြစ်သည် မြတ်သော (မဂ်အကျင့်) အားလုံးကိုပင် ပြီးစေနိုင်၏။ အာနန္ဒာ ကောင်းသော အဆွေခင်ပွန်းရှိသော၊ ကောင်းသော အပေါင်းအဖော် ရှိသော၊ သူတော်ကောင်းတို့၌ ညွတ်သောစိတ် ရှိသော သူအား မြတ်သောအင်္ဂါ ရှစ်ပါးနှင့် ပြည့်စုံသော မဂ်ကို ပွားလတ္တံ့၊ မြတ်သောအင်္ဂါ ရှစ်ပါးနှင့် ပြည့်စုံသော မဂ်ကို ကြိမ်ဖန်များစွာ ပြုလတ္တံ့ဟူသော ဤအကျိုးကို မချွတ် ရလိမ့်မည်ဟု မျှော်လင့်အပ်၏"

မင်းတို့ လူငယ်တွေမှာတော့ဖြင့် မပြောတတ်ပေဘူး၊ ငါ့မှာတော့ဖြင့် ဖတ်လွန်းပြီး နားရည်ဝနေလို့လား မသိဘူး *'အာနန္ဒာ ဤသို့မဆိုလင့်၊ အာနန္ဒာ ဤသို့မဆိုလင့်'* ဆိုတဲ့စကားလေးဟာ နားထဲမှာကို ချိုနေတာပဲ။ ဒါတောင် မြန်မာပြန်ကို ဖတ်ရတာ မူရင်းပါဠိတော်ကို ဖတ်နိုင်တာ မဟုတ်သေးဘူး။ ပါဠိကို ကိုယ့်မိခင် ဘာသာစကားလို ကျွမ်းဝင်ရင်းနှီးနေတဲ့ ဆရာတော်ကြီးတွေ၊ ပါဠိပါရဂူကြီးတွေကတော့ ဘုရားရဲ့ ဒေသနာ ပါဠိတော်ကို စွဲသွားမိလို့ရှိရင် တခြားစာတွေကို ဖတ်လို့ကို မရနိုင်အောင် ဖြစ်သွားတယ်ဆိုပဲ။ ဘုရားရဲ့ဟန်(Style)က တယ်လှဆိုကိုး။ ကွယ်လွန်သူ ဆရာကြီးဦးသော်ဇင် ဆိုရင် အားအားရှိရင် ပါဠိတော်တွေကို ကောက်ကိုင်ပြီး ဖတ်နေတော့တာပဲ။ လက်ဝဲစာအုပ်တွေကို အတော် များများကြီး ရေးခဲ့ဖူးတဲ့ (ဦး) ဘဝင်းဆိုတာကို ကြားဖူးကြပါလိမ့်မယ်။ သူက ငါ့သူငယ်ချင်းကြီး မြသန်းတင့်နဲ့ အလွန် ရင်းနှီးကြတယ်။ ကိုမြသန်းက ပြောဖူးတယ်။ *"ဟာ-ဦးဘဝင်းက ပါဠိကို ကျွမ်းပုံက ခင်ဗျားတို့ ကျုပ်တို့ မြန်မာစာ ဖတ်နိုင်သလို ဖတ်နေတာ။ သူ့အနားမှာ ပါဠိစာအုပ်တွေ အမြဲရှိနေတာ။ ကျုပ်တို့ မြန်မာစာ ဖတ်နေသလို ဖတ်နေတာပဲ။ ဖတ်လို့ အလွန်ကောင်းတယ် ဆိုပဲ၊ အထပ်ထပ်*

ဖတ်လို့ကို မဝနိုင်အောင် အရသာရှိတယ်လို့ ပြောတယ်ဗျ” တဲ့။

ပါဠိလုတာ၊ မြန်မာပြန် လုတာတွေကို ထားလိုက်ကြဦးစို့၊ အနက်အဓိပ္ပာယ် လုတာလေးကိုပါ စဉ်းစား ကြည့်လိုက်ကြဦးစို့။ ဆောင်းပါး အစပိုင်းမှာ ကထဲက အပေါင်းအသင်း ပတ်ဝန်းကျင် အရေးကြီးပုံကို ပြောမယ်လို့ ဆိုခဲ့ပါတယ်။ အခု တွေ့ခဲ့ကြပါပြီ။ အပေါင်းအသင်းဟာ သာမန် ကြီးပွားရေး စီးပွားရေး လောက်ကိုသာ မဟုတ်ဘူး၊ နိဗ္ဗာန်မဂ်ဖိုလ် ထိအောင် ပေးနိုင်တယ်ဆိုတာ ပေါ်မလာပေဘူးလား။

‘သူတော်ကောင်းတို့၌ ညွတ်သောစိတ်ရှိသော’ ‘ယုတ်မာသောသူ၌ ညွတ်သောစိတ်ရှိသော’ ဆိုတာလေးတွေကို သတိထားမိမှာပေါ့။ ‘အားကျစိတ် အထင်ကြီးစိတ်’ကို ဆိုလိုတာပဲ မဟုတ်လား။ လူတွေဟာ ကောင်းတာကိုချည်းသာလျှင် အားကျတတ်တာမဟုတ်ဘူး။ မကောင်းတာကိုလည်း အားကျတတ်ကြတာပဲ။ မကောင်းတာကို အားကျမိတာမှန်ရင် ကိုယ့်ဗီဇထဲမှာလည်း မကောင်းတဲ့ ခေတ်ခံကလေး ကိန်းနေတယ် ဆိုတာကို သတိပြုမိသင့်တယ်။ အဲဒီလို သတိပြုမိလိုက်တော့ မကောင်းတာကို လုပ်တော့မယ် ကြံလိုက်ရင် သတိလေး ကပ်သွားတာပေါ့။

ဘာပဲပြောပြော အပေါင်းအသင်း ဆိုတာဟာ နိဗ္ဗာန်မဂ်ဖိုလ်ကိုတောင် ပေးနိုင်တယ်ဆိုတာ ဘုရားရှင်ကိုယ်တော်တိုင်က အတိအလင်း ဟောကြားတော်မူခဲ့တယ်ဆိုတာကို ခိုင်ခိုင်မာမာ သတိရနေသင့်ပါတယ်။

အဲဒီလိုပဲ ဒေဝဒတ်နဲ့အပေါင်းကောင်းလို့ ငရဲပြည်တစ်ခေါက် လိုက်သွားခဲ့ရတဲ့ အဇာတသတ်မင်းသားကိုလည်း ပြန်ပြီးသတိရသင့်ပါတယ်။

(မိုးဂျာနယ်၊ အတွဲ(၉)၊ အမှတ်(၃)၊ ၁၉၉၉၊ မတ်လ။)

*မင်းကြီးဆိုလိုတာက*
*ဘုရားရှင်ရဲ့ ကောင်းမြတ်သော တရားတွေဟာ*
*အဆွေခင်ပွန်းကောင်း ရှိသောသူများအတွက်သာ၊*
*သူတော်ကောင်းတို့ကို နှစ်သက်*
*ကြည်ညိုတတ်သော သူများအတွက်သာလျှင်*
*ကောင်းကျိုး ဖြစ်ထွန်းနိုင်တယ်လို့ ထင်ပါတယ်ပေါ့။*
*ဘုရားရှင်က*
*မင်းကြီးရဲ့အယူအဆ မှန်ကန်ကြောင်း*
*ဝန်ခံတော်မူတယ်။*

## သုစိရသုတ်(ဝီရိယ)

ဒီ 'သုစိရသုတ်' ကတော့ မြတ်စွာဘုရားသခင်က ရဟန်းတွေကို ဝီရိယကြီးကြစေချင်လို့ ဟောတော်မူခဲ့တာပါပဲ။ အလွန်ကို စိတ်ဝင်စားစရာကောင်းတာကြောင့် လူငယ်တွေကို တင်ပြလိုက်ရပါဦးမယ်။ ပိဋကတ်တော် မြန်မာပြန်အတိုင်းကိုပဲ ထည့်ပြလိုက်ပါမယ်။ ဖတ်ကြည့်ကြ စေချင်ပါတယ်။ ပိဋကတ်တော် စကားပြေဟန်နဲ့ ယဉ်ပါးသွား စေချင်တာကြောင့် ဒီလို ထည့်ပေးနေတယ် ဆိုတာကိုလည်း သဘောပေါက်ကြမှာပါ။

ဘုရားရှင်ရဲ့ အသံတော်လေးကို နားထောင်ကြည့်ကြစမ်းပါ။

*"ရဟန်းတို့ ရှေးကဖြစ်ဖူးသည်ကား အသုရာတို့သည် နတ်ပြည်သို့ ချီတက်လာကုန်၏။ ရဟန်းတို့ ထိုအခါ နတ်တို့အရှင် သိကြားမင်းသည် သုစိရ*

နတ်သားအား 'အမောင်သုဝီရ ထိုအသုရာတို့သည် နတ်တို့ကို တိုက်ခိုက်ရန် ချီတက်လာကုန်၏။ အမောင်သုဝီရ သွားပါချေ၊ အသုရာတို့ကို တိုက်ခိုက်ရန် ကြိုတင် ချီတက်လော့' ဟု သိစေ၏။ သုဝီရနတ်သားလည်း 'အရှင်သိကြားမင်း ကောင်းပါပြီ' ဟု သိကြားမင်းအား ဝန်ခံပြီးမှ မေ့လျော့ခြင်းသို့ ရောက်၏။ သုံးကြိမ်တိုင်အောင် သိကြားမင်း ပြောသည်ကို ဝန်ခံပြီးမှ သုဝီရနတ်သားသည် သုံးကြိမ်တိုင်အောင် မေ့လျော့ခြင်းသို့ ရောက်၏။ ရဟန်းတို့ ထိုအခါ နတ်တို့အရှင် သိကြားမင်းသည် သုဝီရနတ်သားကို ဂါထာဖြင့်ရွတ်ဆို၏။

**" 'သုဝီရ အကြင်အရပ်၌ ထကြွမှုမရှိဘဲ၊ အားထုတ်မှုမရှိဘဲ ချမ်းသာကိုရနိုင်၏။ ထိုအရပ်သို့ သင်သွားလော့၊ ငါ့ကိုလည်း ထိုအရပ်သို့သာလျှင် ပို့ပါလော့'** ဟု ရွတ်ဆို၏။xxxxxxxxxxxxxxxx

xxxxxxxxxxxxxxxxxxxxx

"ရဟန်းတို့ နတ်တို့အရှင် သိကြားမင်းပင်ဖြစ်လျက်လည်း မိမိကောင်းမှု အကျိုးကိုမှီ၍ အသက်မွေးကာ တာဝတိံသာဘုံ၌ ဖြစ်ကုန်သော နတ်တို့ကိုအစိုးရသော မင်းပင်ဖြစ်လျက် ထကြွလုံ့လရှိသောသူ၏ ကျေးဇူးကို ဆိုလေ့ရှိပေသေး၏။ ရဟန်းတို့ သင်တို့သည် ဤသို့ကောင်းစွာ ဟောကြားထားသော ဤ

သာသနာတော်၌ ရဟန်းပြုသူတို့ ဖြစ်ကုန်ရကား ဝီရိယကို တင့်တယ်စေကုန်လော့၊ မရောက်သေးသော တရားသို့ ရောက်ရန်၊ မရသေးသော တရားကို ရရန်၊ မျက်မှောက် မပြုရသေးသော တရားကို မျက်မှောက် ပြုရန် အားထုတ်ကုန်လော့၊ စေ့ဆော်ကုန်လော့၊ လုံ့လ ပြုကုန်လော့"

သိကြားမင်းက ပြောတဲ့ "ထကြွလုပ်ဆောင်မှု မရှိဘဲ ချမ်းသာမှုကို ရနိုင်သောနေရာ ရှိအံ့ ထိုအရပ်သို့ သွားလော့၊ ငါ့အားလည်း ပို့ဆောင်ပါလော့" ဆိုတဲ့ စကားလေးဟာ သိပ်ကိုတန်ဖိုးရှိပါတယ်။ လုပ်ဆောင် ကြိုးပမ်းမှုမရှိဘဲ အောင်မြင်မှုဆိုတာကို ဘယ်တော့မှ မရနိုင်ဘူးလို့ ပြောလိုက်တာပဲ။ မိမိ ဘဝကုသိုလ် ကြောင့် နတ်တို့၏ အရှင်သခင်ဖြစ်လာခဲ့တဲ့ သိကြား မင်းသော်မှလည်း လုံ့လဝီရိယရှိသူကို အသိအမှတ်ပြု ချီးကျူးတယ်လို့ ဘုရားသခင်က သာဓကပြပြီး ရဟန်း တွေကို ဆုံးမတော်မူတာပါပဲ။

ဘုရားသခင်ရဲ့ စကားထဲမှာ မရသေးသော တရားတို့ကို ရရန်။ မျက်မှောက် မပြုရသေးသော တရားတို့ကို မျက်မှောက်ပြုရန် ဆိုတာတွေကို သတိ ထားခဲ့ မိပါလိမ့်မယ်။ ဘုရားရှင်ကတော့ ရဟန်းတော်

တွေအတွက် ဟောကြား သတိပေးတော်မူတာပေါ့။ မင်းတို့ ငါတို့အဖို့မှာ ဆိုရင်တော့လည်း- စီးပွားရှာသူ ဖြစ်မယ်ဆိုရင် မရသေးသော အစီးအပွားတွေကို ရရန် ပေါ့။ ပညာရှာနေသူ ဖြစ်ရင်လည်း အသိခက်လို့ သဘောမပေါက်သေးတဲ့ ပညာအတွေးအခေါ်တွေကို နားလည် သဘောပေါက်အောင် ဝီရိယကြီးစွာနဲ့ အားထုတ်ရန်လို့ ဆိုကြရမှာပေါ့။

သံယုတ္တနိကာယ် မြန်မာပြန်ထဲက 'ကလျာဏ မိတ္တသုတ်' နဲ့ 'သုဝီရသုတ်' ကို ထုတ်ပြ လိုက်တာပါပဲ။ မြတ်စွာ ဘုရားသခင်ဟာ ကလျာဏမိတ္တ လို့ခေါ်တဲ့ ကောင်းမွန်တဲ့ အပေါင်းအသင်း ပတ်ဝန်းကျင်ကို အလွန် တန်ဖိုးထားတော်မူကြောင်းကို တွေ့လိုက်ရ ပါပြီ။ အဲဒီလိုပဲ ထကြွလုံ့လ ရှိသူကိုလည်း တန်ဖိုးထား တော်မူကြောင်း တွေ့လိုက်ရပါပြီ။ တကယ်ဆိုတော့ အဲဒီနှစ်မျိုး ပြည့်စုံမယ်ဆိုရင် လောကီလူ့ဘဝ ကြီးပွား ချမ်းသာရေးလောက်ကို မဆိုထားနဲ့ နိဗ္ဗာန်ကိုတောင် မျက်မှောက်ပြုနိုင်တယ်ဆိုရတော့ ဘယ်လောက် ကြီးမားတဲ့ ခွန်အားကြီးလဲဆိုတာ မှန်းဆကြည့်နိုင် လောက်ပါပြီ။

ကဲ-ဒီဆောင်းပါးတွေကို ရေးနေတဲ့ ရည်ရွယ်

ချက်ကို ပြန်ကောက်လိုက်ပါရစေဦး။

ဘုရားရှင်ရဲ့ တရားတော် ဆိုတာတွေဟာ နိဗ္ဗာန်ရောက်ကြောင်း သက်သက်မျှသာ မဟုတ်ဘူး၊ လူ့လောကမှာ မှန်မှန်ကန်ကန် ကြီးပွားအောင် လမ်းညွှန်ပေးနိုင်တဲ့ 'တက်ကျမ်း' ကြီးတွေလည်း ဖြစ်နေပြန်တယ် မဟုတ်လား။

ဒီတော့ ပိဋကတ် မြန်မာပြန် စာအုပ်ထူထူ ဝါဝါကြီးတွေဟာ ကြောက်စရာ မဟုတ်ဘူး၊ အိပ်ချင်စရာ မဟုတ်ဘူး၊ ချစ်စရာ၊ စိတ်ဝင်စားစရာ စာအုပ်ကြီးတွေ ဖြစ်မနေပေဘူးလား။

မြန်မာ့သမိုင်း တစ်လျှောက်မှာ အတွေးအခေါ် အကြံအစည် ကောင်းလှတဲ့ ပညာရှိကြီးတွေဟာ သံသရာအတွက် ကုသိုလ်ရအောင် ရတနာသုံးပါးကို ထိုင်ပြီးရှိခိုးနေရုံ မဟုတ်ဘဲ ဘုရားရှင်ရဲ့ တရားရတနာ ပိဋကတ်တော်ကို ထဲထဲဝင်ဝင် ခံစားသိရအောင် ကြိုးစားခဲ့တဲ့သူများ ဖြစ်တယ်လို့ ပြောဝံ့ပါတယ်။ မြန်မာပြည်ကို ရှေးဦးရောက်လာခဲ့တဲ့ အင်္ဂလိပ်တွေရဲ့ မှတ်တမ်းတွေကို ကြည့်လိုက်ရင် မြန်မာလူမျိုးတွေဟာ ဉာဏ်ရည်မြင့်တယ်၊ ယန္တရားသဘော၊ ကျိုးကြောင်းဆက်စပ်မှု သဘောကို နားလည်လွယ်တယ်လို့ ဝန်ခံကြတယ်။ ဒါဟာ ပိဋကတ်တော်ရဲ့

ကျေးဇူးလို့ ပြောချင်တယ်။ ဘုရားရှင်ရဲ့ တရားတော်ဟူသမျှဟာ ကျိုးကြောင်း ကင်းတာမရှိဘူး။ 'ယေဓမ္မာ ဟေတု ပဗ္ဘဝါ' ဆိုပြီး အကြောင်းကင်းသော တရားတို့သည်မရှိလို့၊ တရားဟူသမျှ အကြောင်းရှိသည် ဆိုတာမျိုးနဲ့ စဉ်းစားစေခဲ့တာ မဟုတ်လား။

ထပ်ပြောပါရစေ-

ပိဋကတ်တော်ဆိုတာ ကြောက်စရာ မဟုတ်ပါဘူး။ ။

(မိုးဂျာနယ်၊ အတွဲ(၉)၊ အမှတ်(၃)၊ ၁၉၉၉၊ မတ်လ။)

မြန်မာ့သမိုင်း တစ်လျှောက်မှာ
အတွေးအခေါ် အကြံအစည်ကောင်းလှတဲ့
ပညာရှိကြီးတွေဟာ သံသရာအတွက်
ကုသိုလ်ရအောင် ရတနာသုံးပါးကို ထိုင်ပြီးရှိခိုးနေရုံ
မဟုတ်ဘဲ ဘုရားရှင်ရဲ့ တရားရတနာ
ပိဋကတ်တော်ကို
ထဲထဲဝင်ဝင် ခံစားသိရအောင်
ကြိုးစားခဲ့တဲ့သူများ ဖြစ်တယ်လို့
ပြောဝံ့ပါတယ်။

# စကားဆိုမှု

ပြီးခဲ့တဲ့ ပိဋကတ်မိတ်ဆက် 'အပေါင်းအသင်းနှင့် ဝီရိယ' ဆောင်းပါး နိဂုံးမှာ ရှေးဦးရောက်လာခဲ့တဲ့ အင်္ဂလိပ်တွေရဲ့ မှတ်တမ်းတွေမှာ မြန်မာလူမျိုး တွေဟာ ယန္တရားသဘောကို နားလည် သဘောပေါက် လွယ်ကြောင်း၊ ကျိုးကြောင်းဆက်စပ် တွေးခေါ်တတ်ကြောင်းကို ရေးသားထားတယ်လို့ ပြောခဲ့ပါတယ်။ သူတို့က နယ်ချဲ့ဆိုတဲ့အတိုင်း ကမ္ဘာတစ်ခွင် အနယ်နယ်ကို ရောက်လာခဲ့လေတော့ လူမျိုး အတော်များများနဲ့ ရင်ဆိုင်တိုက်ခဲ့ဖူးတယ်၊ လက်တွဲတိုက်ခဲ့ဖူးတယ်။ အမျိုးမျိုးသော ဆက်ဆံရေးတွေကိုလည်း လုပ်ခဲ့ရတယ်။ ပြောလို့ နားမလည်နိုင်၊ သင်လို့ သဘောမပေါက်နိုင်ဆုံး ထုံထိုင်းထိုင်း လူမျိုးတွေကိုလည်း တွေ့ခဲ့ဖူးတယ်။ မြန်မာလူမျိုးတွေဟာ သူတို့နဲ့ တွေ့လိုက်ရတော့မှ ခေတ်သစ် သိပ္ပံကြီးကို တွေ့လိုက်ရတာ။ ခေတ်နောက်မှာ အများကြီး ပြတ်ကျန် နေရစ်ခဲ့တယ်

လို့တောင် ဆိုနိုင်တယ်။ ဒါပေမဲ့ ဘယ်လောက်မှ မကြာ လိုက်ခင်မှာ လက်နက်စက်ရုံတွေ၊ ရေမြှုပ်ဗုံးတွေကို လုပ်နိုင်တဲ့အခြေအနေကို ရောက်လာခဲ့တယ်။ ပြောချင် တာက တစ်ထွာပြရင် တစ်တောင်မြင် ဆိုတာမျိုးလို ကျိုးကြောင်း ဆင်ခြင်မှုသဘောကို ပိဋကတ်တော်က သွန်သင်လေ့ကျင့် ပေးလိုက်တယ်လို့ ပြောနိုင်တယ်။ သင်ရတဲ့ ဘာသာရပ်ကတော့ ပိဋကတ်တရားတော် ပေါ့၊ သင်ကြားပေးတဲ့ ဆရာတွေက ရဟန်းသံဃာ တွေပေါ့။ ဘယ်မှာသင်သလဲ။ ကျောင်းတော်မှာလည်း သင်တယ်။ ဥပုသ်ဇရပ်မှာလည်း သင်တယ်၊ တရားပွဲ တွေမှာလည်း သင်တယ်။ 'အရာရာတို့၌ အကြောင်း တရားသည်ရှိကုန်၏' ဆိုတာမျိုးတွေပြောခဲ့ကြတာတွေ 'ဘုရားတပည့်တော်တို့သည် ကံကိုလည်းကောင်း၊ ကံ၏ အကျိုးကိုလည်းကောင်း ယုံကြည်ပါကုန်သည် ဖြစ်၏' ဆိုတာမျိုးတွေဟာ အမှတ်မထင် ကြောင်းကျိုး ဆက်စပ်မှု ရှာတတ်အောင် သွန်သင်လေ့ကျင့်ပေး နေသလို ဖြစ်မနေပေဘူးလား။

ယန္တရားဆိုတာ ပစ္စည်းတစ်ခုနဲ့တစ်ခု (ခွေး သွားစိတ် တစ်ခုနဲ့တစ်ခု) ဆက်စပ်လှုပ်ရှားနေတာ မဟုတ်လား။ ဒီတော့ အကျိုးတွေ့ရင် အကြောင်းကို ရှာရမှန်းသိတာ၊ ယန္တရားလှုပ်ရှားမှုကို မြန်မြန်နားလည်

နိုင်တာ ပိဋကတ်တော်ရဲ့ကျေးဇူးလို့ ဆိုလိုက်ရင် မသင့်ပေဘူးလား။ ဒီတစ်ပတ်မှာ အလွန်လှတဲ့ ယုတ္တိအစဉ်လေးကို တင်ပြလိုက်ချင်ပါတယ်။

မဇ္ဈိမပဏ္ဏာသပါဠိတော် မြန်မာပြန် ဂဟပတိဝဂ် က **အဘယရာဇကုမာရ** သုတ်ကိုပြမှာပါ။

*အခါတစ်ပါး မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစားကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ အဘယမင်းသားသည် နာဋ၏သား နိဂဏ္ဌထံသို့ ချဉ်းကပ်ပြီးလျှင် ရှိသေစွာရှိခိုး၍ တစ်ခုသော နေရာ၌ ထိုင်နေ၏။ တစ်ခုသောနေရာ၌ ထိုင်နေသော အဘယမင်းသားကို နာဋ၏သားနိဂဏ္ဌသည်- "မင်းသား လာလော့၊ သင်သည် ရဟန်းဂေါတမကို အပြစ်တင်ချေလော့၊ ဤသို့ အပြစ်တင်သော် 'အဘယမင်းသားသည် ဤသို့ တန်ခိုးအာနုဘော်ကြီးသော ရဟန်းဂေါတမကို အပြစ်တင်နိုင်ပေ၏' သင်၏ ကောင်းသော ကျော်စောသော သတင်းသည် ပျံ့နှံ့၍ ထွက်လတ္တံ့" ဟုပြော၏။*

*"အရှင် အကျွန်ုပ်သည် ဤသို့တန်ခိုးအာနုဘော်ကြီးသော ရဟန်းဂေါတမကို အဘယ်သို့ အပြစ်*

တင်ရပါအံ့နည်း” ဟုလျှောက်၏။“မင်းသား လာလော့-သင်သည် ရဟန်းဂေါတမထံသို့ ချဉ်းကပ်၍ ‘အရှင်ဘုရား မြတ်စွာဘုရားသည် သူတစ်ပါး မနှစ်သက်ဖွယ် မနှစ်ခြိုက်ဖွယ် ဖြစ်သော စကားမျိုးကို ပြောဆိုရာ၏’ ဟု ဤသို့ ပြောဆိုလော့။ သင် ဤသို့မေးသော် ရဟန်းဂေါတမသည် ‘မင်းသား မြတ်စွာဘုရားသည် သူတစ်ပါး မနှစ်သက်ဖွယ် မနှစ်ခြိုက်ဖွယ်ဖြစ်သော စကားမျိုးကို ပြောဆိုရာ၏’ ဟု ဤသို့ အကယ်၍ ပြောဆိုငြားအံ့-

“ထိုရဟန်းဂေါတမကို ‘အရှင်ဘုရား ထိုသို့ ဖြစ်လျှင် ပုထုဇဉ်နှင့် အရှင်၏ခြားနားမှုသည် အဘယ်မှာ ရှိပါအံ့နည်း။ မှန်ပါ၏၊ ပုထုဇဉ်သည်လည်း သူတစ်ပါး မနှစ်သက်ဖွယ်၊ မနှစ်ခြိုက်ဖွယ် ဖြစ်သော စကားမျိုးကို ပြောဆိုရာ၏’ဟု သင်ပြောလော့။ သင် ဤသို့မေးသော် ရဟန်းဂေါတမသည် ‘မင်းသား မြတ်စွာဘုရားသည် သူတစ်ပါးမနှစ်သက်ဖွယ် မနှစ်ခြိုက်ဖွယ်ဖြစ်သော စကားမျိုးကို မပြောဆိုရာ’ ဟု ဤသို့အကယ်၍ ပြောဆိုငြားအံ့-

“ထိုရဟန်းဂေါတမကို ‘အရှင်ဘုရား ထိုသို့ဖြစ်လျှင် အဘယ်ကြောင့် အရှင်ဘုရားသည် ဒေဝဒတ်ကို ဒေဝဒတ်သည် အပါယ်သို့လားမည့် သူတည်း၊

ဒေဝဒတ်သည် ငရဲသို့ကျမည့်သူတည်း၊ ဒေဝဒတ်သည်ငရဲ၌ တစ်ကမ္ဘာလုံးတည်မည့်သူတည်း၊ ဒေဝဒတ်သည် ကုစား၍ မရနိုင်သောသူတည်းဟု ဆိုပါသနည်း။ အရှင်ဘုရား၏ ထိုစကားကြောင့် ဒေဝဒတ်သည် အမျက်ထွက်ခြင်း၊ နှလုံးမသာယာခြင်း ဖြစ်ရာ၏' ဟု သင်ပြောလော့။

"မင်းသား ရဟန်းဂေါတမသည် နှစ်ဖက်သော အစွန်းရှိသော ဤပြဿနာကို သင်မေးသည်ရှိသော် နှစ်ဖက်အစွန်း လွတ်အောင် မဖြေနိုင်ရာ၊ အပြစ်ကင်းအောင် မပြောပြနိုင်ရာ၊ ဥပမာသော်ကား ယောကျ်ား၏ လည်မျို၌ ကပ်ငြိနေသော သံဆူးခွကို ထိုယောကျ်ားသည် ထွေးအံ့ခြင်းလည်း မတတ်နိုင်၊ မျိုခြင်းငှာလည်း မတတ်နိုင်သကဲ့သို့ မင်းသား ဤအတူသာလျှင် နှစ်ဖက်သော အစွန်းရှိသော ဤပြဿနာကို သင်မေးသည်ရှိသော် ရဟန်းဂေါတမသည် နှစ်ဖက်အစွန်းလွတ်အောင် မဖြေနိုင်ရာ၊ အပြစ်ကင်းအောင် မပြောနိုင်ရာ" ဟုဆို၏။

အထက်မှာ ကောက်နုတ်တင်ပြခဲ့တာတွေကတော့ ပိဋကတ်မြန်မာပြန်မှာ ရေးထားတဲ့အတိုင်း ထုတ်နုတ် ပြလိုက်တာပါ။ တစ်ခေါက်လောက် သေချာ

ထပ်ပြီး ဖတ်ကြည့်လိုက်မယ်ဆိုရင် ကောင်းကောင်း နားလည်နိုင်ပါတယ်။

ဆိုလိုတာတွေကို အကျဉ်းချုပ်-လိုရင်း တိုရှင်း ငါတို့ခေတ် ပြောနည်းမျိုး ပြောလိုက်မယ်ဆိုရင်တော့- နိဂဏ္ဌက-

"မင်းသား-သွားကွာ၊ ရဟန်းကြီးဂေါတမကို ဝေဖန် ရှုတ်ချပစ်ချေစမ်း။ မင်း နာမည်ကြီးသွားမယ် နော်"

"ဟာ-ကိုယ်တော် ဒီလောက် ပညာကြီးတဲ့ သူကို တပည့်တော်က ဘယ်လိုလုပ် ဝေဖန်ပြစ်တင် မလဲ"

"လွယ်ပါတယ်ကွာ-အရှင်တို့ မြတ်စွာဘုရား ဆိုတာ၊ တစ်ဘက်သား စိတ်ဆင်းရဲတဲ့ စကားမျိုးကို ပြောသလားလို့ မေးပစ်လိုက်၊ ပြောတယ်လို့ ဆိုရင်- ဟာ. . ဒါဖြင့် သာမန်လူနဲ့ အရှင်မြတ်စွာဘုရားနဲ့ ဘာထူးလို့လဲ။ သာမန်လူ အတိုင်းပါပဲလားလို့ ပြောပစ် လိုက်။ အဲဒီလိုမဖြေဘဲ တစ်ဘက်သား စိတ်ဆင်းရဲ အောင် မပြောဘူးလို့ ပြန်ဖြေလိုက်ရင် ဟင်. . ဒါဖြင့် အရှင်ဘုရားက ဒေဝဒတ်ဟာ ငရဲမှာ တစ်ကမ္ဘာခံရ လိမ့်မယ်လို့ ပြောခဲ့တယ် မဟုတ်လား။ ဒေဝဒတ်ခမျာ မှာ စိတ်မဆင်းရဲ ပေဘူးလားလို့ မေးလိုက်ကွာ။ ရှင်ကြီး

ဂေါတမ ထွေးလို့မရ မြိုလို့မရ ချောက်ကျပြီပေါ့ကွ”

နိဂဏ္ဍာ အကွက်ဆင်လိုက်ပုံ မကောင်းပေဘူးလား။

ဒါမျိုးကို ယုတ္တိဗေဒ (Logic) မှာဆိုရင် (Dilemma) လို့ခေါ်တယ်။ ဘေးကျပ်နံကျပ် ပြဿနာပေါ့။ ဒါကြောင့် ဗုဒ္ဓဘာသာ တရားတော်ဟာ မြန်မာလူမျိုးတွေကို ကိုးကွယ်ကျင့်သုံးမှု ကိုသာမက ကျိုးကြောင်းကျကျ ကြံဆနည်းကိုလည်း သင်ပေးခဲ့တယ်လို့ ပြောခဲ့တာပေါ့။ အခုဆိုရင်ပဲ စာဖတ်သူတစ်ယောက်အဖို့ ‘ဒီပြဿနာကို ဘုရားဘယ်လို ကိုင်တွယ် ဖြေရှင်းပါ့မလဲ’ ဆိုတာမျိုး တွေးနေရပြီ။ တစ်နည်းအားဖြင့် တွေးခေါ်မြော်မြင်မှု လျှို့ဝှက်သည်းဖိုဖြစ်နေပြီ မဟုတ်လား။

အဘယမင်းသားကလည်း ကောင်းပါပြီလို့ ဝန်ခံလာခဲ့တယ်။ ဒါပေမယ့် အဲဒီနေ့မှာတော့ ညနေစောင်းနေပြီမို့ နောက်တစ်နေ့မှပဲ မေးတော့မယ်လို့ ကြံစည်ပြီး မြတ်စွာဘုရားကို ဆွမ်းဖိတ်တယ်။ ဘုရားကလက်ခံလိုက်ပါတယ်။ နောက်တစ်နေ့မှာ ဘုရားလည်းဆွမ်းဘုဉ်းပေးပြီးရော မေးတော့တာပဲ။ ကောက်နုတ်ချက်ကလေးကို ဖတ်ကြည့်လိုက်စမ်းပါဦး။

သင့်လျော်ရာ၌ ထိုင်နေသော အဘယ မင်းသားသည် မြတ်စွာဘုရားကို "အရှင်ဘုရား မြတ်စွာဘုရားသည် သူတစ်ပါး မနှစ်သက်ဖွယ် မနှစ်မြို့ဖွယ် ဖြစ်သော စကားမျိုးကို ပြောဆိုရာပါသလော" ဟု လျှောက်ထား၏။ "မင်းသား ဤစကားမျိုး၌ တစ်ထစ်ချအားဖြင့် မဖြေကြားနိုင်" ဟု မိန့်တော်မူ၏။ "အရှင်ဘုရား ဤပြဿနာမေးမှု၌ နိဂဏ္ဌတို့ ပျက်စီးကြလေကုန်ပြီ" ဟုလျှောက်၏။

အဘယမင်းသား ပြောလိုက်တာကို ငါတို့ ခုခေတ် လူငယ်တွေ စကားနဲ့ ပြောလိုက်ကြမယ်ဆိုရင် "ဟာ-ဒီလို မေးလိုက်မိတာ နိဂဏ္ဌတွေ လုံးလုံးကြီး ကွဲ တော့တာပဲ" ဆိုတာမျိုးပေါ့။ ဘုရားကလည်း "နိဂဏ္ဌတို့ ဘာပြုလို့ ကွဲတာလဲ" လို့ မေးပြန်တာပေါ့။ အဲဒီတော့မှ အဘယမင်းသားက အကြောင်းစုံကို ပြန်ပြီး လျှောက်ထား ဝန်ခံတယ်။ အဲဒီအချိန်မှာ အဘယ မင်းသားရဲ့ ပေါင်ပေါ်မှာ နို့စို့လူမမယ် ကလေးငယ် တစ်ယောက် ထိုင်နေတယ်။ မြတ်စွာဘုရားက-

"အဘယမင်းသား-အဲဒီကလေးငယ်ဟာ လူကြီးတွေ အထိန်းတွေ အမှတ်မထင် သတိမမူ ခိုက်မှာ သစ်သားစဖြစ်စေ။ အိုးခြမ်းကွဲ ကျောက်စရစ်

ကို ဖြစ်စေ ပါးစပ်ထဲ ထည့်လိုက်မယ် ဆိုပါတော့ သင် ဘာလုပ်မလဲ”

“အရှင်ဘုရား ကလေးငယ်၏ ဦးခေါင်းကို ခိုင်မြဲစွာကိုင်ပြီး သွေးစီးသံထွက် ဖြစ်စေဦးတော့ ကလေးငယ်ကို သနားသောအားဖြင့် ပါးစပ်ထဲက ပစ္စည်းကို လက်နှင့် ကော်ထုတ် ရပါတော့မည်ဘုရား”

အဲဒီတော့မှ မြတ်စွာဘုရားက-

*“မင်းသား ဤအတူပင် မဟုတ်မမှန်၊ အကျိုးစီးပွားနှင့်လည်းမစပ်၊ သူတစ်ပါးတို့လည်း မနှစ်သက်မနှစ်ခြိုက်၊ ထိုစကားမျိုးကို မြတ်စွာဘုရားသည် မပြောမဆို။ (၁)။*

*ဟုတ်မှန်၏၊ အကျိုးစီးပွားနှင့်ကားမစပ်၊ သူတစ်ပါးတို့လည်း မနှစ်သက်မနှစ်ခြိုက်။ ထိုစကားမျိုးကိုလည်း မြတ်စွာဘုရားသည် မပြောမဆို။ (၂)။*

*ဟုတ်မှန်၏၊ အကျိုးစီပွားနှင့်လည်း စပ်၏။ သူတစ်ပါးတို့ကား မနှစ်သက်မနှစ်ခြိုက်။ ထိုစကားမျိုးကိုလည်း မြတ်စွာဘုရားသည် အခါအားလျော်စွာ ပြောဆို၏။ (၃)။*

*မဟုတ်မမှန်၊ အကျိုးစီးပွားနှင့်မစပ်၊ သူတစ်ပါးတို့ကား နှစ်သက်နှစ်ခြိုက်၏။ ထိုစကားမျိုး*

ကိုလည်း မြတ်စွာဘုရားသည် မပြောမဆို။ (၄)။

ဟုတ်မှန်၏၊ အကျိုးစီးပွားနှင့်မစပ်၊ သူတစ်ပါးတို့ကား နှစ်သက်နှစ်ခြိုက်၏။ ထိုစကားမျိုးကိုလည်း မြတ်စွာဘုရားသည် မပြောမဆို။ (၅)။

ဟုတ်မှန်၏၊ အကျိုးစီးပွားနှင့်လည်း စပ်၏။ သူတစ်ပါးတို့လည်း နှစ်သက်နှစ်ခြိုက်၏။ ထိုစကားမျိုး၌ မြတ်စွာဘုရားသည် အခါအားလျော်စွာ ပြောဆို၏။ (၆)။

ထိုသို့ဖြစ်ခြင်းကား အဘယ်ကြောင့်နည်း။ မင်းသား မြတ်စွာဘုရားအား သတ္တဝါတို့ကို အစဉ်သနားခြင်း ရှိသောကြောင့်တည်း" ဟုမိန့်တော်မူ၏။

အဲဒီမှာနဲ့ဟာ့ အဘယမင်းသားဟာ အတော်လေးကို ကျေနပ်နှစ်သက်ခြင်း ဖြစ်သွားပါတယ်။ နောက်ပြီး ချက်ခြင်းမဆိုင်းမတွ ကောက်ကာငင်ကာ ပြောလိုက်တာကိုလည်း အံ့ဩသွားဟန် တူပါတယ်။ ဆက်ပြီး လျှောက်ထားတာက-

"အရှင်ဘုရား-ပညာရှိ ရှင်ဘုရင်တွေ၊ ပညာရှိ ပုဏ္ဏားတွေ၊ ပညာရှိ သူကြွယ်တွေ၊ ပညာရှိ ရဟန်းတွေဟာ ပြဿနာတွေကို သေချာစီစဉ် ကြံဆပြီးမှ အရှင်ဘုရားဆီ လာပြီးမေးကြ မြန်းကြတာပါ။ အရှင်

ဘုရားက သူတို့ဟာ ဒီပြဿနာတွေကို လာပြီးမေးကြ လိမ့်မယ်၊ အဲဒီလို မေးလာရင် ငါက ဒီလိုဖြေလိုက်မယ် ဆိုတာမျိုး ကြိုတင်ကြံဆထား ပါသလား၊ ဒါမှမဟုတ် မေးလိုက်တော့မှ ဉာဏ်ထဲမှာ ထင်ပေါ်လာတာပါလား ဘုရား"

ဘုရားဖြေလိုက်ပုံ ဥပမာလေးက သိပ်ကောင်းတာပဲ။ ကြည့်ပါဦး-

"ကောင်းပြီ အသင်မင်းသား။ ငါက သင့်ကို မေးဦးမယ်။ သင်ဟာ ရထားတစ်စီးရဲ့ အစိတ်အပိုင်းတွေကို ကောင်းကောင်းကြီး သိမယ်လို့ ထင်တယ်။ သိရဲ့လား"

"မှန်ပါ-သိပါတယ်ဘုရား"

"ဒါဖြင့်ရင် တစ်ပါးသူ တစ်ယောက်ယောက်က ရထားရဲ့ အင်္ဂါအစိတ်အပိုင်း တစ်ခုခုကို မေးလိုက်ရင် သင်မင်းသားက သူကဒါကိုမေးရင် ငါကဒီလိုဖြေ လိုက်မယ်လို့ ကြိုတင် ကြံဆထားသလား၊ မေးလိုက်တဲ့ ခဏမှာ ဉာဏ်မှာထင်မြင်သလား"

"အရှင်ဘုရား - တပည့်တော်ဟာ ရထားအ တတ်ကိုလည်း တတ်ပါတယ်၊ ရထားရဲ့ အင်္ဂါအစိတ် အပိုင်းတွေကိုလည်း ကောင်းကောင်းကြီးသိပါတယ်။ ဒါကြောင့် ဘာမှကြိုတင်ကြံဆနေဖို့ မလိုတော့ပါ။ မေး

လိုက်တဲ့ခဏမှာ ဉာဏ်မှာ ထင်မြင်ပါတယ်ဘုရား”

“မင်းသား မြတ်စွာဘုရားဟာ သိစပ်မြင်နှံ့တဲ့ သဗ္ဗညုတဉာဏ်ကို ရရှိပြီးဖြစ်တာမို့ သင်မင်းသားဟာ ရထားရဲ့ အစိတ်အပိုင်းကို မေးတဲ့ခဏမှာ ဖြေနိုင်သလို မြတ်စွာဘုရားဟာ ဖြေနိုင်ခြင်း ဖြစ်ပေတယ်”

“အရှင်ဘုရား အရှင်ဘုရား မိန့်ကြားတော်မူခဲ့တဲ့ သဘောတရားတွေဟာ တကယ့်ကို အံ့သြလောက်အောင် ကောင်းမွန်ပါပေတယ်။ တကယ့်ကို ဘဝင်ကျကျ ကျေနပ်လောက်ပါတယ်။ အရှင်ဘုရား ဒီနေ့ ဒီအချိန်ကစပြီး တပည့်တော်ကို ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သော ဥပါသကာလို့ မှတ်ယူတော်မူပါဘုရား”

မင်းတို့ ငါတို့တစ်တွေက ပိဋကတ်တော်လို့ဆိုလိုက်ရင် ကုသိုလ်တရား ပွားများကြောင်း၊ နိဗ္ဗာန်ရောက်ကြောင်း ဆိုတာမျိုးတွေ လောက်သာ သိမှတ်နေခဲ့ကြတာ။ ငါးရာ့ငါးဆယ်လို၊ ဇာတ်တော်ကြီးဆယ်ဘွဲ့လို ဇာတ်လမ်းမျိုးတွေလို့ပဲ ယောင်ဝါးဝါးထင်မှတ် နေခဲ့ကြတာ။ လက်ရှိဘဝ လောကီအောင်မြင်ရေး အတွက်လည်း အထောက်အပံ့ဖြစ်နေတဲ့ ‘တက်ကျမ်းကြီး’ တွေပါလား ဆိုတာ မေ့နေ

ခဲ့ကြတယ်။ အောင်မြင်မှုအတွက် သာမက ဘဝမှာ ဘယ်လို နေသွားသင့်တယ်ဆိုတဲ့ လမ်းညွှန်ချက်ကြီး တွေလည်း ပိဋကတ်တော်မှာ ပါနေတယ် ဆိုတာကိုပါ သတိမပြုမိ ကြတော့ဘူး။

အထက်မှာ ထုတ်ပြလိုက်တဲ့ အဘယရာဇ ကုမာရသုတ်ကို ဝတ္ထုတိုတစ်ပုဒ်အနေနဲ့ ကြည့်လိုက်မယ်ဆိုရင် အားပြိုင်မှုလည်း ပါတယ်။ လျှို့ဝှက်သည်းဖိုမှုလည်း ပါတာကြောင့် ရှေ့ဘာဖြစ်မလဲ (ဘုရားရှင်က ဘယ်လိုဖြေရှင်းမလဲ) ဆိုတာ သိချင်စိတ်ကိုလည်း လှုံ့ဆော် ပေးလိုက်သေးတယ်။ နောက်ဆုံးမှာ စာဖတ်သူ ဘဝင်ကျလောက်အောင် လှလှပပ အဆုံးသတ် သွားသေးတယ်။ အဘယကုမာရ မင်းသားဟာ နိဂဏ္ဌရဲ့ နည်းလမ်း ပေးချက်အရ ဘုရားကို 'ချဲ' ဖို့ လာလိုက်တာ နောက်ဆုံး ဘုရားရဲ့ ဥပါသကာကို ဖြစ်သွားတာပဲ။ ဝတ္ထုသဘောတရား အရဆိုရင် ရည်ရွယ်ချက် ပြောင်းပြန်ဖြစ်ခြင်း(Reversal of Intention) ပေါ့။

ဘုရားရှင်ရဲ့ 'စကားခြောက်ခွန်း၊ လူ၌ထွန်း၊ လေးခွန်းကိုပယ်' ဆိုတဲ့ လမ်းညွှန်မှု (ဘုရားရှင် ကျင့်သုံးမှု) ကို သေချာ တွေးကြည့်လိုက်မယ် ဆိုရင် ငါတို့ စာရေးဆရာတွေဟာ ဘယ်လို စာမျိုးတွေကို

သာလျှင် ရေးသင့်တယ် ဆိုတာကိုပါ ချင့်ချိန်လာနိုင်စေတယ်လို့ ပြောလိုက်ချင်မိတယ်။ ပရိသတ်တော့ ကြိုက်ပါရဲ့၊ ဟုတ်လည်းမဟုတ်ဘူး၊ စာဖတ်သူတွေအတွက်လည်း ဘာကျေးဇူးမှမရှိဘူးဆိုတဲ့ စာရေးဆရာတွေရဲ့ဘဝဟာ အချည်းနှီးသောဘဝတွေ ဖြစ်နေမှာပဲလို့ ဘုရားရှင်ရဲ့ စာပေဝေဖန်ရေးပေတံနဲ့ ကိုယ့်ကိုကိုယ်တောင် တိုင်းတာမိစိတ် ပေါ်လာစေပါတယ်။

ပိဋကတ်တော်ဟာ ချစ်စရာ၊ ရိုသေစရာ မကောင်းပေဘူးလား။ ။

(မိုးဂျာနယ်၊ အတွဲ(၉)၊ အမှတ်(၄)၊ ၁၉၉၉၊ ဧပြီလ။)

*ယန္တရားဆိုတာ*
*ပစ္စည်းတစ်ခုနဲ့တစ်ခု (ခွေးသွားစိတ် တစ်ခုနဲ့တစ်ခု)*
*ဆက်စပ်လုပ်ရှားနေတာ မဟုတ်လား။*
*ဒီတော့ အကျိုးတွေ့ရင်အကြောင်းကို*
*ရှာရမှန်းသိတာ၊ ယန္တရားလှုပ်ရှားမှုကို*
*မြန်မြန်နားလည်နိုင်တာ*
*ပိဋကတ်တော်ရဲ့ကျေးဇူးလို့ ဆိုလိုက်ရင်*
*မသင့်ပေဘူးလား။*

## ဗောဓိရာဇကုမာရသုတ် (၁)

'ဗောဓိရာဇကုမာရသုတ်' ဆိုတဲ့ ခေါင်းစဉ်ကို မြင်လိုက်တော့ နိဗ္ဗာန်ရောက်ကြောင်း တရားကို ဟောမှာလားလို့ မထင်လိုက်ကြလေနဲ့။ ဟောမှ မဟောတတ်တာ။ မင်းတို့ ကျောင်းသား လူငယ်တွေနဲ့ ပတ်သက်နေတာကလေးတွေကို ဆင်ခြင်ကြစေချင်လို့ 'မဇ္ဈိမပဏ္ဏာသ' ထဲက ထုတ်ပြလိုက်မှာပါ။

☸

မြတ်စွာဘုရားက ဘဂ္ဂတိုင်း၊ သုသုမာရဂိရမြို့၊ ပဲစင်းငုံတောမှာ သီတင်းသုံးနေခိုက် ဗောဓိမင်းသားက 'ကောကနာဒ' လို့ခေါ်တဲ့ သူ့အိမ်တော်အသစ် စက်စက်ကြီးမှာ ဆွမ်းဘုဉ်းပေး ကြွရောက်ပါရန် ပင့်ဖိတ်တယ်။ ဆွမ်းကပ်ပြီးတဲ့အခါ တရားဆွေးနွေး လျှောက်ထား မေးမြန်းတယ်။ ဗောဓိမင်းသားက-

"မြတ်စွာဘုရား၊ ဘုရားတပည့်တော် စိတ်တွင် 'ချမ်းသာကိုရင်းနှီးပြီး ချမ်းသာကိုမရနိုင်၊ ဆင်းရဲကို

ရင်းနှီးမှသာ ချမ်းသာကိုရနိုင်တယ်' လို့ထင်နေမိပါတယ်ဘုရား"

"အသင်မင်းသား၊ ချမ်းသာကိုရင်းနှီးပြီး ချမ်းသာကို မရနိုင်၊ ဆင်းရဲကိုရင်းနှီးမှသာ ချမ်းသာကို ရနိုင်ပေတယ်။ ငါဘုရားသည်ပင်လျှင် ထိုကဲ့သို့သော အကြံရှိသောကြောင့် ပျိုမျစ်သေးသော အရွယ်၌ပင်လျှင် စည်းစိမ်ချမ်းသာ ဟူသမျှကိုစွန့်၍ ဆင်းရဲကို ရင်းနှီးကာ နိဗ္ဗာန်ချမ်းသာကို ရှာခဲ့ပေတယ်"

မြတ်စွာဘုရားက သဗ္ဗညုတ ဉာဏ်တော်ကို ရအောင် အဘယ်မျှ အဆင်းရဲအပင်ပန်း ခံခဲ့ရပုံကို အကျယ်တဝင့် ဟောပါတယ်။ မင်းတို့ကို ပဓာနထားပြီး ပြောချင်တဲ့ အပိုင်းက ခုမှရောက်လာတာပါ။ ဗောဓိမင်းသားနဲ့ မြတ်စွာဘုရား ပြောဟော ဆွေးနွေး ကြပုံကို နားထောင် ကြည့်ပါ။

"အရှင်မြတ်စွာဘုရား။ လူတစ်ယောက်ကို အရှင်ဘုရား၏ မဂ်ဖိုလ်ပညာသင်ပေးရင် ဘယ်လောက်ကြာမှ တတ်မြောက်နိုင်ပါသလဲ ဘုရား"

"သင်မင်းသား-သင်မင်းသားသည် ဆင်စီးချွန်းကိုင်အတတ်ကို တတ်တယ်မဟုတ်ပါလား"

"တတ်ပါတယ်ဘုရား"

"တစ်ပါးသူကိုကော သင်ပေးနိုင်ပါသလား"

"သင်ပေးနိုင်ပါတယ်ဘုရား"

"ကောင်းပြီ-လူတစ်ယောက်ကို ဆင်စီးချွန်းကိုင်အတတ်ကို သင်ပေးရမယ်။ အဲဒီသူက ယုံကြည်မှုလည်းမရှိ၊ အနာရောဂါထူလျက် ကျန်းမာရေးလည်းမကောင်း၊ ဟန်ဆောင် မာယာများလျက် ရိုးသားမှုလည်းမရှိ၊ ပျင်းရိလျက် လုံ့လလည်းမရှိ၊ ဉာဏ်လည်းမရှိ၊ ထိုသူကို သင်မင်းသား ဆင်စီးချွန်းကိုင် အတတ်ကို သင်ပေးနိုင်ပါမည်လား"

"အရှင်ဘုရား-အရှင်ဘုရား ပြောပြသွားတဲ့ အင်္ဂါရပ်တွေထဲက တစ်ခုခုနဲ့ပြည့်စုံနေရင်တောင် ဆင်စီးလည်း မတတ်နိုင်ပါ၊ ချွန်းကိုင်လည်း မတတ်နိုင်ပါ။ အင်္ဂါငါးရပ်လုံး စုံနေရင်တော့ ဆိုဖွယ်မရှိတော့ပါဘုရား"

"အသင်မင်းသား- ဒါဖြင့်ရင် လူတစ်ယောက်ကို ဆင်စီးချွန်းကိုင်အတတ် သင်ပေးရမယ်။ အဲဒီသူက ယုံကြည်မှုလည်း ရှိတယ်၊ ကျန်းမာရေး ကောင်းတယ်၊ ပရိယာယ်မများ ရိုးသားတယ်၊ လုံ့လဝီရိယလည်း ရှိတယ်၊ ဉာဏ်လည်းကောင်းတယ်။ အဲဒီလိုဆိုရင်ကော"

"အရှင်ဘုရား-အဲဒီ အင်္ဂါရပ်တွေမှာ တစ်ခုလောက် ပါလာရင်တောင် တပည့်တော် တတ်အောင်

သင်ပေး နိုင်ပါတယ် ဘုရား။ အင်္ဂါရပ် ငါးပါးလုံး ပြည့်စုံရင်တော့ ဆိုဖွယ်မရှိတော့ပါဘုရား”

“အသင်မင်းသား-ငါဘုရား ဆုံးမအပ်သောသူဟာလည်း၊ ငါရဲ့ဂုဏ်ကျေးဇူး၊ တရားတော်ရဲ့ ဂုဏ်ကျေးဇူးကို တကယ်တန်း သဒ္ဓါယုံကြည်တယ်၊ ကမ္မဋ္ဌာန်းတရား အားထုတ်နိုင်အောင်လည်း ကျန်းမာတယ်၊ ပရိယာယ် ဟန်ဆောင်မှုမရှိ ရိုးသားတယ်၊ တက်ကြွ ထက်သန်တဲ့ လုံ့လဝီရိယရှိတယ်၊ ကျိုးကြောင်း ဆင်ခြင်နိုင်သော ဉာဏ်လည်း ရှိတယ်၊ အဲဒီ အင်္ဂါငါးပါးနဲ့ ပြည့်စုံသူဖြစ်ရင် ခုနစ်နှစ်ကျင့်လျှင် တရားထူးကို ရနိုင်တယ်၊ ခြောက်နှစ်ကျင့်လျှင် တရားထူးကို ရနိုင်တယ်၊ ငါးနှစ်ကျင့်လျှင်၊ တစ်နှစ်ကျင့်လျှင် တရားထူးကို ရနိုင်တယ်။ သင်မင်းသား ခုနစ်လကျင့်လျှင်၊ ခြောက်လကျင့်လျှင်၊ တစ်လကျင့်လျှင်၊ တရားထူးကို ရနိုင်တယ်။ သင်မင်းသား ခုနစ်ရက်ကျင့်လျှင်၊ ခြောက်ရက်ကျင့်လျှင်၊ တစ်ရက်ကျင့်လျှင် တရားထူးကို ရနိုင်တယ်။ သင်မင်းသား နံနက်တွင် ဆုံးမလိုက်သည်ရှိသော် ညဉ့်ဦးတွင် တရားထူးကို ရနိုင်တယ်၊ ညဉ့်ဦးတွင် ဆုံးမလိုက်သည်ရှိသော် နံနက်တွင် တရားထူးကို ရနိုင်တယ် အသင်မင်းသား”

"အရှင်ဘုရား-အလွန်ထူးခြား အံ့ဩဖွယ် ကောင်းလှပါပေတယ် ဘုရား"

အဲဒါ 'ဗောဓိရာဇကုမာရသုတ်' ထဲက ကောက်နုတ်ချက်ကလေးပါပဲ။ မကြာခင်မှာ နွေရာသီ ကျောင်းပိတ်ရက် ကုန်ဆုံးလို့ ကျောင်းပြန် တက်ကြရတော့မယ်။ ဆင်စီးအတတ်၊ ချွန်းကိုင်အတတ်ကို သင်ကြရတော့မယ်။ ဘယ်လို ကျောင်းသားမျိုးအဖြစ် ကျောင်းထဲ ဝင်ကြမလဲ။ ဆက်ကြသေးတာပေါ့။

(ဈေးကွက်ဂျာနယ်၊ အမှတ်(၆၅)၊ ၁၉၉၈ ခုနှစ်။)

"<u>ချမ်းသာကိုရင်းနှီးပြီး ချမ်းသာကို မရနိုင်၊</u>
<u>ဆင်းရဲကို ရင်းနှီးမှသာ ချမ်းသာကို ရနိုင်ပေတယ်။</u>
<u>ငါဘုရားသည်ပင်လျှင်</u>
<u>ထိုကဲ့သို့သော အကြံရှိသောကြောင့်</u>
<u>ပျိုမျစ်သေးသော အရွယ်၌ပင်လျှင်</u>
<u>စည်းစိမ်ချမ်းသာဟူသမျှကို စွန့်၍</u>
<u>ဆင်းရဲကိုရင်းနှီးကာ</u>
<u>နိဗ္ဗာန်ချမ်းသာကို ရခဲ့ပေတယ်"</u>

Future Publishing House

## ဗောဓိရာဇ ကုမာရသုတ် (၂၂)

"ချမ်းသာကို ရင်းနှီးပြီး ချမ်းသာကို မရနိုင်၊ ဆင်းရဲကို ရင်းနှီးမှ ချမ်းသာကို ရနိုင်တယ်" ဆိုတဲ့ စကားကို ဗောဓိရာဇကုမာရ မင်းသားက လျှောက်ထားတယ်။ မြတ်စွာ ဘုရားသခင်က အဲဒီ အယူအဆကို လက်ခံတယ်။ ဘုရားရှင် ကိုယ်တော်တိုင်သည်ပင် လျှင် နိဗ္ဗာန်ချမ်းသာကို လိုချင်တာကြောင့် ဒုက္ကရ စရိယာအကျင့်ကြီးကို ပင်ပန်းကြီးစွာ ခြောက်နှစ် တိုင်တိုင် ကျင့်တော်မူခဲ့ရကြောင်း ဝန်ခံတော်မူတယ်။

ဆင်းရဲခြင်းကို ရင်းနှီးမှသာ ချမ်းသာခြင်းကို ရနိုင်ကြောင်း မင်းတို့ ငါတို့ မသိကြဘူးလားဆိုတော့ သိတော့ သိနေကြသားပဲ။ ဒါပေမယ့် ငါတို့တစ်တွေ သိနေကြတာက ရစ်သီရစ်သီ ရိပ်မိနေကြတာမျိုး ဖြစ်နေတယ်။ အခိုင်အမာ ပြတ်ပြတ်သားသား သိနေကြတာမျိုး မဟုတ်ဘူး။ ဒါကြောင့် 'ဆင်းရဲခြင်း အရင်းအနှီး မြှုပ်နှံ' တဲ့အခါမှာ တွန့်တိုနေတတ် ကြတာပေါ့။

ထပ်ပြီး ရှင်းပြလိုက်ပါရစေဦး။

ဆိုကြပါစို့-မင်းတို့ စာမေးပွဲအတွက် ကြိုးစားကြတယ်။ ကြိုးစားရမယ် ဆိုတာကိုလည်း သိတယ်။ ဒါပေမယ့် ပျင်းတယ်။ ဝီရိယမကောင်းဘူး။ အပျော်အပါးဘက်ကို စိတ်လည်လည် သွားတတ်တယ်။ ပင်ပန်းဆင်းရဲခြင်းကို အားကြိုးမာန်တက် မခံယူချင်ကြဘူး။ ငါဟာ ချမ်းသာခြင်းအတွက် အရင်းအနှီးမြှုပ်နှံနေခြင်း ဖြစ်တယ်ဆိုတဲ့ စိတ်မျိုးနဲ့ အားကြိုးမာန်တက် မလုပ်ဘူး။ အဲဒါ ဘာကြောင့်လဲဆိုတော့ 'ဆင်းရဲခြင်းကို ရင်းနှီးမှသာလျှင် ချမ်းသာခြင်းကို ရနိုင်တယ်' ဆိုတာကို ခိုင်ခိုင်မာမာကြီး လက်ခံမထားမိလို့ ဖြစ်တယ်ဆိုတာ သိသာမနေပေဘူးလား။

ဒီသဘောကို ပေါ့ပေါ့ဆဆတော့ သိနေကြတာပါပဲ။ 'အနာမခံ အသာမစံရ' 'နေရိပ်အလာ နေပူကစောင့်' 'ကျောပူမှ ဝမ်းအေး' 'တစ်နေ့ တစ်လံ ပုဂံ ဘယ်ပြေးမလဲ' ဆိုတဲ့ စကားပုံတွေဟာ ဆင်းရဲခြင်းကို အရင်းအနှီး ပြုကြရမယ်ဆိုတာကို သတိပေးနေတာပဲ မဟုတ်လား။ ဒါပေမယ့် လှိုက်လှိုက်လှဲလှဲ သိတာမျိုး မဟုတ်ဘူး။ ပေါ့ပေါ့ဆဆ သိနေကြတာ။ အဲဒါကို အလေးအနက် လှိုက်လှိုက်လှဲလှဲ အသိဖြစ်အောင် အားထုတ်ယူကြရလိမ့်မယ်။ ဘယ်လိုလုပ်

ယူမလဲ။ လုပ်ချင်ရင် မခက်လှဘူးလို့ ပြောချင်ပါတယ်။

ကျောင်းတက်ရတာ၊ စာကျက်ရတာ ပင်ပန်းနေပြီ၊ စိတ်ပျက်နေပြီ၊ အားလျှော့ချင်နေပြီ ဆိုတာမျိုး ဖြစ်လာလိုက်ရင် 'ငါဟာ အားလျှော့ချင်လာပြီ၊ သတ္တိကုန်ချင်လာပြီ၊ လူညံ့ဖြစ်လာနေပြီ' လို့ ကိုယ့်ကိုကိုယ် အတိအလင်း စွပ်စွဲပစ်လိုက်ပါ။ ရှုတ်ချပစ်လိုက်ပါ။ လူတိုင်းဟာ တစ်ပါးသူက အထင်သေးမှာကို သိပ်ကြောက်တယ်။ တစ်ပါးသူတွေက အထင်သေးမှာ၊ ရှုတ်ချမှာကို ကြောက်သလို ကိုယ့်ကိုကိုယ် အထင်သေးမှာကိုလည်း ကြောက်ကြတာပါပဲ။ ဒါပေမယ့် ကိုယ့်ကိုကိုယ် အတိအလင်း မစွပ်စွဲကြဘူး၊ မရှုတ်ချကြဘူး၊ မသိချင်ယောင်ဆောင်ပြီး 'ညာ' နေ တတ်ကြတယ်။ အဲဒါကြောင့် ညံ့မှန်းမသိ ညံ့သွားတတ်ကြတယ်။ ဒီတော့-'ငါဟာ စိတ်အားသတ္တိ ညံ့သွားပြီ' လို့ ကိုယ့်ကိုကိုယ် အတိအလင်း စွပ်စွဲရှုတ်ချတတ်အောင် အကျင့်လုပ်ပါ။

အဲဒါပြီးတော့မှ-'ငါဟာ ချမ်းသာကြီးမြင့်မှုအတွက် ဆင်းရဲခြင်းအရင်းအနှီးကို မြှုပ်နှံနေတယ်'လို့ မိမိကိုယ် မိမိ အားပေးလိုက်ပါ။ အတိအလင်း အားပေးလိုက်ပါ။ ငါတို့တစ်တွေဟာ မိမိကိုယ် မိမိ အားပေးတဲ့ အလေ့အထ ရှိကြပြီးသားပါ။ တစ်ခုခုကို

အားစိုက်ခွန်စိုက် လုပ်တဲ့အခါမျိုးမှာ 'ကိုင်းကွာ-မှတ်ကရော' ဆိုတာမျိုးတွေဟာ မိမိကိုယ် မိမိ အားပေးတဲ့ စကားတွေပဲ မဟုတ်လား။

အခုပြောခဲ့တာတွေက ကျောင်းသားလူငယ်တွေအတွက် ပြောခဲ့တဲ့စကားတွေ ဖြစ်နေတယ်။ ဒါပေမယ့် ကျောင်းသားလူငယ်တွေနဲ့သာ ဆိုင်တာ မဟုတ်ပါဘူး။ လူငယ်တိုင်းနဲ့ ဆိုင်ပါတယ်။ မင်းဟာ မော်တော်ကား စက်ပြင် သင်နေတဲ့သူ ဖြစ်ရင်လည်း ဆင်းရဲခြင်း၊ပင်ပန်းခြင်းကို 'အရင်းအနှီး မြှုပ်နှံနေတယ်' လို့ သဘောထားလိုက်ပေါ့။ ကွန်ပျူတာ၊ စာရင်းကိုင် မှတ်စုတွေကို ဖတ်ရလွန်းလို့ ခေါင်းတွေ နောက်နေရင်လည်း 'အရင်းအနှီးတွေ မြှုပ်နှံနေတယ်' လို့ အားတင်းပစ်လိုက်ပေါ့။ ဘာကိုပဲလုပ်လို့ ဆင်းရဲနေသည် ဖြစ်စေ အဲဒီသဘောတရားကို ခေါင်းထဲမှာ စွဲထားလိုက်ပြီး အားတင်းပစ်လိုက်ပေါ့။ အရေးကြီးတာက ***"ဆင်းရဲခြင်းကို ရင်းနှီးခြင်းအားဖြင့်သာလျှင် ချမ်းသာခြင်းကို ရနိုင်တယ်"*** ဆိုတဲ့ ပုံသေတရားကြီးကို ခိုင်ခိုင်မာမာ နိုးနိုးကြားကြားကြီး လက်ကိုင်ထားမိဖို့ ဖြစ်ပါတယ်။

"ဒါဖြင့် မိဘအရှိန်အဝါကြောင့်၊ အမွေအနှစ်ကြောင့် ချမ်းသာလာသူတွေ ကျတော့ကော ခင်ဗျာ"လို့

မေးစရာ ရှိပါတယ်။ သူတို့လည်း အဲဒီစည်းစိမ်ကို ခိုင်မြဲစေချင်ရင် ဆင်းရဲခြင်းကို အရင်းအနှီး လုပ်ရပြန်တာပါပဲ။ အဲဒီလို မလုပ်ရင် ပြုတ်သွားကြတာပဲ။

*မျက်မှောက် ကာလမှာဖြစ်စေ၊ အတိတ်ကဖြစ်စေ ပေါ်ပေါက်လာတဲ့ ချမ်းသာ ကြီးမြင့်သူတိုင်းဟာ တစ်ချိန်က ဆင်းရဲခြင်းအရင်းအနှီးကို မြှုပ်နှံခဲ့ရဘူးတယ် ဆိုတာကိုတော့ တစ်စက်ကလေးမျှ ယုံမှားမရှိကြလေနဲ့။*

ကိုင်း-မင်းဟာ လက်ရှိပစ္စုပ္ပန်ကာလမှာ ဆင်းရဲနေသလား၊ ချို့တဲ့နေသလား၊ ပင်ပန်းနေသလား။ စိတ်ထင်တိုင်း မပေါက် ဖြစ်နေသလား။ ဘယ်လောက် ဆင်းရဲဆင်းရဲ၊ ဘယ်လောက် ပင်ပန်းပင်ပန်း 'ချမ်းသာမှုအတွက် အရင်းအနှီးမြှုပ်နှံနေတယ်' လို့ သဘောထားပြီး 'စိတ်ခါးတောင်းကျိုက်' လိုက်စမ်းပါလို့ ပြောလိုက် ပါရစေတော့။ 'ဗောဓိရာဇကုမာရသုတ်' ကို ဆက်ပါရစေဦး။ ။

(ဈေးကွက်ဂျာနယ်၊ အမှတ်(၆၆)၊ ၁၉၉၈ ခုနှစ်)

## ဗောဓိရာဇကုမာရသုတ်(၃)

ဗောဓိမင်းသားရဲ့ ဆင်စီးချွန်းကိုင်အတတ်ပညာ၊ မြတ်စွာ ဘုရားသခင်ရဲ့ မဂ်ဖိုလ်အတတ်ပညာတို့ကို သင်ယူတတ်မြောက်ဖို့ အခြခံလိုအပ်ချက်တွေကို ကြည့်လိုက်မယ်ဆိုရင် *(၁) ယုံကြည်မှုရှိခြင်း (၂) ပညာသင်ယူနိုင်လောက်အောင် ကျန်းမာရေးကောင်းခြင်း (၃) ရိုးသားခြင်း (၄) လုံ့လဝီရိယရှိခြင်း (၅) ဉာဏ်ရှိခြင်း* တို့ဖြစ်တယ် ဆိုတာတွေကို တွေ့ရပါမယ်။

မင်းတို့ ဘာပညာကို သင်ယူနေသလဲ။ ကျောင်းပညာကို သင်နေတာလား။ ပြင်ပ သက်မွေးမှု ပညာ တစ်ရပ်ရပ်ကို သင်ယူနေတာလား။ ဘာပညာကို သင်နေသည်ပဲ ဖြစ်စေ၊ အဲဒီပညာကို တကယ့်ကို ယုံယုံကြည်ကြည် နှစ်နှစ်သက်သက် လိုချင်နေတာ ဟုတ်ရဲ့လား၊ မင်းကို သင်ပေးနေတဲ့ ဆရာဟာ အဲဒီပညာကို တကယ်တတ်တာ အမှန်ပဲလို့ ယုံကြည်ရဲ့လား။ အဲဒါ

ကို ပြန်ပြီး စစ်ဆေးသင့်ပါတယ်။ ပြင်ပ အသက်မွေးဝမ်းကျောင်းပညာ တစ်ခုခုကို သင်ယူနေတဲ့ လူငယ်တွေကတော့ များသောအားဖြင့် ဘဝတိုက်ပွဲဝင်ဖို့ ပြင်ဆင်နေကြတာ ဖြစ်တဲ့အတွက်ကြောင့် တိုက်ပွဲမှာကျဆုံးမှာကို စိုးစိုးထိတ်ထိတ် ရှိနေတတ်ကြလေတော့ ပညာကို လိုလိုချင်ချင် ရှိကြတာများတယ်။ ခက်နေတာက မင်းတို့ ကျောင်းသားလူငယ်တွေပါပဲ။

မင်းတို့ ငါ့ကို စိတ်မကွက်ကြပါနဲ့၊ ရက်ရက်စက်စက်ပဲ ပြောလိုက်ပါရစေ။ မင်းတို့ဟာ စာမေးပွဲဆိုတာလောက်ကိုပဲ ရေးကြီးခွင်ကျယ် လုပ်နေကြတာ၊ 'ဘဝကိစ္စ' လို့ ထည့်ကို တွက်ရကောင်းမှန်း မသိကြဘူး။ ဒီတော့ ယုံကြည်မှုဆိုတာကို ရှာလို့ကိုမတွေ့ရတော့ဘူး။

ဒါဖြင့် ကျောင်းစာကိုပဲ ယုံယုံကြည်ကြည် ကြိုးစား ဆည်းပူးနေသူတွေကော မရှိဘူးလားလို့ မေးစရာရှိပါတယ်။ ရှိပါတယ်။ သို့ပေမယ့် သူတို့ ကြိုးစားသင်ယူနေကြပုံဟာ ပညာကို ခုံခုံမင်မင် နှစ်သက်လို့ ကြိုးစားနည်းမျိုး မဟုတ်ပြန်ဘူး။ လိမ္မာတဲ့ကျောင်းသားတစ်ယောက်ရဲ့ ကြိုးစားနည်းမျိုးသာ ဖြစ်နေတတ်တယ်။ သက်ဆိုင်ရာပညာ(ဘာသာရပ်)ကို တကယ်ချစ်သွားတဲ့ ကျောင်းသားလူငယ်တွေကတော့

တကယ်ကို ပေါက်မြောက် အောင်မြင်သွားကြတာပါပဲ။ အဲဒီလို ကျောင်းသားမျိုးတွေကိုတော့ တက္ကသိုလ် အဆင့်မှာ တွေ့ရလေ့ ရှိတတ်ပါတယ်။

ဘာပဲဖြစ်ဖြစ်ပေါ့လေ-ဘယ်ပညာကို ဘာကြောင့်ပဲ သင်နေသည်ဖြစ်စေ ယုံယုံကြည်ကြည် သင်နေဖို့သာ အရေးကြီးပါတယ်။ ပြောနေရင်း သတိရတာလေးတစ်ခုကို ထည့်ရေးလိုက်ရဦးမယ်။ တစ်နေ့က လမ်းဘေးက လူတစ်ယောက်ရဲ့ ဗယာကြော်ဆိုင်က သုံးဆယ်ဖိုးလောက် ဝယ်လာခဲ့ပြီး လက်ဖက်ရည်ဆိုင်မှာ စားပါတယ်။ ပေါ့ရွှတ်ရွှတ်နဲ့ မကောင်းလိုက်တဲ့ ဗယာကြော်၊ ဆားလုံးဝမပါဘူး လို့တောင် ထင်မိတယ်။ မဆလာနံ့ကလေး ဘာလေးတောင် ကောင်းကောင်း မရဘူး။ ဖြစ်သလို ကြော်ရောင်းနေတာနဲ့ တူပါတယ်။ ဗယာကြော် ရောင်းပြီဆိုတဲ့နောက်မှတော့ ဗယာကြော် ပညာကို တတ်နိုင်သမျှ ဆည်းပူးရမှာပေါ့။ ငါ့စိတ်ထဲမှာ အဲဒီ ဗယာကြော်သမားဟာ ဘယ်တော့မှ ကြီးပွားမှာ မဟုတ်ဘူးလို့ အောက်မေ့လိုက်မိတယ်။

နောက်တစ်ချက်က **ကျန်းမာရေး** ပဲ။ လူငယ်တွေဟာ 'ကျန်းမာရေး' ကို အလကားရတဲ့ ပစ္စည်းဆိုပြီး တန်ဖိုးထားရကောင်းမှန်း မသိကြဘူး။ ဒါပေမယ့် ဘဝမှာ အဲဒါလောက် အရေးကြီးတာ ဘာမှမရှိဘူး။

မသိတာလည်း မဟုတ်ပါဘူး။ လူငယ်တိုင်း သိကြပါတယ်။ မကျန်းမာရင် မင်းတို့လူငယ်ဘဝမှာ ရည်းစားတောင်ထားဖို့ မလွယ်လှဘူး။ ဘဝအောင်မြင်မှု ဘာညာဆိုတာတွေကို စကားတောင် မစပ်လေနဲ့တော့။

"ရေမချိုးလို့သေတဲ့ မသာ မရှိဘူး၊ ရေချိုးလို့သေတဲ့ မသာပဲ ရှိတယ်" ဆိုတဲ့ ဟာသဆန်ဆန် စကားကို ကြားဖူးကြပါလိမ့်မယ်။ ငါကတော့ ထပ်ပြီးဖြည့်လိုက်ချင်ပါသေးတယ်။ ငတ်လို့ သေတဲ့မသာ အလွန်ကို ရှားပါတယ်။ စားလို့သေတဲ့ မသာက ပိုများတယ်။ အဲဒါကို သတိထားကြဖို့ လိုပါတယ်။ အင်္ဂလိပ်စကားပုံလေး တစ်ခုကို သတိရလာလို့ ပြောလိုက်ရဦးမယ်။ "Most people are digging their graves with fork and spoon." လူတွေဟာ သူတို့ သင်္ချိုင်းကို ဇွန်း၊ခက်ရင်းနဲ့ တူးကြတာ များတယ်တဲ့။

နောက်ပြီး ငါတို့ လူသတ္တဝါတွေမှာ စားစရာသတ်သတ် မှတ်မှတ် မရှိကြဘူး။ တိရစ္ဆာန်တွေမှာဆိုရင် နွားက မြက်ကိုစားမယ်၊ ကျားက အသားကိုစားမယ် ဆိုတာမျိုး သတ်သတ် မှတ်မှတ် ရှိကြတယ်။ ကိုယ်စားရမှာ မဟုတ်ရင် မစားဘူး။ ဒါကြောင့် တိရစ္ဆာန်လောကမှာ (အထူးသဖြင့် လူနဲ့မနီးတဲ့ တိရစ္ဆာန်လောကမှာ)ဆေးဆရာမရှိဘဲ ကျန်းမာ

နေတတ် ကြတာပဲ။ လူကတော့ ပြောမနေနဲ့တော့။ အမျိုးစုံကို လုပ်စားကြတာ။ ကြံကြံစည်စည် လုပ်ပြီး ဘိန်းတောင် စားလိုက်သေး။ သောက်စရာ ဆိုရင် လည်း ပြောနေစရာတောင် မလိုတော့ပါဘူး။ စားရုံ သောက်ရုံ မကဘူး၊ ရှူစရာတောင် အမျိုးမျိုးလုပ်လိုက် ကြသေးတာပဲ။ ရောဂါတွေက အသစ်အဆန်းတွေ ပေါ်ပေါက် လာလိုက်တာ ဆေးပညာ သုတေသီတွေ ဆိုရင် နောက်က လိုက်လို့ မမီနိုင်အောင်ကို ဖြစ်နေ တော့တာပဲ။ စားလို့ ပေါ်လာတဲ့ ရောဂါဆန်းတွေ မဟုတ်ဘူးလား။

ဒီတော့ မင်းတို့တစ်တွေလည်း ဘဝမှာ အောင်မြင် ကြီးပွားချင်ရင် ဇွန်းခက်ရင်းလေးတော့ဖြင့် မှန်မှန် ကန်ကန် သုံးတတ်စွဲတတ်အောင် သတိပြုပါလို့ တိုက်တွန်းစကား ဆိုလိုက်ရပါတယ်။ ဆက်ကြသေး တာပေါ့။ ။

(ဈေးကွက်ဂျာနယ်၊ အမှတ်(၆၇)၊ ၁၉၉၈။)

" *Most people are digging their graves with fork and spoon.*"

Future Publishing House

## ဗောဓိရာဇကုမာရသုတ် (၄)

ဗောဓိမင်းသားရဲ့ ဆင်စီးချွန်းကိုင်အတတ်၊ ဘုရားရှင်ရဲ့ မဂ်ဖိုလ်ပညာကို ဆည်းပူးနိုင်ဖို့ ယုံကြည်မှုရှိခြင်း၊ ပညာကို ကောင်းစွာ ဆည်းပူးနိုင်လောက်အောင် ကျန်းမာရေး ကောင်းခြင်းဆိုတာတွေကို ရှေ့ပိုင်းမှာ ရေးခဲ့ပြီးပါပြီ။ ဒီတစ်ပတ်မှာတော့ဖြင့် **'ရိုးသားခြင်း'** ဆိုတဲ့ အရည်အချင်းကို ဆက်ပြီးရေးပါတော့မယ်။ ကြောက်ခမန်း လန့်ခမန်း ခက်ခဲတဲ့ အရည်အချင်း တစ်ခုပါပဲ။

ပါဠိတော် မြန်မာပြန်မှာပါတဲ့ ဘုရားရှင်ရဲ့ မိန့်ကြားချက် မူရင်းအတိုင်းရေးရရင် *"ဟန်ဆောင်လှည့်ပတ်ခြင်းမရှိ၊ ဆရာဖြစ်သော မြတ်စွာဘုရားထံ၌၎င်း၊ ပညာရှိသော သီတင်းသုံးဖော်တို့ အထံ၌၎င်း ဟုတ်မှန်သည့် အတိုင်း မိမိကိုယ်ကို ထင်စွာပြု၏"* လို့ ဆိုပါတယ်။

မင်းတို့ ငါတို့ နားလည်နေတဲ့ 'ရိုးသားမှု' ဆိုတာမျိုး၊ သူများ ပစ္စည်းကို မခိုးဘူး၊ ညာမယူဘူးဆို တာမျိုးလောက်သာ ဆိုလိုတာ မဟုတ်တော့ဘူး။ Intellectual Sincerity လို့ ခေါ်တဲ့ အသိဉာဏ်နှင့် ယှဉ်သော ရိုးသားမှုမျိုးလောက် ထိအောင် ရိုးသားခြင်း ကို ဆိုလိုတာ။ မင်းတို့ နဲ့တော့ နဲနဲများ နားစိမ်းနေလေ မလား မသိဘူး။ ကြိုးစားပြီး နားလည်ကြပါလို့ ကြိုပြီး ပြောလိုက် ရပါဦးမယ်။

ရိပ်သာတွေမှာ သွားပြီး တရားအားထုတ်ကြ တယ်။ ကမ္မဋ္ဌာနစရိယ လို့ခေါ်တဲ့ တရားပြဆရာက တရားအားထုတ်ဖို့ (ပိန်-ဖောင်း၊ ရှူ-ထုတ်) စသည် အားဖြင့် တရားမှတ်ဖို့ လမ်းညွှန်ပေးလိုက်တယ်။ အချိန်တန်လို့ရှိရင် တရားပြသူဆီမှာ တရားစစ်ဖို့ သွားရတယ်။ တရားစစ်တယ်ဆိုတာ တရားသူကြီးက တရားစစ်တာမျိုး မဟုတ်ဘူး၊ စာမေးပွဲစစ်တာမျိုး မဟုတ်ဘူး။ သက်ဆိုင်ရာယောဂီ (တရားအားထုတ် နေသူ) ဟာ ဘယ်အဆင့် ရောက်သလဲ၊ ဘယ်အဆင့် မှာ ထစ်နေသလဲ၊ သူနဲ့ ဒီနည်းနဲ့ အဆင်ပြေပါရဲ့လား။ နောက်တစ်ဆင့် တက်ရမလား၊ ဘယ်နေရာမှာ အခက် အခဲတွေ့နေသလဲ စသည်စသည်အားဖြင့် သိရအောင် စစ်မေးတာ။

အဲဒီလို စစ်မေးတဲ့အခါမှာ ကိုယ်တွေ့တာကို တွေ့တဲ့အတိုင်း၊ ကိုယ်ဖြစ်တာကို ဖြစ်နေတဲ့အတိုင်း ရိုးရိုးသားသား ပြောပြတဲ့ယောဂီရှိသလို တခြားသူ အထင်ကြီးအောင်၊ သို့မဟုတ် တခြားသူတွေ အထင် မသေးအောင် တကယ်မတွေ့ဘဲ၊ တကယ်မမြင်ဘဲ ကြားဖူးနားဝနဲ့ ဘယ်နိမိတ်ကို မြင်သလိုလို၊ ဘယ် အဆင့်ကို တက်သလိုလို တောင်ပြော မြောက်ပြော ပြောတာမျိုးတွေ လုပ်ပြီဆိုပါတော့ အတွေ့အကြုံ အဆင့်ရှိတဲ့ဆရာက မသိဘဲနေမလား။ နောက်ပြီး အဲဒီ လူဟာကော တကယ့်တရားထူးကို တွေ့နိုင်ပါဦး မလား။ ဒါကြောင့် ဘုရားရှင်က"ပညာရှိ သီတင်း သုံးဖော်တို့ အထံ၌ ဟုတ်မှန်သည့်အတိုင်း မိမိကိုယ်ကို ထင်စွာပြု၏" လို့ မိန့်တော်မူတာ။ ဆိုလိုတာက မဂ် ဖိုလ် ပညာရှာတဲ့ သူတစ်ယောက်အတွက် 'အသိဉာဏ် နှင့် ယှဉ်သော ရိုးသားမှု' ဟာ မရှိမဖြစ်တဲ့ လိုအပ်ချက် ကြီး တစ်ခုလို့ မိန့်တော် မူလိုက်ခြင်းပါပဲ။

ဒါဖြင့် မဂ်ဖိုလ်ကိစ္စမှာပဲလား။ ဗောဓိရာဇ ကုမာရကလည်း အဲဒီရိုးသားမှု မရှိရင် ဆင်စီးချွန်းကိုင် အတတ်ကို သင်လို့မရနိုင်ပါဘူးလို့ ဝန်ခံပြန်တာပဲ မဟုတ်လား။

ကောင်းပြီ-လောကုတ္တရာပညာ ရှာရာမှာ

ပဲလား၊ ဆင်စီးချွန်းကိုင်ပညာကို သင်ရာမှာပဲလား။ တကယ်ဆိုတော့ ဘယ်ပညာကို သင်ယူသည်ပဲ ဖြစ်စေ 'တကယ်တတ်ချင်ရင်' ဒီရိုးသားမှုဟာမရှိရင် ဖြစ်ကို မဖြစ်တဲ့ လိုအပ်ချက်ကြီးတစ်ခုပါပဲ။ ကိုယ့်အပေါင်းအသင်း သူငယ်ချင်းတွေ အထင်ကြီးအောင် တကယ်မသိဘဲ၊ မတတ်ဘဲ၊ သိချင် တတ်ချင်ယောင် ဆောင်တာတွေ (မင်းတို့ ကာလစကားလုံးနဲ့ ဆိုရင် 'အဖိန့်' လုပ်တာတွေ)ဟာ ပညာရဲ့ အတားအဆီးကြီးတွေ ချည်းပဲ။ စားမေးပွဲမှာခိုးချပြီး အောင်တာတွေ၊ မသမာတဲ့နည်းကို သုံးပြီးအောင်တာတွေကိုတော့ စကားထဲတောင် ထည့်ပြောဖို့ မလိုတော့ပါဘူး။ သူတို့က စာမေးပွဲအောင်ဖို့လုပ်တာ။ ပညာသင်တာမှ မဟုတ်ဘဲကိုး။ ခုပြောနေတာက ပညာသင်တဲ့ကိစ္စကို ပြောနေတာ။ အဲဒီလို လူမျိုးတွေက တရားရိပ်သာမှာ သွားပြီး တရားအားထုတ်ရင်လည်း တရားပြဆရာနဲ့ သီတင်းသုံးဖော်တွေ အထင်ကြီးအောင် ဟန်ဆောင်နေဦးမှာပဲ။

အဲဒါတွေ ထားလိုက်ပါတော့-ပြောစရာရှိတာ၊ အရေးကြီးတာကိုပဲ ဆက်ပြီး ပြောလိုက်ကြရအောင်။ မင်းကိုယ်တိုင်ကော ခုလက်ရှိ ဘာပညာရှာနေသလဲ။ ဘယ်အရွယ်ပဲ ရောက်နေနေ ပညာတစ်ခုကိုတော့ ရှာနေတတ်ကြစမြဲမို့ မေးကြည့်လိုက်ရ

တာပါ။ ငါကိုယ်တိုင်ကလည်း ပညာရှာနေဆဲပဲ။ ကိုယ်မတတ်တာ မသိတာကို 'ငါ-ဒီကိစ္စကို မသိဘူး' ဆိုတာ ပြတ်ပြတ်သားသား ကိုယ့်ဘာသာကိုယ် သိအောင်ကို လုပ်နေရတာ။ ကိုယ့်ငယ်တပည့်တွေကလည်း လူကြီး သူကြီးတွေ ဖြစ်ကုန်ကြပြီ။ သူ့ပညာနဲ့သူ အရေးပါနေကြပြီ။ ဒါကြောင့် ဟိုတပည့်ဆီမှာ တပည့်ခံလိုက်၊ ဒီတပည့်ဆီမှာ တပည့်ခံလိုက်နဲ့ ကြီးကောင် ကြီးမားမှ တပည့်ပေါင်းစုံရဲ့ တပည့်ပြန်ဖြစ်နေရတယ်။ တစ်ခု ကောင်းတာက တပည့်တွေဆိုတော့ သူတို့ဆရာ အပေါ်မှာ အလွန်စေတနာကောင်းကြတယ်။ "ဟာ-နေဦးကွ၊ ငါအဲဒီနေရာမှာ မလိုက်နိုင်သေးဘူး၊ ပြန်ရှင်းပြပါဦး" ဆိုရင်လည်း စိတ်ရှည်လက်ရှည် ရှင်းပြတယ်။ တပည့်တွေကို ဆရာတင်ရတဲ့ အရသာဟာ ဘယ်လောက် ကောင်းတယ်ဆိုတာ မင်းတို့ ကြီးလာတော့မှ သိလာလိမ့်မယ်။

ပခဲနထားပြီး ပြောချင်တာက မင်းတို့ စာမေးပွဲတွေ ဘာတွေကို ဘေးချိတ်လိုက်၊ မင်းပညာ တစ်ခုခုကိုတော့ဖြင့် တကယ်တတ်အောင် ကြိုးစားရလိမ့်မယ်။ ကြီးပွားအောင်မြင်ချင်ရင်၊ လူတစ်လုံး သူတစ်လုံး ဖြစ်ချင်ရင်ပေါ့လေ။ အဲ-ပညာကို တကယ်တတ်ချင်ရင်တော့ဖြင့်-

*(၁) ယုံကြည်ခြင်း*
*(၂) ကျန်းမာခြင်း*
*(၃) ရိုးသားခြင်း* ဆိုတာတွေ လိုအပ်တယ် ဆိုတာ သတိကြီးဖို့ လိုပါတယ်။

ငါကဖြင့် **'ရိုးသားခြင်း'** အကြောင်းကို ဆက်လိုက်ချင်သေးဗျား။ ။

(ဈေးကွက်ဂျာနယ်၊ အမှတ်(၆၈)၊ ၁၉၉၈။)

*ဘယ်ပညာကို*
*သင်ယူသည်ပဲ ဖြစ်စေ* ***'တကယ်တတ်ချင်ရင်'***
*ဒီရိုးသားမှုဟာ မရှိရင် ဖြစ်ကိုမဖြစ်တဲ့*
*လိုအပ်ချက်ကြီး တစ်ခုပါပဲ။*
*ကိုယ့်အပေါင်းအသင်း သူငယ်ချင်းတွေ*
*အထင်ကြီးအောင် တကယ်မသိဘဲ၊ မတတ်ဘဲ၊*
*သိချင် တတ်ချင်ယောင် ဆောင်တာတွေ*
*(မင်းတို့ ကာလစကားလုံးနဲ့ ဆိုရင်*
*'အဖိန့်' လုပ်တာတွေ)ဟာ*
*ပညာရဲ့ အတားအဆီးကြီးတွေချည်းပဲ။*

## ဗောဓိရာဇကုမာရသုတ် (၅)

ဗောဓိရာဇကုမာရသုတ်လာ ပညာသင်ယူရာမှာ အခြေခံ လိုအပ်ချက်ကြီးများအနက်က ယုံကြည်မှုရှိခြင်း။ ကျန်းမာရေးကောင်းခြင်း၊ ရိုးသားခြင်းအကြောင်းတွေကို တတ်အားသမျှ ဖွင့်ပြပြီးခဲ့ပါပြီ။ ဒီတစ်ပတ်တော့ဖြင့် **လုံ့လဝီရိယကောင်းခြင်း၊ ဉာဏ်ရှိခြင်း**တို့ အကြောင်းကို စဉ်းစားမိသမျှ ပြောလိုက်ရပါဦးမယ်။

လုံ့လဝီရိယနဲ့ ဉာဏ်အကြောင်းကို အတွေ့အကြုံအရ သတိထားမိသမျှကို ပြောလိုက်ချင်ပါတယ်။ ငါတို့မြန်မာလူမျိုးတွေမှာ ဆိုရိုးစကားလေး တစ်ခုရှိတယ်။ 'အသံ၊ ဆံ၊ ဉာဏ်၊ ကံ' ဆိုတာမျိုးဟာ ဘဝဗီဇအတိုင်း ဖြစ်လာရတာ။ တုလို့ မရဘူးပေါ့။ ဆံပင်ဆိုရင် ဒီခေတ်မှာ ကောက်လို့ ရနိုင်တယ်၊ အရောင်ဆိုးလို့ရနိုင်တယ်။ ဒါတောင်မှ ဆံပင်ကောင်းခြင်း၊ အုံကောင်း

ခြင်းဆိုတာမျိုးဟာ မွေးရာပါပဲ။ အသံကတော့ ဘယ်လိုမှ တုလို့ပလို့ မရနိုင်ဘူးပေါ့။ ပြောချင်တာ ကတော့ 'ဉာဏ်' ကိစ္စပါပဲ။

ငါသတိထားမိသလောက်ကို တင်ပြလိုက်ချင်ပါတယ်။ မင်းတို့လည်း ငါပြောတာ ဟုတ်မဟုတ် ဆက်ပြီး သတိထား ကြည့်မိကြစေချင်လို့ပါပဲ။ အထူးသဖြင့် မူလတန်းကလေးတွေကစပြီး သတိထား ကြည့်ကြစေချင်ပါတယ်။ ဉာဏ်အားကိုးတဲ့ ကလေး ရှိတယ်၊ ဝီရိယအားကိုးတဲ့ ကလေးရှိတယ်။ ဆိုပါစို့ ကလေးတစ်ယောက်က ဉာဏ်သွက်တယ်၊ နောက် တစ်ယောက်က ဉာဏ်သိပ်မကောင်းလှဘူး၊ ဒါပေမယ့် ဝီရိယတော့ ကောင်းတယ်။ အတန်း ခပ်ငယ်ငယ်မှာ (ဥပမာ-သူငယ်တန်း၊ ပထမတန်း၊ ဒုတိယတန်းစတဲ့ အတန်းကလေးတွေမှာ) ဉာဏ်ကောင်းတဲ့၊ ဉာဏ် သွက်တဲ့ ကလေးက ရှေ့ကပြေးနေလေ့ရှိတယ်။ သူက အဆင့်(၁)လောက် ချိတ်တယ်ဆိုရင် ဝီရိယသမား လေးက အဆင့်(၄)-(၅)လောက် ဆိုတာမျိုးပေါ့။ ဒါပေမယ့် ဉာဏ်ကလေး သက်သက်လောက်နဲ့ သွား နေတဲ့ကလေးဟာ ၄-တန်း၊ ၅-တန်းလောက်က စပြီး မသိမသာ အဆင့်ကျလာတတ်တယ်။ သူကအဆင့် (၂)-(၃)လောက်ဆိုရင် ဝီရိယသမားလေးက အဆင့်

(၃)-(၄) ဆိုတာမျိုးလောက်ထိ လိုက်လာတတ်တယ်။ ၇-တန်း၊ ၈-တန်းလောက်ရောက်တော့ ဝီရိယသမားက အဆင့်(၁)-(၂)ဆိုတာမျိုး ဖြစ်လာပြီ။ ဉာဏ် သက်သက်အားကိုးတဲ့ ကလေးဟာ အဆင့် (၆)-(၇)-(၈)ဆိုတာမျိုးတွေ ရောက်သွားတာကို တွေ့ရ တတ်ပါတယ်။ နောက်ပိုင်းမှာတော့ အဆင့်ကျရုံသာ မကဘူး၊ ပညာသင်ယူမှု ပျက်ကွက်လာတာကိုပါ တွေ့ရတတ်ပါတယ်။ လူကြီးမိဘတွေက သတိထားပြီး ထိန်းလို့ ရှိရင်တော့ဖြင့် ဉာဏ်ကောင်းတဲ့ ကလေးဟာ ဝီရိယပါတွဲလာတာကြောင့် တောက်လျှောက် တက် သွားတာပါပဲ။

၁၀-တန်းလောက် ရောက်ပြီဆိုရင်တော့ ဝီရိယချင်း ပြိုင်တာလောက်ကို ဖြစ်သွားပြီ။ တက္ကသိုလ် ရောက်ပြီဆိုရင်တော့ ပြောမနေနဲ့တော့။ တက္ကသိုလ် ဆိုတာ ဝီရိယချင်းပြိုင်တဲ့ နေရာကြီးလို့တောင် ပြော နိုင်ပါလိမ့်မယ်။ ၁၀-တန်းလောက်တောင်မှ အောင်လာ ခဲ့ကြပြီဆိုတော့ သူသူကိုယ်ကိုယ်လောက်တော့ ဉာဏ် ရှိလို့ ရောက်လာတာချည်းပဲ မဟုတ်လား။

အဲဒီမှာ စဉ်စားမိတာတစ်ချက်က ဝီရိယအား ကိုးနဲ့ (၁)ကိုနားလည်ရတယ်၊ နောက်တစ်ဆင့် (၂)ကို လည်း ဝီရိယအားကိုးနဲ့ပဲ နားလည်ခဲ့ရတယ်။ (၁)နဲ့(၂)

တို့ကို အခြေခံ ပိုင်ပိုင်နိုင်နိုင် နားလည်လာလိုက်တော့ (၃)ကို စဉ်းစားလိုက်တဲ့ အခါမှာ (၁)နဲ့ (၂)ကို ကြံစည်ခဲ့ရတာထက် ပိုပြီးလွယ်သွား စေတယ်လို့ ထင်မိတယ်။ (၁)(၂)တို့ အပေါ်မှာ အခြေခံထားလိုက်တဲ့ အရှိန်လို့ ဆိုရမှာပေါ့။ ဒီလို မြန်မြန် နားလည်လာ လိုက်တာဟာ ဉာဏ်ကောင်းခြင်း၊ ဉာဏ်သွက်ခြင်းရဲ့ လက္ခဏာပဲ မဟုတ်လား။ ဒီတော့ ဉာဏ်ကောင်းတယ်လို့ ဖြစ်လာပြန်တာပေါ့။ ဒီသဘောကြောင့် ငယ်စဉ်အခါမှာ ပင်ကိုယ်ဉာဏ် အသင့်အတင့်မျှသာရှိပြီး ဝီရိယကောင်းတဲ့ ကလေးတွေ၊ လူကြီးမိဘက ဂရုတစိုက် ကြပ်မတ်တဲ့ ကလေးတွေဟာ အတန်းမြင့်လာလေ ပညာအဆင့် မြင့်လာလေမို့၊ ဉာဏ်ကောင်းတယ်လို့ ဖြစ်လာရပြန်တယ် အောက်မေ့မိတယ်။

တင်ပြခဲ့တာတွေ သင့်မသင့်ကိုလည်း မင်းတို့ ကိုယ်တိုင် ကိုယ့်ဘဝ အတွေ့အကြုံ၊ ကိုယ့်ပတ်ဝန်းကျင်က သူငယ်ချင်းတွေရဲ့ ဖြစ်ရပ်တွေနဲ့ ချိန်ထိုးပြီး ကြည့်ကြစေချင်ပါတယ်။ ဘာပဲ ဖြစ်ဖြစ်ပေါ့လေ ဉာဏ်သွက်ရုံ ကောင်းရုံကလေး တစ်ခုနဲ့တော့ ပညာအရာမှာ ထူးချွန်ပြောင်မြောက်ဖို့ မဖြစ်နိုင်ဘူး ဆိုတာကိုတော့ ပုံသေခံယူထားလိုက်စေချင်ပါတယ်။

မင်းတို့လည်း ကျောင်းသင်ပညာလောက်

ကိုသာ ပညာလို့ ထင်မနေကြလေနဲ့။ ပညာတစ်ခုခုကို တော့ သင်ယူလေ့လာနေသင့်ကြတယ်။ ဘာပညာ ကိုမှမသင်ဘဲ ပညာသင်ယူမှုကို ရပ်ထားလို့ရပေမယ့် အသက်က ရပ်နေတာမဟုတ်ဘူး။ တစ်နေ့တခြား ကြီးလာနေတာ။ ခုဆိုရင် သင်တန်းတွေကလည်း တစ်ပုံကြီးပဲ။ 'သရုပ်ဆောင်သင်တန်း' ဆိုတာတွေ တောင်ရှိဆိုပဲ။ ဘာပဲဖြစ်ဖြစ် ရေရှည်သုံးနိုင်မယ့် ပညာကိုတော့ ရကိုရအောင် ရှာကြရလိမ့်မယ်။ အဲဒီ ပညာကို နှစ်သက် ယုံကြည်မယ်၊ ကျန်းမာမယ်၊ ရိုးသား မယ်၊ ကြိုးစားမယ်ဆိုရင် အောင်မြင်ပေါက်မြောက်မှာ မုချပါပဲ။ မျက်စိအောက်မှာတင်ပဲ နွေရာသီကျောင်း အားရက်မှာ 'ကျောင်းပိတ်' ထားပေမယ့် 'ခေါင်းပိတ် မထားဘူး' ဆိုတဲ့စိတ်နဲ့ ကောင်နိုးရာရာ ကြိုးစားနေတဲ့ ကလေးကွေအတွက် အားတက်မိပါတယ်။ ။

(ဈေးကွက်ဂျာနယ်၊ အမှတ်(၆၉)၊ ၁၉၉၈ခုနှစ်။)

*တကယ်သိုလ်ဆိုတာ*
*ဝီရိယချင်းပြိုင်တဲ့ နေရာကြီးလို့တောင်*
*ပြောနိုင်ပါလိမ့်မယ်။*

Future Publishing House

## တစ်လုံးမျှသောကိုယ်

ခုတစ်လော ပိဋကတ်တော် မြန်မာပြန်တွေကို အတော်လေး ဖတ်ဖြစ်နေမိတယ်။ အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန်(ပထမတွဲ)မှာ ပါတဲ့ 'ရောဟိတဿသုတ်' ကလေးကို မင်းတို့ စိတ်ဝင်စားကြလိမ့်မယ် ထင်တာကြောင့် ရေးလိုက် ပါရစေဦး။

တစ်ခုပြောချင်တာက ငါ့စာတွေကို စောင့်ဖတ်နေကြတဲ့ လူငယ်စာဖတ်ပရိသတ် အားလုံးဟာ ဗုဒ္ဓဘာသာဝင်တွေချည်း မဟုတ်နိုင်ဘူး ဆိုတာ ငါအသိသားပေါ့။ သည်တော့ ဗုဒ္ဓဘာသာဝင် မဟုတ်သူတွေကလည်း ဗုဒ္ဓဘာသာဆိုတာကို မေ့ထားလိုက်ပြီး တင်ပြလိုက်တဲ့ အတွေးအမြင်ကို သာလျှင် 'ကိုယ်တွက်ကျန်အောင်' ယူတတ်ဖို့ အရေးကြီးတာပါပဲ။

မြတ်စွာဘုရားသခင်က ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေစဉ် တစ်ခုသောည သန်းခေါင်ယံမှာ ရောဟိတဿနတ်သား ရောက်လာတယ်။ မြတ်စွာဘုရားထံ ချဉ်းကပ်ရှိခိုးပြီး လျှောက်ထားမေးမြန်းတာက-

*"အရှင်ဘုရား-ပဋိသန္ဓေမနေရာ၊ မအိုရာ၊ မသေရာ၊ မရွေ့လျောရာ၊ တစ်ဖန်မဖြစ်ရာသော လောက၏အဆုံးသို့ (ခြေဖြင့်) သွားခြင်းဖြင့် သိနိုင် မြင်နိုင် ရောက်နိုင်ပါသလားဘုရား"*

*"ရောဟိတဿနတ်သား- ထိုနေရာသို့ (ခြေဖြင့်) သွား၍ ရောက်နိုင်သည်ဟု ငါမဆို"*

*"အရှင်ဘုရားကို အလွန်အံ့ဩမိပါတယ်ဘုရား။ အရှင်ဘုရား မိန့်ကြားတာ အလွန်ကို သင့်မြတ်ပါတယ်ဘုရား။ တပည့်တော်ဟာ ရှေးဘဝက မုဆိုး၏သား 'ရောဟိတဿရသေ့' ဖြစ်ခဲ့ဖူးပါတယ်။ တန်ခိုးနဲ့လည်း ပြည့်စုံခဲ့တာမို့ ကောင်းကင်မှာ ပျံတက်သွားလာနိုင်ခဲ့ပါတယ်။ တပည့်တော်ရဲ့ လျင်မြန်မှုအဟုန်ဟာဆိုရင် ဘုရင့်လေးသည်တော် တစ်ဦးက ခက်မာတဲ့လေးနဲ့ ပစ်လိုက်တဲ့မြားဟာ ထန်းပင်ရိပ်တစ်ခုကို ကန့်လန့်ဖြတ်သွားတဲ့ ကာလတိုင်းတာလောက်မှာ စကြဝဠာကို လွန်စေနိုင်လောက်အောင်*

မြန်ပါတယ်ဘုရား။ ခြေလှမ်းပမာဏ ဆိုရင်လည်း အရှေ့သမုဒ္ဒရာမှ အနောက်သမုဒ္ဒရာအထိ လှမ်းနိုင်ပါတယ်။ အဲဒီတော့ တပည့်တော်ရဲ့စိတ်မှာ ဒီလိုသာ သွားလိုက်ရင် ဘယ်နည်းမဆို လောကကို လွန်မြောက်ပြီး မအိုရာ မသေရာ မရွေ့လျောရာ နေရာကို မုချ ရောက်ရမယ်လို့ ကြံမိခဲ့ပါတယ်။ ဒါ့ကြောင့် တပည့်တော်ဟာ စားချိန် သောက်ချိန် အပေါ့အလေး စွန့်ချိန် မှတစ်ပါးမရပ်မနား ပြေးသွားခဲ့ပါတယ်။ တပည့်တော်ရဲ့ အသက်ကြွင်း အနှစ်တစ်ရာတိုင်တိုင် ပြေးသွားခဲ့သော်လည်း လောကရဲ့အဆုံးကိုမရောက်ဘဲ စကြဝဠာအတွင်းမှာပဲ သေခဲ့ရပါတယ်ဘုရား။ ဒါကြောင့် အရှင်ဘုရား မိန့်ကြားချက်ဟာ အံ့သြနှစ်သက်ဖွယ် ရှိပါပေတယ်လို့ လျှောက်ထားရခြင်း ဖြစ်ပါတယ်ဘုရား"

"ဒါယကာနတ်သား - ထိုမအိုရာ မသေရာ တစ်ဖန် မဖြစ်ရာသို့ (ခြေဖြင့်)သွား၍ မရောက်နိုင်။ စင်စစ်အားဖြင့် သညာလည်းရှိသော၊ စိတ်လည်းရှိသော တစ်လံမျှလောက်သော ဤခန္ဓာကိုယ်၌သာလျှင် လောကကိုငင်း၊ လောကဖြစ်ပေါ်ကြောင်းကိုငင်း၊ လောက၏ချုပ်ရာ (နိဗ္ဗာန်)ကိုငင်း၊ လောက၏ချုပ်ရာ ရောက်ကြောင်းအကျင့်ကိုငင်း ငါပညတ်၏"

ရောဟိတဿသုတ် အကျဉ်းချုပ်က အဲဒါပါပဲ။ ရောဟိတဿရသေ့ ပြေးသွားတဲ့ အဟုန်ဟာ 'အလင်း' သွားနှုန်း ထက်တောင် မြန်နေသေးတာပေါ့။ စကြဝဠာပေါင်း အရေအတွက်ဟာ အနန္တဆိုတာလည်း မမေ့နဲ့ဦး။ ဒါတွေကို ထည့်ပြောလိုက်ရတာက ရောဟိတဿနတ်သား ဆိုလိုတာကို နားလည်အောင် ပြောလိုက်ရတာပါ။ ***ငါစိတ်ဝင်စားတာက 'တစ်လံမျှရှိသော ဒီခန္ဓာကိုယ်ထဲမှာပဲ ရှိတယ်။' ဆိုတဲ့စကားပါပဲ။***

နိဗ္ဗာန် ရောက်ကြောင်းမှာသာလျှင် တစ်လံမျှရှိသော ခန္ဓာကိုယ်လေးထဲမှာ အကြောင်းတရားတွေရှိနေတာ မဟုတ်ဘူး။ လောကအောင်မြင်မှု ဟူသမျှရဲ့ အကြောင်းတရားတွေဟာ သညာလည်းရှိသော၊ စိတ်လည်းရှိသော၊ ဒီတစ်လံမျှရှိသော ခန္ဓာကိုယ်လေးထဲမှာပဲ ရှိနေတာမဟုတ်လား။

စဉ်းစားကြည့်လေ-ငါ့အဖို့ ဒီစကြဝဠာလောကဓာတ်ကြီး တစ်ခုလုံးမှာ ငါဟာဗဟိုပဲ။ ငါ့အဖို့ ငါသာလျှင် အရေးကြီးဆုံးပဲ။ မင်းအဖို့လည်း ဒီအတိုင်းပဲပေါ့၊ ဒီတစ်လံမျှရှိသော ခန္ဓာကိုယ်လေးကြောင့်သာ ငါဆိုတာ ရှိနေတာမဟုတ်လား။ ဒါပေမယ့် တို့တစ်တွေက ဒီခန္ဓာကိုယ်လေးထဲက အကြောင်းတရားတွေကို ရှာဖွေစူးစမ်းဖို့ မေ့နေတတ်ကြတယ်။

မဂ်ဖိုလ်ရရာ ရကြောင်းမှာသာလျှင် 'တရားရှာ ကိုယ်မှာတွေ့' အောင် ရှာရတာမဟုတ်ဘူး၊ လောက အောင်မြင်မှု ဟူသမျှမှာလည်း 'တရားရှာ ကိုယ်မှာ တွေ့' အောင် ရှာနိုင်စကောင်းတယ်လို့ ငါတော့ ထင်မိ တာပဲ။ မဂ်ဖိုလ်ရှာတဲ့သူတွေဟာ ဖြစ်ပျက် ဆိုတာတွေ၊ ဒီခန္ဓာကိုယ်ရဲ့ မနှစ်မြို့ဖွယ် အမှတ်တရားတွေကို ပြက်ပြက်ထင်ထင် မြင်လာအောင် ဝိပဿနာရှုကြ သလို *မင်းတို့ ငါတို့ ဟာလည်း ငါတို့ရဲ့ မိုက်မဲမှု၊ အသုံး မကျမှု၊ ပျော့ညံ့မှုတွေကို အထပ်ထပ် အဖန်ဖန် 'ဝိပဿနာ' ရှုကြမယ်ဆိုရင် ပျော့ညံ့ချက်တွေ၊ မကောင်းတာတွေကို တွေ့လာရမှာ မုချပါပဲ။* မဂ်ဖိုလ် ရှာတဲ့သူတွေဟာ ဒီခန္ဓာကိုယ်ကြီးကို သုံးသပ်ရင်း စက်ဆုပ်လာသလို မင်းတို့ငါတို့ဟာလည်း ကိုယ့် ပျော့ညံ့ကွက်တွေကို တစိမ့်စိမ့်သတိပြုမိပြီး စက်ဆုပ် လာမယ်ဆိုရင် တရားရှာသူတွေ မဂ်ဖိုလ်အလင်း ရောင်ကိုရသလို မင်းတို့ငါတို့လည်း ကိုယ့်အောင်မြင်မှု အလင်းရောင်ကို ရနိုင်ကြမှာပါပဲ။

ကဲ-တစ်လံမျှ ရှိသော မင်းရဲ့ခန္ဓာကိုယ်!

(ဈေးကွက်ဂျာနယ်၊ အမှတ်(၇၆)၊ ၁၉၉၈ခုနှစ်)

Future Publishing House

## ပဓာနသုတ်

ပိဋကတ်တော် မြန်မာပြန်တွေကို ဖတ်နေမိတယ် ဆိုတာ အရင်တစ်ပတ်က ရေးခဲ့ပြီးပါပြီ။ 'တစ်လံမျှသောကိုယ်' ဆိုတာကိုလည်း ရေးခဲ့ပါတယ်။ ဖတ်နေရင်းကပဲ **'ပဓာနသုတ်'** ဆိုတာက မင်းတို့ငါတို့ စဉ်းစား လိုက်နာဖို့ကောင်းတယ် ထင်မိတာကြောင့် ရေးလိုက်ရပါဦးမယ်။ အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန် ပထမတွဲမှာ တွေ့နိုင်ပါတယ်။ ကျမ်းညွှန်းပေးနေတဲ့ ရည်ရွယ်ချက်က မင်းတို့လူငယ်တွေဟာ ပိဋကတ်တော်လို့ဆိုလိုက်ရင် ဘုန်းကြီးတွေ အဖိုးကြီးတွေနဲ့သာဆိုင်တယ်လို့ အောက်မေ့နေတတ်ကြတယ်။ *(ပြောမယ့်သာ ပြောလိုက်ရတယ် ငါတို့ငယ်ငယ်ကလည်း ဒီလိုပဲ ထင်မိတာပဲ။ အဲဒီလို စာအုပ်မျိုးတွေကို ဘာခေါ်ကြသလဲ သိလား။ 'ဘုရားမြပုခက်' တဲ့လေ။ ဖတ်ဖို့ ကောက်ကိုင်လိုက်တာနဲ့ အိပ်ပျော်သွားတော့တာကိုး)* ဒီစာအုပ်တွေထဲမှာ သေချာဖတ်ကြည့်

မယ်ဆိုရင် လူငယ်တွေအတွက် အောင်မြင်ရေး လမ်းညွှန်တွေ အများကြီး တွေ့နိုင်တယ်ဆိုတာ သတိပြုမိပြီး ကြုံလာရင် ကိုင်မိဖတ်မိအောင်လည်း ရည်ရွယ်ပါတယ်။

'ပဓာနသုတ်' မှာ ဘုရားက ရဟန်းတော်များကို ဟောကြားတာက-

*"ရဟန်းတို့ အားထုတ်ခြင်း လေးမျိုးရှိတယ်။ အဲဒါတွေက-**စောင့်စည်းရန် အားထုတ်ခြင်း**၊ **ပယ်ရန် အားထုတ်ခြင်း**၊ **ပွားများရန် အားထုတ်ခြင်း**၊ **အစဉ်စောင့်ရှောက်ရန် အားထုတ်ခြင်း** တို့ ဖြစ်တယ်။"*

*"စောင့်စည်းရန် အားထုတ်ခြင်းဆိုတာက မဖြစ်သေးတဲ့ အကုသိုလ်တရားယုတ်တွေကို မဖြစ်စေလိုတဲ့ဆန္ဒနဲ့ မဖြစ်လာအောင် စိတ်အားသတ္တိနဲ့ တားဆီးထားတာဖြစ်တယ်။"*

*"ပယ်ရန် အားထုတ်ခြင်းဆိုတာက ဖြစ်ပြီးသော အကုသိုလ်တရားယုတ်တွေကို ပယ်ချင်တဲ့ဆန္ဒနဲ့ စိတ်အားတင်းပြီး ပယ်ရန် အားထုတ်ခြင်း ဖြစ်တယ်။"*

*"ပွားများရန် အားထုတ်ခြင်းဆိုတာက မဖြစ်သေးတဲ့ ကုသိုလ်တရားမြတ်တွေကို ဖြစ်စေလိုတဲ့ ဆန္ဒ*

ပေါ်ပြီး ဖြစ်လာအောင် အားထုတ်ခြင်းဖြစ်တယ်။"

"အစဉ်စောင့်ရှောက်ရန် အားထုတ်ခြင်းဆိုတာက ဖြစ်ပြီးသော ကုသိုလ်တရားမြတ်တို့ကို တည်မြဲပွားများနေစေရန် အားထုတ်ခြင်းဖြစ်တယ်။"

"ရဟန်းတို့ ဤလေးပါးတို့၌ ပြင်းစွာ အားထုတ်သော ရဟန်းဟာ နိဗ္ဗာန်ရောက်တယ်"

ကဲ-အဲဒီ 'အားထုတ်ခြင်းလေးပါး' ဟာ မင်းတို့ငါတို့နဲ့ကော မသက်ဆိုင်ပေဘူးလား။

မင်းဟာ ဆေးလိပ်မသောက်တတ်ဘူး ဆိုပါတော့၊ သွားပြီး အကျင့်မလုပ်ရဘူးပေါ့။ ဒါဟာ စွဲတတ်တယ်။ ကျန်းမာရေး ထိခိုက်နိုင်တယ်၊ ပိုက်ဆံကုန်တယ် သက်သက်မဲ့ အကျိုးယုတ်စေဖို့သာလျှင် ဖြစ်တယ်ဆိုတဲ့စိတ်နဲ့ သတိထားပြီးနေရင် 'စောင့်စည်းရန် အားထုတ်နေခြင်း' ပဲပေါ့။ အဲဒီကနေပြီး ဆင့်ပွားလိုက်ရင် ကွမ်းစားတာရော၊ ဆေးခြောက်ရှူတာရော၊ မူးယစ်ဆေးဝါးသုံးတာရော အကုန်လုံး ပါလာတော့တာပေါ့။ တကယ် စဉ်းစားကြည့်မယ်ဆိုရင် နို့စို့ကလေးဘဝကစပြီး ဆေးလိပ်သောက်တတ်ခဲ့တယ်လို့ ဘယ်မှာရှိပါ့မလဲ။ ဆေးလိပ်သောက်တာ မကောင်းဘူးဆိုတာလည်း သိနေသားပဲ။ စောင့်စည်းရန် အားမထုတ်ခဲ့လို့

စွဲကုန်ကြတာ မဟုတ်ပေဘူးလား။

ပယ်ရန် အားထုတ်ခြင်းဆိုတာ ဆေးလိပ်စွဲနေတယ်၊ ဖြတ်ဖို့ကြိုးစားတယ်။ ဒါဟာ ပယ်ရန်အားထုတ်ခြင်းပဲပေါ့။ မင်းရဲ့ ဘဝတက်လမ်းအတွက် အနှောင့်အယှက် အတားအဆီးဖြစ်နေတဲ့ အကျင့်ဆိုးကြီးတွေ ဘယ်နှစ်ခုလောက် ရှိနေလဲ။ ပြန်ပြီး စဉ်းစားကြည့်ပေါ့။ ခက်နေတာက တို့တစ်တွေက မသိတာ မဟုတ်ဘူးကွဲ၊ မလုပ်ကြတာ။ ပယ်ဖို့ အားမထုတ်ကြတာ။ ကိုယ့်ကိုကိုယ် အလိုလိုက် ဖျက်ဆီးနေကြတာ။ ပယ်ဖို့ အားထုတ်မှု နည်းကြတယ်လို့ ဆိုရမှာပေါ့။

ကောင်းတဲ့ အလေ့အကျင့်တွေကို မသိဘူးလားဆိုရင် သိနေကြသားပဲ။ အဲဒီ အကျင့်ကို ရအောင်ထူထောင်ဖို့ကျတော့ စိတ်အားထက်သန်မှု ပြင်းပြင်းပြပြ မရှိကြဘူး။ အဲဒီ အကျင့်ကောင်း အကျင့်မြတ်ကို ရအောင် အားထုတ်တာဟာ ပွားများရန် အားထုတ်ခြင်းပါပဲ။

ကိုယ့်မှာရှိနေပြီးသား အကျင့်ကောင်းကလေးတွေကို မပျက်အောင်၊ ဆက်လက်ရှင်သန်နေအောင် အားထုတ်တာဟာ 'အစဉ်စောင့်ရှောက်ရန်အားထုတ်ခြင်း' ပဲပေါ့။

အဲဒီလေးပါးကို ပြင်းပြင်းထန်ထန် အားထုတ်တဲ့ ရဟန်းဟာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တယ်လို့ ဘုရားကမိန့်တော်မူတယ်။ မင်းတို့ ငါတို့ ဆယ်တန်းစာမေးပွဲဘာညာ ဆိုတာလေးတွေက တကယ်တော့ တောက်တီးတောက်တဲ့ ကိစ္စလေးတွေပါ။ ဘာမှပြောပလောက်တာ မဟုတ်ဘူး။ မင်းကိုယ်မင်း ပြန်ပြီး သေချာစစ်ဆေး ကြည့်လိုက်မယ်ဆိုရင် 'ဆောင်ရရှောင်ရ' မယ့် စာရင်းတွေ ထွက်လာမှာပါ။ အဲဒီစာရင်းကို သေချာမှတ်ပြီး အားထုတ်ခြင်းလေးပါးနဲ့ တွယ် လိုက်ရင် အောင်မြင်တဲ့သူ ဖြစ်လာမှာပါ။ အဲဒါ ဘုရားဟောပါ မောင်ရင်။ ။

(ဈေးကွက်ဂျာနယ်၊ အမှတ်(၇၇)၊ ၁၉၉၈ခုနှစ်)

<u>နို့စို့ကလေး ဘဝကစပြီး</u>
<u>ဆေးလိပ် သောက်တတ်ခဲ့တယ်လို့</u>
<u>ဘယ်မှာ ရှိပါ့မလဲ။</u>
<u>ဆေးလိပ်သောက်တာ မကောင်းဘူး ဆိုတာလည်း</u>
<u>သိနေသားပဲ။ စောင့်စည်းရန် အားမထုတ်ခဲ့လို့</u>
<u>စွဲကျန်ကြတာ မဟုတ်ပေဘူးလား။</u>

Future Publishing House

## ဒေဝဒူတသုတ်

ဒီတစ်ပတ်မှာလည်း ပိဋကတ်တော်ထဲက ထုတ်ပြီး ရေးလိုက်ပါရစေဦး။ မနေ့တစ်နေ့က ဆယ်တန်းစာမေးပွဲ အောင်စာရင်းတွေ ထွက်သွားတယ်မဟုတ်လား။ အောင်သူတွေ ပြုံးလို့ ရှုံးသူတွေ ငိုတဲ့ အခါမျိုးကြီးပဲပေါ့။ ငါ့တပည့်တွေထဲမှာလည်း မငိုရင်တောင်မှ မဲ့နေတဲ့သူတွေ၊ မချိပြုံး ပြုံးနေရတဲ့သူတွေ ရှိသပေါ့။ သူတို့ကို တွေ့မိလိုက်တော့ 'ဒေဝဒူတသုတ်' ကို သတိရလိုက်မိတာကြောင့် ရေးလိုက်တာပါပဲ။

အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန် ပထမတွဲမှာ ပါ,ပါတယ်။ လိုရင်းကို အကျဉ်းချုပ်ပြီး ရေးပါ့မယ်။

လူ့ဘဝမှာ ကံသုံးပါးအားဖြင့် ကုသိုလ်တရား ကင်းမဲ့ပြီး အကုသိုလ်မှုသာပြုခဲ့တဲ့ လူတစ်ယောက် ကွယ်လွန်သွားတဲ့အခါမှာ ငရဲထိန်းတွေက အဲဒီယောကျ်ားကို လက်ဆွဲခေါ်ငင်ပြီး ယမမင်းရှေ့မှာ

တင်ပြကြတယ်။

"အရှင်ယမမင်း၊ ဒီလူဟာ မိဘအပေါ်မှာ သားသမီးတို့ ပြုအပ်တဲ့ ဝတ္တရားကိုလည်း ချွတ်ယွင်းခဲ့တယ်။ ရဟန်းသံဃာ ဘိုးဘွား လူကြီးသူကြီးများ အပေါ် ပြုအပ်တဲ့ ဝတ္တရားများကိုလည်း ပျက်ကွက်ခဲ့တယ်။ ဒါကြောင့် ဒဏ်ထားတော်မူပါ အရှင်ယမမင်း"

အဲဒီအခါမှာ ယမမင်းက အဲဒီလူကို မေးတယ်။

"အမောင်ယောကျ်ား၊ သင်ဟာ လူ့ပြည်မှာ 'ပထမသေမင်းတမန်' ကို မတွေ့ခဲ့ပါသလော"

"မတွေ့ခဲ့မိပါအရှင်"

"ကောင်းပြီ- လူ့ပြည်မှာ ဆံဖြူသွားကြွေ အရေတွန့်တို့ အိုမင်းမစွမ်းရှိသော၊ အရွယ်အားဖြင့် အသက် ခုနှစ်ဆယ်၊ ရှစ်ဆယ်၊ ကိုးဆယ်ရှိသော သူအိုတို့ကို မတွေ့ခဲ့ပါသလော"

"တွေ့ခဲ့မိပါသည်အရှင်"

"သို့ဖြစ်လျှင် အမောင်ယောကျ်ားသည် သိကြားလိမ္မာသည် ဖြစ်လျက်၊ အရွယ်ရောက်ပြီးလည်း ဖြစ်ပါလျက် 'ငါသည်လည်း အိုခြင်းသဘောကို မလွန်နိုင်၊ ထို့ကြောင့် ကံသုံးပါးအားဖြင့် ကောင်းမှုပြုအံ့' ဟူသောစိတ်အကြံ သင့်၌မဖြစ်ခဲ့ပါသလော"

*"မဖြစ်ခဲ့မိပါ၊ မေ့လျော့ခဲ့ပါသည်အရှင်"*

ယမမင်းက အဲဒီအတိုင်း ဒုတိယတမန် 'နာခြင်း'၊ တတိယတမန် 'သေခြင်း' တို့ကိုပါ တွေ့ခဲ့လားလို့မေးတယ်။ ယောကျ်ားက ရှေးနည်းတိုင်း မေ့လျော့ခဲ့မိကြောင်း ပြောတယ်။ သည်တော့မှ ယမမင်းက-

*"အမောင်ယောကျ်ား-သင်သည် သေမင်းတမန်တို့ကို တွေ့ခဲ့ရပါလျက်၊ သိကြားလိမ္မာသည်လည်း ဖြစ်ပါလျက်၊ အရွယ်ရောက်ပြီးလည်း ဖြစ်ပါလျက် ကုသိုလ်ပြုရန် မေ့လျော့ခဲ့၏။ ထိုအပြစ်တို့၏အကျိုးဆက်ကို မလွဲမသွေ သင်ခံစားရတော့အံ့။ ထိုမကောင်းမှုကို သင့်အမိ ပြုသည်မဟုတ်၊ သင့်အဖ ပြုသည်မဟုတ်၊ သင့်အစ်ကို အစ်မ၊ ညီ ညီမ ဆွေမျိုးသားချင်း အပေါင်းအသင်းတို့ ပြုခဲ့ကြသည်မဟုတ်၊ သင်သည်သာလျှင် ပြုခဲ့၏။ ထိုအပြစ်တို့ အကျိုးကို သင်ခံယူရအံ့"*

⊙

"ဒီ 'ဒေဝဒူတသုတ်' နဲ့ ဆယ်တန်းအောင်စာရင်းနဲ့ ဘာဆိုင်လို့လဲ" လို့ မေးစရာရှိပါတယ်။

ဆယ်တန်းရှုံးတဲ့ ကျောင်းသားတွေ၊ ဂုဏ်ထူးတစ်ခွေ့မှမပါလို့ မဲ့နေတဲ့ကျောင်းသူတွေကို ငါက

မေးကြည့်ချင်နေမိတယ်။

*"အမောင်ကျောင်းသား၊ စာမကြိုးစား၍ စာမေးပွဲကျသောသူတို့ကို သင်မတွေ့ခဲ့ဖူးလေသလော၊ စာကိုနေ့နေ့ညည ကြိုးစားသောကြောင့် အများနှင့်မတူ ထူးထူးခြားခြား အောင်မြင်သော ကျောင်းသားတို့ကို အမောင်ကျောင်းသား မတွေ့ခဲ့ဖူးလေသလော"* ဆိုတာမျိုးတွေ မေးကြည့်လိုက်ရင် *"မေ့လျော့ခဲ့မိပါ၏"* လို့ ဖြေကြလိမ့်မယ် ထင်မိပါတယ်။

ပြောချင်တာက မင်းတို့ ငါတို့တစ်တွေဟာ သိတတ်သော အရွယ်သို့ ရောက်ရှိပြီးလည်း ဖြစ်သော၊ သိကြားလိမ္မာသည်လည်း ဖြစ်သော (မရူးသော) သူတွေ အမှန်ပဲ။ ငါတို့ ပတ်ဝန်းကျင်မှာလည်း သေမင်းတမန်လို ဖြစ်ရပ်တွေကို တွေ့နေကြရတာလည်း အမှန်ပဲ။ ဒီကြားထဲ ငါတို့တစ်တွေက မေ့မေ့လျော့လျော့ ဖြစ်နေတတ်ကြတာပဲ မဟုတ်လား။ စာမေးပွဲ ကျတာဟာလည်း ပမာနအားဖြင့်က ကိုယ့်အပြစ်ပဲ၊ ဘယ်သူ့ကိုမှ လွှဲချနေလို့မရဘူး။

စာမေးပွဲမှသာ မဟုတ်ပါဘူး။ တခြားဘဝကိစ္စ အဝဝမှာလည်း အတူတူပါပဲ။ ကိုယ့်ဘဝ နိမ့်ကျနေလို့ရှိရင် သေမင်းတမန်တွေကို နေ့စဉ်တွေ့နေရ

ပါလျက် မေ့မေ့လျော့လျော့ ဖြစ်နေမိလို့ပဲလို့ သတိထားပြီး နေသင့်ပါတယ်။ ကဲ-ဒီလိုတွေးလိုက်ပြန်တော့ 'ဒေဝဒူတသုတ်' ကလေးဟာ ဘဝတန်ဖိုး မရှိနိုင်ပေဘူးလား။ ။

(ဈေးကွက်ဂျာနယ်၊ အမှတ်(၇၈)၊ ၁၉၉၈ခုနှစ်။)

"အမောင်ကျောင်းသား၊
စာမကြိုးစား၍ စာမေးပွဲကျသောသူတို့ကို
သင်မတွေ့ခဲ့ဖူးလေသလော၊
စာကိုနေ့နေ့ညည ကြိုးစားသောကြောင့်
အများနှင့်မတူ
ထူးထူးခြားခြား အောင်မြင်သော ကျောင်းသားတို့ကို
အမောင်ကျောင်းသား မတွေ့ခဲ့ဖူးလေသလော"
ဆိုတာမျိုးတွေ မေးကြည့်လိုက်ရင်
"မေ့လျော့ခဲ့မိပါ၏" လို့
ဖြေကြလိမ့်မယ် ထင်မိပါတယ်။

## ခေါင်းဆောင်ကောင်းဆိုတာ
## (ဂဝေသီသုတ်)

အရင်တစ်ခါက ပိဋကတ်မြန်မာပြန်တွေရဲ့ ရေးဟန်ကို ယဉ်ပါးစေချင်တာကြောင့် ထုတ်နှုတ်ပြီး ထည့်ပေးလိုက်ဖို့ ရည်ရွယ်ကြောင်း ရေးလိုက်ခဲ့ပါသေးတယ်။ ဒီတစ်ခါမှာတော့ ထည့်ပေးလိုက်ပါတယ်။ ဖတ်ကြည့်လိုက်ပါဦး။ အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန် ဒုတိယတွဲမှာပါတဲ့ "ဂဝေသီသုတ်" ဖြစ်ပါတယ်။

*အခါတစ်ပါး၌ မြတ်စွာဘုရားသည် များစွာသော ရဟန်းသံဃာနှင့်အတူ ကောသလတိုင်းတို့၌ ဒေသစာရီ ကြွချီတော်မူ၏။ မြတ်စွာဘုရားသည် ခရီးရှည် ကြွသွားတော်မူသည်ရှိသော် အရပ်မျက်နှာတစ်ခု၌ အင်ကြင်းတောကြီးကို မြင်တော်မူ၍ ခရီးလမ်းမှ ဖဲခွာတော်မူခဲ့ပြီးလျှင် ထိုအင်ကြင်းတောသို့ ချဉ်းကပ် ဝင်ရောက်လျက် တစ်ခုသောအရပ်၌*

ပြုံးတော်မူ၏။

ထိုအခါ ရှင်အာနန္ဒာအား -

"မြတ်စွာဘုရား ပြုံးတော်မူခြင်း၏ အကြောင်းကား အဘယ်နည်း၊ အထောက်အပံ့ကား အဘယ်နည်း၊ မြတ်စွာဘုရားတို့သည် အကြောင်းမဲ့ ပြုံးတော်မမူကြကုန်" ဟု အကြံဖြစ်၏။

ထိုအခါ ရှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏။

"အရှင်ဘုရား မြတ်စွာဘုရား ပြုံးတော်မူခြင်း၏ အကြောင်းကား အဘယ်ပါနည်း။ အထောက်အပံ့ကား အဘယ်ပါနည်း။ မြတ်စွာဘုရားတို့သည် အကြောင်းမဲ့ ပြုံးတော်မမူကြကုန်" ဟု (လျှောက်၏)။

အာနန္ဒာ ဤအရပ်၌ ရှေးက မြို့ဖြစ်ဖူး၏။ ပြည့်လည်းပြည့်စုံ၏။ ကြွယ်ဝလည်းကြွယ်ဝ၏။ လူမျိုးစုံ ရောပြွမ်းသည်ဖြစ်၍ များစွာသောလူရှိ၏။

အာနန္ဒာ ပူဇော်အထူးကိုခံထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရားသည် ထိုမြို့ကို အမှီပြု၍(သီတင်းသုံး) နေတော်မူခဲ့၏။

အာနန္ဒာ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ

သိတော်မူသော ကဿပမြတ်စွာဘုရားအား စောင့်ထိန်းမှု 'သီလ' တို့၌ ပြည့်စုံစွာ ဖြည့်ကျင့်လေ့မရှိသော ဂဝေသီမည်သော ဥပါသကာသည်ရှိ၏။ အာနန္ဒာ ဂဝေသီမည်သော ဥပါသကာသည် သီလတို့၌ ပြည့်စုံစွာ ဖြည့်ကျင့်လေ့မရှိသော ဥပါသကာငါးရာတို့အား (ဥပါသကာ အဖြစ်ကို) ပြောကြားစေ၏၊ ဆောက်တည်စေ၏။

အာနန္ဒာ ထိုအခါ၌ ဂဝေသီမည်သော ဥပါသကာအား ဤအကြံသည် ဖြစ်၏။

" ငါသည် ဤဥပါသကာ ငါးရာတို့အား ကျေးဇူးများ၏၊ ရှေ့သွား ခေါင်းဆောင်ဖြစ်၏။ (ဥပါသကာအဖြစ်ကို) ဆောက်တည်စေ၏။ ငါသည်လည်း သီလတို့၌ ပြည့်စုံစွာ ဖြည့်ကျင့်လေ့မရှိ၊ ဤဥပါသကာ ငါးရာတို့သည်လည်း သီလတို့၌ ပြည့်စုံစွာ ဖြည့်ကျင့်လေ့ မရှိကုန်။ ဤသို့ ဖြစ်ရခြင်းသည် တူညီနေ၏၊ တစ်စုံတစ်ရာ လွန်ကဲမှုမရှိ၊ ယခုအခါ ငါသည် လွန်ကဲရန် ကျင့်မည်" ဟု အကြံဖြစ်၏။

အာနန္ဒာ ထိုနောက် ဂဝေသီ မည်သော ဥပါသကာသည် ဥပါသကာ ငါးရာတို့ထံ ချဉ်းကပ်၍ ထိုဥပါသကာ ငါးရာတို့အား -

" အရှင်တို့ ယနေ့မှစ၍ အကျွန်ုပ်ကို သီလ

*တို့၌ ပြည့်စုံ စွာ ဖြည့်ကျင့်သောသူဟု မှတ်ကြပါကုန်" ဟူ၍ ဤစကားကို ပြောဆို၏။*

ပိဋကတ်တော် မြန်မာပြန်တွေရဲ့ ရေးဟန်လေသံကို တွေ့ဖူးထိဖူးအောင် ထုတ်ပြလိုက်တာပါ။

အထက်က ကောက်နုတ်ချက်မှာ သတိထားကြည့်စေချင်တာက ဘုရားရှင် ပြုံးတော်မူတာကို မြင်တဲ့အခါ ရှင်အာနန္ဒာရဲ့ စိတ်အကြံ ဖြစ်တာကိုလည်း အပြည့်ရေးပြတယ်။ ရှင်အာနန္ဒာက ဘုရားရှင်ကို လျှောက်ထား မေးမြန်းတဲ့အခါမှာလည်း 'ထိုအကြောင်းကို လျှောက်ထားမေးမြန်း၏' ဆိုတာမျိုး အကျဉ်းချုပ်မရေးဘဲ စကားအပြည့်အစုံကို ထပ်ပြီး ရေးထားတာကို တွေ့ရလိမ့်မယ်။ မူရင်းပိဋကတ်ပါဠိတော်မှာ လာတဲ့အတိုင်း ဘာသာပြန်ရတာဆိုတော့ ခြွင်းခဲ့ချန်ခဲ့လို့မရဘူး။ အဲဒီလို အထပ်ထပ်ပြန်ပြောတာတွေကို အမြဲတွေ့နေရမှာဘဲ။ ကိုယ်က သိနေရင် အသာကျော်သွားပြီး ဖတ်သွားလိုက်ရုံပါပဲ။

လက်သည်းကွင်း(ဘရက်ကက်)နဲ့ ပြထားတာတွေက ပါဠိဘာသာစကားမှာ မလိုအပ်လို့ မပါသော်လည်း မြန်မာပြန်မှာ ရှင်းလင်းအောင် ဖြည့်ပေးထားရတဲ့ ပုဒ်ကလေးတွေ ဖြစ်ပါတယ်။ ဒါက လော

လောဆယ် သိထားအောင်သာ ပြောလိုက်ရတာပါ။ တကယ်တော့ ပိဋကတ် မြန်မာပြန်စာအုပ်တိုင်းမှာ အညွှန်းလေးတွေ ထည့်ပေးထားတာကို တွေ့ရမှာပါ။ ဆရာတော်ကြီးများက ဖတ်တဲ့သူတွေ သက်သာလွယ်ကူစွာ နားလည်နိုင်အောင် သေချာပြုစုတော်မူထားကြပါတယ်။

ဖတ်စမှာတော့ စကားလုံးသုံးစွဲပုံ၊ ဝါကျဖွဲ့ပုံတွေက ခပ်ဆန်းဆန်းလို ဖြစ်နေလိမ့်မယ်။ နောက်ပိုင်းမှာတော့ ယဉ်ပါးလာပြီး တစ်မျိုးတစ်ဖုံ နားဝင်ချိုလာတာကို တွေ့ကြရပါလိမ့်မယ်။

ခေါင်းဆောင် ဥပါသကာ ဂဝေသီရဲ့ အကြောင်းကို ပြန်ကောက်လိုက်ကြဦးစို့ -

'ဥပါသကာ' ဆိုတာက 'ရတနာသုံးပါးကို ဆည်းကပ် ကိုးကွယ်သော ယောကျ်ား' ပါပဲ။ 'ဥပါသိကာ' ဆိုတာကတော့ အမျိုးသမီးကို ပြောတာပါ။ ဂဝေသီက ဘုရားရှင်ကို ကိုးကွယ်တာ မှန်သော်လည်း သီလပြည့်စုံခြင်း မရှိဘူးပေါ့။ သူ့နောက်လိုက်တွေက လည်း သူ့လိုပဲပေါ့။ ဒီတော့ ငါဟာခေါင်းဆောင်လို့ အမည်ခံထားသော်လည်း နောက်လိုက်တွေနဲ့ ဘာမှ မထူးခြားပါကလား၊ သူတို့ထက်ဘာမှ 'မချွန်' ပါ

ကလားလို့ စဉ်းစားမိလိုက်တာပါပဲ။

ခေါင်းဆောင် 'ဂဝေသီ' က သီလ စောင့်ပါပြီလို့ ကြွေကြော်လိုက်တော့ နောက်လိုက်တွေကလည်း သီလစောင့်ထိန်းသူများအဖြစ် ကြွေကြော်လိုက်ပြန်တယ်။

ဒီတော့ ခေါင်းဆောင် 'ဂဝေသီ' က-

*'ဤဥပါသကာ ငါးရာတို့သည်လည်း သီလတို့၌ ပြည့်စုံစွာ ဖြည့်ကျင့်လေ့ ရှိကုန်၏။ ဤသို့ ဖြစ်ခြင်းသည် တူညီနေ၏။ တစ်စုံတစ်ရာ လွန်ကဲမှု မရှိ၊ ယခုအခါ ငါသည် လွန်ကဲရန်ကျင့်မည်'* ဟု အကြံဖြစ်၏။

ဒါနဲ့ပဲ ခေါင်းဆောင်ဂဝေသီက မေထုန်မှုကို ရှောင်ကြဉ်လိုက်ပြန်တယ်။ နောက်လိုက်တွေကလည်း သူ့လိုပဲ ရှောင်ကြဉ်ကြပြန်တယ်။ ခေါင်းဆောင်ဖြစ်သူက နောက်တစ်ဆင့် တက်လိုက်ပြန်တယ်။ တစ်ထပ်ကိုသာစားပြီး နေလွဲညစာစားခြင်းကို ရှောင်ကြဉ်လိုက်ပြန်တယ်။ နောက်လိုက် ဥပါသကာတွေကလည်း သူ့နည်းတူလိုက်ပြီး ကျင့်ကြံကြပြန်တယ်။ ဂဝေသီကလည်း နောက်လိုက်တို့ထက် လွန်ကဲသောအကျင့်ကို ကျင့်လိုတဲ့အတွက်ကြောင့် ကဿပမြတ်စွာဘုရား ထံတော်မှာ ရှင်ရဟန်း

အဖြစ်ကိုယူတယ်။ ရဟန်းအဖြစ် ယူရုံမျှသာလျှင် မဟုတ်ဘဲ "တစ်ယောက်တည်း ဆိတ်ငြိမ်ရာသို့ ကပ်ပြီးလျှင် မမေ့မလျော့ ပြင်းစွာအားထုတ်လျက် (နိဗ္ဗာန်)သို့ စေလွှတ်သော စိတ်ရှိသည်ဖြစ်၍" မဂ်ဖိုလ်ကိစ္စပြီးလို့ ရဟန္တာဖြစ်သွားတယ်။

နောက်လိုက် ဥပါသကာငါးရာတို့ဟာလည်း သူတို့ခေါင်းဆောင် လမ်းစဉ်အတိုင်း ရဟန်းပြုကြပြီး နောက်ဆုံးမှာ ရဟန္တာတွေအဖြစ် ကျွတ်တမ်းဝင်သွားကြပါတယ်။

'ဂဝေသီသုတ်' အချုပ်ကတော့ ဒါပါပဲ။

အကြောင်းအရာအားဖြင့် လေးလေးနက်နက် ထူးခြားလှတာ မဟုတ်ပါဘူး။ ရိုးရိုးစင်းစင်းကလေးသာ ဖြစ်ပါတယ်။ ဇာတ်လမ်း ဇာတ်ကွက်သဘောကို ပြောလိုက်မယ်ဆိုရင် ဘာမှမက်လောက်စရာမရှိဘူးလို့တောင် ဆိုရပါလိမ့်မယ်။ ဒါပေမဲ့ အရေးတကြီး သတိထားမိသင့်တာကလေးက 'ခေါင်းဆောင်' တစ်ယောက်မှာ ရှိထားသင့်တဲ့ ခံယူချက်ပဲ ဖြစ်ပါတယ်။

'ခေါင်းဆောင်' လို့ ဆိုလိုက်ရင် နိုင်ငံရေးခေါင်းဆောင်လောက်ကိုသာ ပြေးပြီးမြင်တတ်ကြတယ်။ ဘယ်နေရာ ဘယ်လောက ဘယ်ဝန်းကျင်မှာမဆို ခေါင်းဆောင်ဆိုတာ ရှိနေတာပါပဲ။ စီးပွားရေး

လောကမှာ ဆိုရင်လည်း ခေါင်းဆောင် ရှိနေတာပဲ။ ဆိုင်တစ်ဆိုင်ရဲ့ မန်နေဂျာဟာ ကျန်တဲ့သူတွေရဲ့ ခေါင်းဆောင်ပဲ။

အဲဒီခေါင်းဆောင်ဆိုတဲ့သူက တခြားသူတွေ ထက် ဘာမှ'မချွန်'ရင် ခေါင်းဆောင် အမည်ခံထားတာ လောက်သာ ဖြစ်နေမှာပေါ့။ ကုန်ကုန် ပြောလိုက်မယ်- လမ်းသရဲအုပ်စု ခေါင်းဆောင်တွေမှာတောင် ကျန်တဲ့ သူတွေထက် 'ချွန်'တာ ပါနေလေ့ရှိတယ်။ ဒါပေမဲ့ သူတို့ကို 'ခေါင်းဆောင်ကောင်း' လို့တော့ဖြင့် ဘယ်မှာ ခေါ်နိုင်ပါ့မလဲ။ ကောင်းသောလမ်းစဉ်ရဲ့ ခေါင်းဆောင် မှ မဟုတ်ပေပဲကိုး။

လူငယ်တွေဟာ ကြီးမြင့်ချင်ကြတယ်။ တိုးတက်ချင်ကြတယ်။ တစ်ပါးသူတွေထက် ထူးခြား ပေါက်မြောက်ချင်ကြတယ်။ ဒါပေမဲ့ ဥပါသကာ ဂဝေသီ တွေးနည်းမျိုးကို တွေးမိချင်မှ တွေးမိမယ်။ တစ်ပါးသူတွေထက် ဘယ်နေရာမှာ ပိုပြီး ချွန်နိုင်မယ် ဆိုတာကို စဉ်းစားရမှာပေါ့။ စဉ်းစားမိရုံမှာ ရပ်မထားပဲ လက်တွေ့ကျင့်သုံး အားထုတ်ခြင်းလည်း ပြုရမှာ ပဲပေါ့။

ဂဝေသီသုတ်မှာ ဥပါသကာဂဝေသီ စဉ်းစား ပုံကလေးဟာ ရိုးရိုးကလေးပါပဲ။ 'ငါဟာ ခေါင်းဆောင်

တစ်ယောက်ဖြစ်နေသော်လည်း နောက်လိုက်တွေထက် သာလွန်ကောင်းမြတ်သော အရည်အချင်း အလေ့အကျင့် ဘာမှမရှိပါကလား၊ ငါက သူတို့ထက် သာလွန် သင့်ပါကလား" လို့ တွေးလိုက်တာပါပဲ။ အဲဒီလို ခေါင်းဆောင်က လုပ်ပြလိုက်တော့ နောက်လိုက် ဥပါသကာတွေမှာကော ကျေးဇူးမဖြစ်ထွန်းပေဘူးလား။

မြန်မာပြည်မှာ ဥပါသကာဂဝေသီကို အားကျတဲ့ လူငယ်တွေ များလာရင် ဘယ်လောက်ကောင်းလိုက်မလဲလို့ တောင့်တမိပါတယ်။ ။

(မြတ်သတိဝါဒီ ၊ အမှတ်(၁၃)၊ ဩဂုတ်လ၊ ၂၀၀၁ခုနှစ်)

လူငယ်တွေဟာ
ကြီးမြင့်ချင်ကြတယ်။ တိုးတက်ချင်ကြတယ်။
တစ်ပါးသူတွေထက် ထူးခြား
ပေါက်မြောက်ချင်ကြတယ်။ ဒါပေမဲ့ ဥပါသကာ
ဂဝေသီ တွေးနည်းမျိုးကို တွေးမိချင်မှ တွေးမိမယ်။
တစ်ပါးသူတွေထက် ဘယ်နေရာမှာ ပိုပြီး
ချွန်နိုင်မယ် ဆိုတာကို စဉ်းစားရမှာပေါ့။

Future Publishing House

၂၇၁၁၂

# ကျွန်ုပ်တို့ အမှန်တကယ် ယဉ်ကျေးကြပြီလော

## နှင့်

### ဓမ္မစာစုများ

(ပထမအကြိမ်)



## ဝင်းသိန်းဦး




စာမူခွင့်ပြုချက် - ၆/၂၀၀၂ (၁)


အမြို့မြို့ အနယ်နယ်ရှိ စာအုပ်ဆိုင်တိုင်းတွင်
ဝယ်ယူ ရရှိနိုင်ပါပြီ။

# ရှေးဘဝ နောက်ဘဝ

# ဗုဒ္ဓ မဝေဖန်

## နှင့်

## ဓမ္မစာစုများ

(ဒုတိယအကြိမ်)

ဝ င်းသိ န်းဦ း

ထေရဝါဒ ဗုဒ္ဓသာသနာတော်၏
စစ်မှန်သော အဆုံးအမအား
ကိုတိပပ ဂယနဏာ သိမြင်နားလည်ပြီး
ပစ္စုပ္ပန်၌ပင် ဘဝ၏ အမြတ်ဆုံးချမ်းသာကို
မျက်မှောက်ပြုလိုသူတိုင်း
လက်စွဲပြုရမည့် စာအုပ်။

စာမူခွင့်ပြုချက် - ၁၆၂/ ၂၀၀၁(၂)

အသစ်ထပ်မံ ဖြည့်စွက်ချက်များနှင့်အတူ
ဒုတိယအကြိမ်အဖြစ် စီစဉ်ဖြန့်ချိလိုက်ပါပြီ။

မြတ်ဗုဒ္ဓ ညွှန်ပြခဲ့သည့် (၃၈)ဖြာသော
မင်္ဂလာ တရားတော်တို့အား
ခေတ်သစ် စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုပညာနှင့်
နှိုင်းချိန်ပေါင်းစပ်ကာ
လက်တွေ့လုပ်ငန်းခွင်တွင်
မင်္ဂလာရှိစွာအသုံးချနိုင်မည့် နည်းလမ်းကောင်းများ

# မင်္ဂလာရှိသော မန်နေဂျာ

## Auspicious Manager

### ဝင်းသိန်းဦး

**FUTURE**
Publishing House

အမှတ် ....
ရက်စွဲ ....

မကြာမီ စီစဉ်တင်ဆက်ပါတော့မည်။

Future Publishing House

"မင်းတို့ငါတို့တစ်တွေအတွက်လည်း
ပိဋကတ်တော်ဟာ
ဘယ်လောက် အရေးပါသလဲ
ဆိုတာကို သိလာကြအောင်
ငါကတော့ ပြောရတော့မှာပဲ။
ဘာကြောင့်လဲ ဆိုတော့
ပိဋကတ် ဆိုတာဟာ
လောကုတ္တရာ (နိဗ္ဗာန်ရောက်ရေး) သက်သက်
မဟုတ်ဘူး။ လောကီလူငယ်တွေ
ကြီးပွားရေး အတွက်လည်း
လမ်းညွှန်မှုတွေ ပါဝင်နေကြောင်း
သိကြစေချင်လို့ပါပဲ"